CHARM.Y


I am such an Expert; Why do I have to take Disciples
CHARM.Y
ပြိုင်ဘက်ကင်း အသန်မာဆုံး
သခင်ကြီးစနစ်
(လုရှောင်ယန်)

## ***အခန်း ၁ ကျားပါးစပ်ထဲကိုမှ ခုန်ဆင်းသူ***

“ပြီးခဲ့တဲ့လအနည်းငယ်တုန်းက ကောင်းကင်နတ်ဆိုးဂိုဏ်းထဲက အခြေအနေတွေ တော်တော်လေးပြောင်းလဲသွားတယ်။ သေချာပေါက် ရှားပါးရတနာတစ်ခု ပေါ်ထွက်လာတာပဲဖြစ်မယ်။ ဒီလိုအခွင့်ကောင်းမျိုးကို ကောင်းကင်နတ်ဆိုးဂိုဏ်းတစ်ဂိုဏ်းထဲ အပိုင်သိမ်းသွားဖို့ လွှတ်ထားပေးလို့မဖြစ်ဘူး။”

ထိုအနက်ရောင်လူရိပ်သည် သူ့နောက်တွင်ရှိနေသည့် ကျီရှွေ့တောင်သို့ တစ်ချက်ကြည့်လာခဲ့သည်။

“ငါမှတ်မိတာသာမှန်မယ်ဆို.. လက်ရှိကျီရှွေ့တောင်ရဲ့သခင်က လူငယ်အကြီးအကဲတစ်ယောက်ဖြစ်တဲ့ လုရှောင်ယန်ပဲ.. သူ့ရဲ့ကျင့်ကြံဆင့်က စိတ်ဝိညာဉ်တတိယအဆင့်လောက်ပဲရှိပုံရတယ်။ ဒီတော့ သူ့လက်အောက်က တပည့်သားတွေဆိုတာလဲ မွေးဖွားမှုအဆင့်နဲ့ ချိတ်ဆက်မှုအဆင့်လောက်ပဲရှိဦးမယ့် ယင်ကောင်လေးတွေပဲ.. ငါ့လို စိတ်ဝိညာဉ်ပဥ္စမအဆင့်တစ်ယောက်အနေနဲ့ ကျီရှွေ့တောင်ကို တစ်ယောက်တည်းရှင်းလိုက်ဖို့ဆိုတာ အလွယ်လေးပဲ..”

“ဒီလိုဆိုမှတော့ ကျီရှော့တောင်နဲ့ပဲ အရင်စလိုက်တာပေါ့..”

ပြောလို့ဆိုလို့ပြီးသည်နှင့် အနက်ရောင်ပုံရိပ်သည် လေထုကိုချနင်းလို့ အမှောင်ရိပ်ကိုအခွင့်ကောင်းယူကာ ကျီရှော့တောင်ပေါ်သို့ စတင်တက်လှမ်းလိုက်တော့သည်။

သူထိုသို့ အေးအေးဆေးဆေးတက်သွားနိုင်သည်မှာ လုရှောင်ယန်က သူ့အင်အားအစစ်အမှန်ကို ထုတ်ဖော်မိသွားမည်စိုးနေခြင်းကြောင့်သာဖြစ်သည်။ အစောပိုင်းတုန်းက ကောင်းကင်စည်းတံဆိပ်ရခုအစီအရင်ကိုပိတ်ခဲ့ပြီး သာမာန်အခင်းအကျင်းလေးများကိုသာ ချန်ထားခဲ့လေသည်။ ဒါကြောင့်ပဲ သူတောင်မှ တစ်ဖက်လူ၏ခြေလှမ်းများကို ခုခံကာကွယ်ဖို့ ခက်ခဲသွားခြင်းဖြစ်သည်။

မကြာခင်မှာပဲ အနက်ရောင်လူရိပ်လဲ ကျီရှော့တောင်ပေါ်သို့ ရောက်ရှိသွားခဲ့သည်။

တောင်ထိပ်သို့ရောက်,ရောက်သွားချင်းမှာပဲ ယွင်လီကောတစ်ယောက် သူ့အိမ်ထဲမှထွက်လာသည်ကို မြင်လိုက်ရလေသည်။ ထိုလူအတွက်တော့ အသုံးဝင်သည့်အရာတစ်ခုကို တွေ့လိုက်ရသလိုပင်။

“ဘယ်လောက်တောင် အဆင်သင့်လိုက်သလဲ… ဒီနားမှာလဲ ဒီတစ်အိမ်ပဲရှိတယ်… တခြားဘယ်သူမှမရှိဘူးဆိုမှတော့ ဒီကောင်စုတ်လေးကို အမြန်ဖမ်းပြီး ကောင်းကင်နတ်ဆိုးဂိုဏ်းမှာ ဘာတွေဖြစ်သွားတာလဲဆိုတာ မေးရမယ်။”

ပြောပြီးသည်နှင့် ချက်ချင်းပင် ရှေ့သို့ဆက်တိုးသွားကာ အနက်ရောင်အရိပ်တစ်ခုက ယွင်လီကောထံသို့ တည့်တည့်တိုးဝင်သွားတော့သည်။

ထိုလူ၏အရှိန်သည် အတော်လေးမြန်ဆန်တာကြောင့် လေထုကိုပင် ထိုးခွဲလိုက်နိုင်သည်။ လေထုနှင့်ပွတ်တိုက်မှုကြောင့် အသံထွက်မလာခင်မှာပင် ထိုလူသည် ယွင်လီကော၏ရှေ့သို့ ရောက်ရှိလို့သွားပေပြီ။

“ကောင်စုတ်လေး.. ငါနဲ့လိုက်ခဲ့စမ်း...”

ထိုလူ၏လက်က လင်းယုန်တစ်ကောင် သူ့သားကောင်ကို ဖမ်းယူသလိုမျိုး အလွန်လျင်မြန်သောလက်သည်းများဖြင့် ယွင်လီကော၏လည်မြိုကို ဖမ်းဆုတ်ကာ သူ့အခန်းထဲသို့ပြန်ရောင်အောင် ဆွဲခေါ်သွားဖို့ ကြိုးစားလိုက်သည်။

သို့သော်!

ယွင်လီကောကို အခန်းထဲပြန်ထည့်ပိတ်နိုင်တော့မည်ဟု တွေးနေချိန်လေးမှာပဲ အခြေအနေတွေက ရုတ်ချည်းပြောင်းလဲသွားလေသည်။

ချက်!

တိုးလျှသည့်အသံတစ်သံနှင့်အတူ ယွင်လီကောက လျှင်မြန်စွာပြန်လည်တိုက်ခိုက်လာသည်။ ယွင်လီကော၏လှုပ်ရှားမှုမှာ လွန်လျှင်မြန်လှတာကြောင့် အနက်ရောင်ပုံရိပ်သည်ပင် အချိန်မီပြန်လည်မတုံ့ပြန်နိုင်ခဲ့ပေ။ ယွင်လီကောက ချက်ချင်းပင် ထိုလူ၏လက်မောင်းကိုဖမ်းဆွဲလိုက်ကာ သူ့လည်မြို့နှင့် သုံးစင်တီမီတာလောက်အကွာတွင် ရပ်သွားစေလေသည်။

“ဘာ! ဘာဖြစ်သွားတာလဲ?!”

အနက်ရောင်ပုံရိပ်မှာ အလွန်အံ့ဩသွားတော့သည်!

သူက စိတ်ဝိညာဉ်ပဋ္ဌမအဆင့်လေ!

ဘယ်လိုလုပ် တစ်ဖက်လူက သူ့လက်မောင်းကိုဖမ်းဆွဲထားနိုင်ရတာလဲ? ပြီးတော့ ဆွဲထားတဲ့ခွန်အားကလဲ သူ့လက်မောင်းကို ကျောက်တုံးတစ်တုံးလို ကြေမွသွားတော့မလို ခံစားရစေသည်။ သူ့လက်သူပြန်ပြီးတောင် ဆွဲမထုတ်နိုင်ပေ။

“မင်းဘယ်သူလဲ?”

ယွင်လီကောဓါ်အေးစက်စက်အသံက ထွက်ပေါ်လာခဲ့သည်။ ထိုအသံထဲတွင် သတ်ဖြတ်ချင်စိတ်တို့အပြည့်ပါဝင်နေတာကြောင့် အနက်ရောင်ပုံရိပ်မှာ သူ့ကျောရိုးတစ်လျှောက်လုံး အေးစက်သွားသလိုခံစားလိုက်ရလေသည်။ မကြာလိုက်ပါဘဲ ကြောက်ရွံ့ထိတ်လန့်စိတ်များက ပုံမှန်အတိုင်းပြန်ဖြစ်လာခဲ့သည်။

တစ်ဖက်လူ၏ကျင့်ကြံဆင့်က သူ့လိုစိတ်ဝိညာဉ်ပဌမအဆင့်ကိုတောင် ဖိနှိပ်နိုင်နေပါလား။

“မင်းက လုရှောင်ယန်လား?”

ယွင်လီကော မျက်မှောင်ကြုတ်သွားတော့သည်။

“မင်းကများ ငါ့ဆရာသခင်ရဲ့နာမည်ကို မယဉ်မကျေးခေါ်ရဲတယ်။ မင်းက သေလမ်းရှာနေတာပဲ!”

ပြောပြီးသည်နှင့် ယွင်လီကောသည် ရှေးဟောင်းကေရာဇ်သိုင်းကျမ်းအတိုင်း ဝိညာဉ်စွမ်းအင်တို့ကိုလှည့်ပတ်လိုက်ကာ ရှေးဟောင်းကေရာဇ်လက်သီးကို ထိုးသွင်းလိုက်တော့သည်။

ပြင်းထန်သည့်ထိုးချက်က ညအမှောင်ယံကို ပြင်းထန်စွာလှုပ်ခတ်သွားစေပြီး လွင့်လူးသွားသည့်လေလှိုင်းသံကိုတောင် နားဖြင့်ကြားရသည်အထိပင်။။

အရိုးဖြူနတ်ဆိုးဂိုဏ်းအကြီးအကဲသည် နောက်သို့လန်သွားကာ သူ့ကိုယ်ပေါ်ရှိအမွေးအမျှင်တွေအားလုံးမှာ လေတွန်းအားကြောင့် တစ်ဖက်တည်းသို့ ယိမ်းယိုင်သွားကြလေသည်။

ထိုလက်သီးချက်သည် ဘယ်လောက်တောင် သေစေနိုင်စွမ်းများပါရှိနေကြောင်း သူခံစားမိလိုက်ရသည်။

ဆက်ပြီးတော့ တစ်ဖက်လူကို လျှော့တွက်ကာ သတိလက်လွတ်မပြုမူရဲတော့ပေ။ ဒါကြောင့် ချက်ချင်းဆိုသလို အရိုးဖြူနတ်ဆိုးဂိုဏ်း၏ မြေကမ္ဘာထိပ်တန်းကျင့်စဉ်ဖြစ်သည့် -အရိုးလောင်ကျွမ်းခြင်းပညာရပ်- ကို ထုတ်သုံးလိုက်တော့သည်။

ထိုကျင့်စဉ်သည် အရိုးဖြူနတ်ဆိုးဂိုဏ်းပိုင်ဆိုင်သည့် အားအကောင်းဆုံးအသက်ကယ်ကျင့်စဉ်ထဲက တစ်ခုဖြစ်သည်။

၎င်းကျင့်စဉ်သည် သုံးစွဲသူ၏အရိုးများကိုလောင်ကျွမ်းစေကာ ပြင်းထန်သည့် ဝိညာဉ်စွမ်းအင်များကို အချိန်ခဏတာမျှ ရရှိနိုင်ပေသည်။

သို့သော်လည်း ထိုသို့သုံးစွဲပြီးနောက်မှာတော့ သူ့ကျင့်ကြံဆင့်နှင့် သွေးအဆီအနှစ်တို့က ယုတ်လျော့သွားမည်ဖြစ်ကာ

အနာဂါတ်ကျင့်ကြံခြင်းလမ်းစဉ်အပေါ်လဲ ကြီးမားသည့်
သက်ရောက်မှုရှိလေသည်။

သို့ပေမည့် လက်ရှိအချိန်တွင် သူ့မှာ တခြားရွေးချယ်စရာလဲ
မရှိတော့ပေ။

ထိုကျင့်စဉ်ကိုအသုံးပြုလိုက်ခြင်းကြောင့်
အရိုးဖြူနတ်ဆိုးဂိုဏ်းအကြီးအကဲ၏အော်ရာတို့မှာ
ပေါက်ကွဲမတတ်တိုးထွက်လာတော့သည်။ ချက်ချင်းဆိုသလိုပဲ
သူ့ကျင့်ကြံဆင့်သည်လဲ နောက်ထပ်နှစ်ဆင့်တက်သွားအောင်
အပြင်းအထန်ဖိအားပေးခံလိုက်ရကာ စိတ်ဝိညာဉ်သတ္တမအဆင့်သို့
ရောက်ရှိသွားခဲ့သည်။

ထို့နောက် တစ်ချက်မျှတုံ့ဆိုင်းမနေတော့ဘဲ လက်သီးချက်ပစ်ထုတ်ကာ
ယွင်လီကော၏လက်သီးနှင့် ထိပ်တိုက်ဆုံသွားစေသည်။

ဘုန်း!

လက်သီးချက်နှစ်ချက်ဆုံသွားချိန်မှာတော့ ဝိညာဉ်စွမ်းအင်များမငြိမ်မသက်ဖြစ်သွားကာ နှစ်ယောက်လုံးကို တစ်ဖက်ဆီသို့ ပြန်ကန်ထွက်သွားစေခဲ့သည်။

ယွင်လီကောမှာ နောက်သို့ ခြေဖဝါးလှမ်းမျှဆုတ်သွားရပြီး တစ်ဖက်လူကတော့ ၁၂လှမ်းမျှဆုတ်သွားခဲ့ရသည်။ ပိုပြီးထိတ်လန့်စရာကောင်းတာတော့ အစောက ယွင်လီကောဖမ်းဆွဲထားသည့် တစ်ဖက်လူ၏လက်မောင်းမှာ သူ့လက်ထဲပါသွားခဲ့ခြင်းဖြစ်သည်။

အနက်ရောင်လူသည် လျှို့ဝှက်နည်းစနစ်ကိုသုံးကာ အဆင့်ကြီးနှစ်ဆင့်တက်ခဲ့သော်လည်း ယွင်လီကောသည်က ရှေးဟောင်းကေရာဇ်ကျမ်းကိုကျင့်ကြံထားခြင်း ဖြစ်နေတုန်းပင်!

သိုင်းဘုရင်အဆင့်ကျင့်စဉ်၏စွမ်းအားသည် အဆင့်လေးတစ်ဆင့်နှစ်ဆင့်တက်သွားရုံဖြင့် အနိုင်ယူနိုင်သည့်အရာမဟုတ်ပေ။

"ပြေး!"

အရိုးဖြူနတ်ဆိုးဂိုဏ်းအကြီးအကဲမှာ အချိန်မဆွဲရဲဘဲ ထွက်ပြေးဖို့ပြင်တော့သည်။

ယွင်လီကောသည် သူ့လက်ထဲပြတ်ကျန်ရစ်ခဲ့သည် လက်ကို လွှင့်ပစ်လိုက်ပြီး နှာတစ်ချက်မှုတ်လိုက်ကာ၊ "ငါ့ရဲ့ကျီရှော့တောင်ကို ပြဿနာလာရှာပြီးမှ မင်းကပြေးချင်နေသေးတယ်ပေါ့? ကျီရှော့တောင်ရဲ့တပည့်ခေါင်းဆောင်ဖြစ်တဲ့ ငါ့လက်ထဲက လွတ်နိုင်မယ်များထင်နေလား?"

ယွင်လီကော စကားဆုံးသွားသည်နှင့် ခြေတစ်ချက်စောင့်လိုက်ကာ တန်ပြန်အားဖြင့် တစ်ဖက်လူရှိရာသို့ ချက်ချင်းပြေးဝင်သွားလိုက်သည်။

အရိုးဖြူနုတ်ဆိုးဂိုဏ်းအကြီးအကဲမှာတော့ လွှန်စွာစိုးရိမ်ထိတ်လန့်လို့နေလေသည်။

ယွင်လီကောသာ သူ့ကိုဖမ်းမိသွားပြီး တခြားလူတွေပါသိသွားကြမည်ဆိုလျှင် သေချာပေါက် သူသေရပေတော့မည်။

သို့သော်!

ထိုအချိန်မှာပဲ ကျီဝူရှားသည်လဲ ဆူဆူညံညံအသံများကြားရတာကြောင့် အခန်းထဲကနေ အမြန်ပြေးထွက်လာခဲ့သည်။

“ဘာတွေဖြစ်နေတာလဲ?”

ယွင်လီကောလဲ ပြန်လှည့်ကြည့်မနေဘဲ လှမ်းအော်ပြောလိုက်သည်။ “ဂျူနီယာညီမလေး ၊ ဒီလူကသူခိုးပဲ။ ငါတို့ကျီရှွေ့တောင်ထဲ ညအချိန်ကြီးခိုးဝင်လာတယ်။ သူ့ကိုအမြန်ဖမ်းထား!”

“ဘာ?”

ကျီဝူရှား၏မျက်ဝန်းများတွင် အေးစက်သည့်အလင်းရောင်များဖြစ်တည်လာကာ ချက်ချင်းဆိုသလို စစ်မှန်သောဇာမဏီကိုးပါးအသွင်ပြောင်းခြင်းကျင့်စဉ်ကို အသက်သွင်းကာ တိုက်ခိုက်ဖို့ ပြင်လိုက်တော့သည်။

အရိုးဖြူနတ်ဆိုးဂိုဏ်း၏အကြီးအကဲကတော့ အလွန်ဝမ်းသာသွားလေသည်။

စီနီယာအစ်ကိုဖြစ်တဲ့ ယွင်လီကော၏ကျင့်ကြံဆင့်က သန်မာတာအမှန်ပင်။ ဒီတော့ ကျီဝူရှားရဲ့ကျင့်ကြံဆင့်ကတော့ သေချာပေါက် ယွင်လီကောထက် နိမ့်မှာပဲ။

သူဒီအခွင့်အရေးကို အမိယူပြီး ကျီဝူရှားကို အနိုင်ယူရမည်။ သူမကိုဓားစာခံအဖြစ်ခေါ်သွားလိုက်လျှင် လက်ရှိအခြေအနေကို ပြောင်းပြန်လှန်ပစ်လိုက်လို့ရပြီမဟုတ်လား။

ထိုသို့တွေးမိသွားသည်နှင့် မရှောင်တော့သည့်အပြင် သူ့အရှိန်ကိုပိုမြှင့်လိုက်ကာ ကျီဝူရှားထံသို့ ဦးတည်သွားလိုက်တော့သည်။

အရိုးလောင်ကျွမ်းခြင်းပညာရပ်၏အစွမ်းသက်ရောက်မှုက မပျောက်ကွယ်သေးပေ။ ဒါကြောင့် သူ့လက်ရှိအဆင့်မှာ စိတ်ဝိညာဉ်သတ္တမအဆင့်ဖြစ်နေတုန်းပင်။ ဒါကြောင့်လဲ ဂျူနီယာညီမဖြစ်သည့် ကျီဝူရှားပေါ်လာချိန်တွင် သူ့ယုံကြည်ချက်တွေ ပြန်မြင့်တက်လာခြင်းဖြစ်သည်။

တစ်ချက်လေးတောင် ညှာတာမနေဘဲ သေစေနိုင်လောက်သည့် လှုပ်ရှားတိုက်ခိုက်မှုကို ထုတ်သုံးလိုက်တော့သည်!

“ကောင်မလေး.. မင်းဘာသာရောက်လာပေးတဲ့အတွက် တကယ်ကျေးဇူးတင်တယ်။ ငါမယဉ်ကျေးနေတော့ဘူး… ငါ့ကို…”

သို့ပေမယ့်!

သူ့စကားတောင်မဆုံးလိုက်ခင်မှာပဲ ကျီဝူရှား၏ ပိုတောင်မြန်ဆန်လှသည့် တိုက်ချက်က ကျရောက်လို့လာလေသည်။ ကျီဝူရှား၏အနောက်တွင် ဟိန်းဟောက်နေသည့်ဇာမဏီငှက်၏ပုံရိပ်ကိုပင် မြင်လိုက်ရသလိုလို…

သေခြင်းတရားနှင့်နီးကပ်လာတာကြောင့် ကြောက်လန့်တကြား ထွက်ပြေးချင်သွားပေမယ့် နောက်ကျသွားပေပြီ။

သူ့ကိုယ်ပိုင်တိုးဝင်တိုက်ခိုက်မှုကို မရပ်လိုက်နိုင်တာကို မပြောနဲ့ဦး.. ရပ်လိုက်နိုင်မယ်ဆိုရင်တောင် ကျီဝူရှား၏တိုက်ခိုက်မှုကနေ သေချာပေါက် လွတ်မြောက်နိုင်ဦးမည်မဟုတ်ပေ။

ဘုန်း!

ကျီဝူရှား၏အတွင်းအားများစုထားသည့် လက်ဝါးချက်က သူ့လက်သီးနှင့်ထိပ်တိုက်တွေ့သွားသည်။

ပြင်းထန်သည့်အားကြောင့် သူ့လက်ပေါ်တွင် ကာရံထားသည့် ဝိညာဉ်စွမ်းအားအကာအကွယ်မှာ လွင့်ပျယ်သွားကာ သူ့လက်မောင်းထဲရှိအရိုးများကို တစ်လက်မပြီးတစ်လက်မစီ ကျိုးကြေသွားစေခဲ့သည်။

ဒီမှာသိထားရမည့်အချက်က အရိုးဖြူနတ်ဆိုးဂိုဏ်းသားများသည် သူတို့အရိုးများကိုအဓိကထားကျင့်ကြံသူများဖြစ်ကာ သူတို့၏အရိုးများသည် သာမာန်ကျင့်ကြံသူများထက် အဆများစွာ သန်မာကြသည်ကိုပင်။

သို့သော်လည်း ဤအခိုက်အတန့်မှာတော့ ကျီဝူရှားနှင့်ရင်ဆိုင်လိုက်ရချိန်တွင် သူ့အရိုးတွေသည်လဲ မခုခံနိုင်တော့ကာ ဖုန်မှုန့်များအဖြစ်သို့ပင် ပြောင်းလဲသွားတော့မလို။

ကျီဝူရှား၏လက်ဝါးချက်က အရှိန်မသေသွားဘဲ သူ့လက်မောင်းကို တစ်လက်မပြီးတစ်လက်မ ကျိုးကြေသွားအောင် ဆက်လက်တွန်းအားပေးနေတုန်းပင်။ နောက်ဆုံးမှာတော့ သူ့လက်မောင်းတစ်ဖက်လုံး မြေပေါ်ပြုတ်ကျသွားကာ လက်မောင်းရင်းမှနေပြီး သွေးများဒလဟော ကျဆင်းလာစေသည်။

ထိုသို့ဖြစ်နေလျှင်တောင် သူ့မှာအံ့ဩနေဖို့ရော စဉ်းစားနေဖို့ရော အချိန်မရှိပေ။ တစ်ခါတည်းပဲ အရိုးဖြူနတ်ဆိုးဂိုဏ်း၏နောက်ထပ်လျှို့ဝှက်နည်းစနစ်တစ်ခုဖြစ်သည့် –အရိုးပေါက်ကွဲခြင်းပညာ– ကို ထုတ်သုံးလိုက်လေသည်။

အရိုးပေါက်ကွဲခြင်းပညာသည် မြေကမ္ဘာထိပ်တန်းအဆင့်ကျင့်စဉ်တစ်ခုဖြစ်ကာ သုံးဆွဲသူ၏ခန္ဓာကိုယ်မှာ အရိုးတစ်ချောင်းကို ချိုးပစ်ပြီး သုံးဆွဲသူကို အဝေးတစ်နေရာသို့ ချက်ချင်းကူးပြောင်းပို့ဆောင်ပေးလေသည်။

အရိုးလောင်ကျွမ်းခြင်းပညာရပ်ထက် ပိုလို့ရက်စက်သည့်ပညာပင်။

အရိုးလောင်ကျွမ်းခြင်းပညာသည် သုံးစွဲသူ၏အရိုးကို လောင်ကျွမ်းစေရုံမျှသာဖြစ်သည်။ အဖိုးတန်ရတနာများ ထိပ်တန်းအဆင့်ဆေးလုံးများရှိနေသ၍ ပြန်လည်ကောင်းမွန်အောင် ကုသနိုင်ဖို့ အခွင့်အရေးရှိနေစဲပင်။ သို့ပေမည့် အရိုးပေါက်ကွဲခြင်းပညာသည်တော့ သုံးစွဲသူ၏အရိုးများကို တစ်စစီကျိုးပဲ့သွားစေခြင်းဖြစ်သည်။ အရိုးဖြူနတ်ဆိုးဂိုဏ်းမှကျင့်ကြံသူများအတွက်တော့ ထိုသို့ဖြစ်သွားခြင်းသည် သူတို့ဆက်ပြီးကျင့်ကြံနိုင်မည့်အခွင့်အလမ်းကို ဖြတ်တောက်လိုက်ခြင်းသာဖြစ်လေသည်။

***

## *အခန်း ၂ မင်းတို့ကျင့်ကြံခြင်းရလဒ်ကိုစမ်းသပ်ရမယ့်အချိန်ပဲ*

ဘုန်း!

အရိုးဖြူနတ်ဆိုးဂိုဏ်းအကြီးအကဲ၏ရင်ဘက်မှနေပြီး သွေးလွှမ်းသည့်မြူများ ရုတ်ချည်းပေါက်ကွဲထွက်လာလေသည်။ သူကိုယ်တိုင်၏နံရိုးကို ဖောက်ခွဲပစ်လိုက်ခြင်းပင်။

အရိုးပေါက်ကွဲခြင်းပညာကို အသုံးပြုလိုက်သည်နှင့် လေထုကရုတ်ချည်းကျုံ့ဝင်သွားကာ သူသည်လဲ နေရာမှ ချက်ချင်းပျောက်ကွယ်သွားလေသည်။

ယွင်လီကော နောက်ကအမြန်လိုက်သွားကာ ကျီဝူရှားကိုပါ လှမ်းကြည့်လိုက်သည်။ သူ့အမူအရာကတော့ လွန်စွာခက်ထန်လို့နေလေသည်။

“သူလွတ်သွားတော့မယ်!”

“မြန်မြန်၊ ကျီရှော့တောင်တစ်ခုလုံးကိုရှာမှ။ သူလွတ်သွားလို့မဖြစ်ဘူး။ ဆရာသာသိသွားရင် သေချာပေါက်ဒေါသထွက်လိမ့်မယ်။”

…….

တစ်ချိန်တည်းမှာပဲ ကျီရှော့တောင်အနောက်ဘက်ရှိ ရေတံခွန်ရှေ့တွင် လေထုကကျုံ့ဝင်သွားလေသည်။ အရိုးဖြူနတ်ဆိုးဂိုဏ်းမှအကြီးအကဲက ထိုနေရာသို့ ရွှေ့ပြောင်းလာခဲ့ခြင်းပင်။

“အဟွတ်.. ဟွတ်!”

နံရိုးပေါက်ကွဲခဲ့သည့်အရှိန်ကြောင့် ပြင်းထန်စွာချောင်းဆိုးလိုက်ရင်း သွေးပါအန်လိုက်မိသည်။

“ကျီရှော့တောင်လို တောင်ငယ်လေးရဲ့တပည့်တွေက ဒီလောက်ထိအင်အားကြီးကြလိမ့်မယ်လို့ လုံးဝမထင်ထားမိဘူး.. တကယ်ကိုပဲ ကောင်းကင်နတ်ဆိုးဂိုဏ်းက ရတနာတစ်ခုခုရသွားတာပဲဖြစ်မယ်.. ငါအမြန်ဆုံး အရိုးဖြူနတ်ဆိုးဂိုဏ်းကိုပြန်ပြီး ကောင်းကင်နတ်ဆိုးဂိုဏ်းကို ရှင်းထုတ်ဖို့ တခြားဂိုဏ်းတွေနဲ့ပါပူးပေါင်းအောင် ဂိုဏ်းချုပ်ကိုပြောရမယ်။”

“ဒီလိုအခွင့်ကောင်းကြီးမျိုးကို ကောင်းကင်နတ်ဆိုးဂိုဏ်းတစ်ခုတည်း လက်ဝါးကြီးအုပ်သွားမှာကို ဒီအတိုင်းလွှတ်ပေးမထားနိုင်ဘူး… မဟုတ်လို့ ကောင်းကင်နတ်ဆိုးဂိုဏ်းကို ဆက်ပြီးအင်အားကြီးခွင့်ပြုထားလိုက်ရင် အနေးနဲ့အမြန် ငါတို့တွေလဲ ကောင်းကင်နတ်ဆိုးဂိုဏ်းရဲ့ပစ်မှတ်ဖြစ်လာနိုင်တယ်။”

သူ့စကားဆုံးသွားသည်နှင့် အနောက်ဖက်မှ အေးစက်ခက်ထန်သည့်အသံတစ်သံ ထွက်ပေါ်လို့လာလေသည်။

“မင်းကများ ငါတို့ကောင်းကင်နတ်ဆိုးဂိုဏ်းကို ရှင်းပစ်ချင်နေတယ်ပေါ့?”

အရိုးဖြူနုတ်ဆိုးဂိုဏ်းအကြီးအကဲ၏ခန္ဓာကိုယ်မှာ တုန်လှုပ်သွားတော့သည်။ သူနောက်သို့ ပြန်လှည့်ကြည့်လိုက်သည်နှင့် ရှိသမျှအမွေးတွေအကုန်ထောင်ထကုန်လေသည်။

လူငယ်ပုံရိပ်တစ်ခုက ရေတံခွန်ထဲမှနေပြီး ဖြည်းဖြည်းချင်း ထွက်လာခြင်းပင်။

ခြေလှမ်းတိုင်းက သေသပ်လို့နေကာ ရေမျက်နှာပြင်ကို အနည်းငယ်မျှပင် လှုပ်ခတ်မသွားစေခဲ့ပေ။

“ရေ–ရေပေါ်လမ်းလျှောက်နိုင်တာလား! ဒီ–ဒီလိုသာဆို သူ့ကျင့်ကြံဆင့်က တောင်ပင်လယ်အဆင့်ပေါ့? ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ?”

“အဲ့ဒါတွေက အရေးမကြီးဘူး.. အဓိက,က ခင်ဗျားပြောလိုက်တဲ့စကားပဲ..”

ဖုန်းထျန်းယွမ်ပြောနေရင်းမှာပဲ သူ့ကိုယ်ထဲမှ မိုန်ဖျော့ဖျော့ရွှေရောင်အလင်းတန်းများက ပိုမိုသိပ်သည်းလို့လာကာ ၂မီတာခန့်မြင့်မားသည့် ကြီးမားသောရွှေရောင်ကိုယ်ထည်ကြီးတစ်ခုအဖြစ် ဖွဲ့စည်းသွားလေသည်။

“သေစမ်း!”

ရွှေကိုယ်ထည်ကြီးမှနေပြီး ကြီးမားပြင်းထန်သည့်ဖိအားကို ခံစားလိုက်ရသည်နှင့် အရိုးဖြူနတ်ဆိုးဂိုဏ်းအကြီးအကဲလဲ သတိလက်လွတ်မဖြစ်ရဲတော့ပေ။ ဒါကြောင့် ချက်ချင်းဆိုသလို သူ့နံရိုးနောက်နှစ်ချောင်းကိုပါ ဖောက်ခွဲပစ်လိုက်ပြီး လက်ရှိနေရာမှ ချက်ချင်းပျောက်ကွယ်သွားစေခဲ့သည်။

ဖုန်းထျန်းယွမ်မှာတော့ ဘာမှပင်မလုပ်လိုက်ရသေးခင် တစ်ဖက်လူကပျောက်သွားခြင်းကြောင့် မျက်မှောင်ကြုတ်ရုံသာရှိတော့သည်။

“ဒီလူရဲ့ရာသီခွင်အမှတ်အသားက ယုန်မျှားလား? အန္တရာယ်များတဲ့လျှို့ဝှက်နည်းစနစ်မျိုးကို သုံးဖို့ကို တစ်ချက်လေးတောင် မတွေ့ဝေသွားဘူး။ ငါ့ကျင့်ကြံဆင့်က အာကာပြင်ဖြတ်ကျော်ဖို့အထိ မလုံလောက်သေးတာ ဆိုးတာပဲ။”

“ဒါပေမယ့်.. အဲ့ဒါတွေက အဓိကမဟုတ်သေးဘူး.. ဆရာ့ကို ဒီအကြောင်း ချက်ချင်းသတင်းပို့မှဖြစ်မယ်။”

……

တောင်ထိပ်တွင်…

လုရှောင်ယန်တစ်ယောက် ရရှိထားသည့်လက်ဆောင်အိတ်အနည်းငယ်ကို ဖွင့်ဖောက်နေခဲ့သည်။

ကောင်းကင်ဘုံအဆင့်မြင့် ရွှေတူ x 1

ကောင်းကင်ဘုံအဆင့်မြင့် တောင်ကျွမ်းထိုးသင်္ကေတ x 1

ကောင်းကင်ဘုံအဆင့်မြင့် စိတ်ဝိညာဉ်သိပ်သည်းဆေးလုံး x 400

.....

"မဆိုးဘူးပဲ.. လက်ဆောင်တွေ ကောင်းသထက်ကောင်းလာတယ်.. ကြည့်ရတာ တပည့်တွေရဲ့ကျင့်ကြံဆင့်မြင့်လာလေ လက်ဆောင်တွေကလည်း ပိုပိုပြီးကောင်းလာလေထင်တယ်။"

သို့ပေမည့် ထိုအခိုက်အတန့်မှာပဲ ရုတ်တရက် လုရှောင်ယန် မျက်မှောင်ကြုတ်လို့သွားကာ တစ်စုံတစ်ရာကို အာရုံခံမိသွားခဲ့သည်။

နောက်တစ်စက္ကန့်မှာပင် သူ့အမူအရာက လေးနက်လို့သွားလေသည်။ ခပ်ဖွဖွ ခြေတစ်ချက်ဆောင့်လိုက်သည်နှင့် ကျင့်ကြံထားသည့် ကြီးမြတ်သော

အာကာပြင်ဖြို့ခွဲခြင်းကျင့်စဉ်က အသက်ဝင်သွားကာ နေရာမှချက်ချင်းပျောက်ကွယ်သွားလေသည်။

တစ်ချိန်တည်းမှာပဲ ကျီရှွေ့တောင်ခြေရှိ နေရာလွတ်တစ်ခုတွင်လဲ လေထုက ကျုံ့ဝင်လို့သွားကာ အရိုးဖြူနတ်ဆိုးဂိုဏ်းအကြီးအကဲသည်လဲ အသက်ကယ်ကူးပြောင်းခြင်းနည်းစနစ်ဖြင့် တောင်ခြေသို့ ရောက်ရှိသွားခဲ့သည်။

လက်ရှိတွင် သူ့အခြေအနေမှာ လွန်စွာစုတ်ပြတ်သတ်နေပေပြီ။ လက်မောင်းတစ်ဖက်က ပြတ်သွားတဲ့အပြင် နံရိုးသုံးချောင်းသည်လဲ ပေါက်ကွဲသွားခဲ့ပြီး ဘယ်ဘက်လက်ဆိုလျှင် လက်မောင်းအရင်းထိတိုင် အရိုးများကျိုးကြေထားခဲ့သည်။

သူ့ဂိုဏ်းကိုပြန်ရောက်လို့ အဖိုးတန်ရတနာပစ္စည်းများဖြင့် အားပြန်ဖြင့်နိုင်လျှင်တောင်မှ သူ့ကျင့်ကြံခြင်းကို ဆက်လက်တိုးတက်အောင် လုပ်ဆောင်ဖို့ ခဲယဉ်းသွားပြီဖြစ်သည်။

"ဘယ်လောက်တောင် အန္တရာယ်များလိုက်လဲ! ကျီရှွေ့တောင်ထိပ်လို အသေးအမွှားလေးမှာ ကျွမ်းကျင်သူတွေအများကြီးပုန်းကွယ်နေလိမ့်မယ်လို့ မထင်ထားမိဘူး.. ကံကောင်းလို့ ငါအပြေးမြန်လို့သာပေါ့.. မဟုတ်ရင် ဒီနေ့ ရှင်ရက်ပြန်နိုင်မှာမဟုတ်လောက်ဘူး။"

သို့သော်လည်း မျက်စိတစ်မှိတ်အတွင်းမှာပဲ ယုတ်မာသည့်အပြုံးကြီးတစ်ခုပေါ်လာခဲ့သည်။

"ဒါပေမယ့်.. ကောင်းကင်နတ်ဆိုးဂိုဏ်းမှာ ကောင်းတာတွေအများကြီးရှိနေလေ ငါတို့အရိုးဖြူနတ်ဆိုးဂိုဏ်းအတွက် အကျိုးခံစားခွင့်တွေ ပိုများလေပဲမဟုတ်လား.. ကောင်းကင်နတ်ဆိုးဂိုဏ်းကို ရှင်းပစ်ဖို့ တခြားဂိုဏ်းတွေကိုပါ ငါတို့နဲ့ပူးပေါင်းလာအောင် လှုံ့ဆော်ပေးရမယ်။"

"ငါပြန်ရောက်တာနဲ့ ကောင်းကင်နတ်ဆိုးဂိုဏ်းတော့ သေနေ့စေ့ပြီပဲ။"

သို့သော်လည်း ထိုအချိန်မှာပင် ရုတ်တရက်ဆိုသလို ပြင်းထန်သည့်အော်ရာတစ်ခုက သူ့ကိုရစ်ပတ်သွားခဲ့သည်။

ချက်ချင်းဆိုသလို့ သူ့တစ်ကိုယ်လုံးရှိသမျှအမွေးတွေအကုန် ထောင်ထကုန်ပြီး မျက်လုံးသည်လဲ အစွမ်းကုန်ပြူးကျယ်သွားလေသည်။

ဒီအော်ရာ---အရမ်းအားကောင်းတာပဲ!

အားကောင်းလွန်းလို့ တစ်ဖက်လူဘယ်သူလဲတောင် သူမဖော်ထုတ်နိုင်ပေ။

သူ့ပတ်ဝန်းကျင်တစ်ခုလုံးကို တစ်ဖက်လူ၏အော်ရာများဖြင့် အပြည့်အဝလွှမ်းခြုံလို့ထားတာကြောင့် တစ်ဖက်လူ၏ခွန်အားဘယ်လောက်ထိကြီးမားမှန်း အတိအကျပင် မပြောနိုင်ပေ။

သို့သော်လည်း တစ်ဖက်လူ၏အထောက်အထားကိုတော့ သူခန့်မှန်းမိပေသည်!

ကျီရှွေ့တောင်သခင် – လုရှောင်ယန်!

လုရှောင်ယန်တစ်ယောက်ပဲ ဒီလောက်အားကောင်းတဲ့အရှိန်အဝါမျိုးကို ထုတ်နိုင်မှာ။

ရုတ်တရက် သူ့ကိုယ်သူအတော်လေးရယ်စရာကောင်းသည်ဟု ခံစားလိုက်ရသည်။ ကျီရှွေ့တောင်လို့ ငရဲမျိုးထဲ သူဝင်လာရဲတဲ့အထိ တော်တော်လေးကို သတ္တိကောင်းလွန်းခဲ့တာပဲ။ အဆုံးမှာတော့ သူ့အတွက်အဆုံးမဲ့သည့်ပျက်စီးခြင်းသာဆိုက်ရလေသည်။

အရိုးဖြူနတ်ဆိုးဂိုဏ်း၏အကြီးအကဲမှာ အရိုးပေါက်ကွဲခြင်းပညာကို နောက်ထပ်အသုံးပြုပြီး ထွက်ပြေးချင်လာသည်အထိ ကြောက်စိတ်တို့ဖြင့် မွန်ထူလာရသည်။

လုရှောင်ယန်လို ဆရာကြီးမျိုးနဲ့ရင်ဆိုင်ရမည်ဆိုလျှင်တောင် ဒီလိုမျိုးတော့ အရှုံးမပေးလိုက်ချင်သော်လည်း ထွက်ပြေးချင်စိတ်က ထိန်းချုပ်မရပေ။

ကံမကောင်းစွာဘဲ သူထွက်ပြေးချင်လျှင်တောင်မှ အရမ်းနောက်ကျသွားပေပြီ။ လုရှောင်ယန်သည် ဖုန်းထျန်းယွမ်မဟုတ်ပေ။ ထိုသူသည်က လေပစ်ရင်းအချိန်ဖြုန်းနေမည့်သူမဟုတ်ပေ။ တိုက်ခိုက်ချိန်ရောက်ပြီဆိုသည်နှင့် တစ်ခါတည်းသေလောက်သည့်တိုက်ကွက်ကို တန်းသုံးမည်ဖြစ်ပြီး တစ်ဖက်လူကို အရိုးပေါက်ကွဲခြင်းပညာသုံးနိုင်လောက်သည်အထိ အခွင့်အရေးပေးထားမည့်သူမဟုတ်ပေ။

“အားလုံး ပြီးသွားပြီ!”

ထိုအတွေးတစ်စ သူ့စိတ်ထဲဝင်လာသည်နှင့် နောက်တစ်စက္ကန့်အတွင်းမှာတင် သူ့ခန္ဓာကိုယ်ထဲသို့ ဓားအလင်းချက်များ ထိုးဖောက်ဝင်ရောက်လာကာ သေဆုံးသွားစေလေသည်။

သို့သော်လည်း လုံးဝဖျက်ဆီးခံရခါနီးလေးမှာပဲ အင်အားအလုံးစုံကိုသုံးကာ ကျန်ရှိသည့်အရိုးများကို ဖောက်ခွဲပစ်လိုက်ပြီး ကူးပြောင်းခြင်းအစီအရင်ကိုအသက်သွင်းကာ သူ့ဝိညာဉ်ကို အစီအရင်ထဲသို့ အလျင်အမြန်ကူးပြောင်းလိုက်သည်။

ထိုသို့လုပ်လိုက်ခြင်းဖြင့် အစီအရင်ကိုပါ တစ်ခါတည်း ဖျက်ဆီးပြီးသားဖြစ်သွားပေလိမ့်မည်။

"မင်းကများ လွတ်နိုင်မယ်ထင်နေတာလား?"

လုရှောင်ယန်၏မျက်လုံးထဲ အလင်းတန်းက လွတ်စွာအေးစက်လို့သွားသည်။ ချက်ချင်းဆိုသလို ရှေးဟောင်းကေရာဇ်သိုင်းကျမ်းကိုအသက်သွင်းကာ သေခြင်းအမှတ်အသားကို ရိုက်နှိပ်လိုက်သည်။ ကူးပြောင်းခြင်းအစီအရင် ပျက်စီးဖို့စက္ကန့်ပိုင်းအလိုမှာပဲ ထိုသေခြင်းအမှတ်အသားက လမ်းကြောင်းထဲသို့ ရောက်ရှိသွားလေသည်။

ထို့နောက်မှာတော့ ကူးပြောင်းခြင်းလမ်းကြောင်းသည် တစ်စစီပြိုကွဲသွားတော့သည်။

ထိုအချိန်မှာပဲ ကျီရွှေ့တောင်ပေါ်ကနေပြီး လူရိပ်သုံးခုပျံသန်းရောက်ရှိလာကာ လုရှောင်ယန်၏နောက်တွင် ဆင်းလိုက်ကြသည်။ သူတို့က ပျက်စီးသွားပြီဖြစ်သည့် အခင်းအကျင်းနှင့် လမ်းကြောင်းကို ကြည့်လိုက်ကြသည်။

“ဆရာ! ကျွန်တော်တို့အသုံးမကျလို့ လွတ်သွားရတာပါ!”

ဖုန်းထျန်းယွမ်က ရှေ့နှစ်လှမ်းတိုးလာပြီး ပြောလိုက်သည်။

“ဆရာ.. အဲ့ဒီလူက အရိုးဖြူနတ်ဆိုးဂိုဏ်းကဆိုတာနဲ့ သူ့ဂိုဏ်းကိုပြန်ပြီး သတင်းပို့မယ်လို့ပြောနေတာ ကြားလိုက်ရပါတယ်… သူက ကောင်းကင်နတ်ဆိုးဂိုဏ်းကို ရှင်းပစ်ဖို့ တခြားဂိုဏ်းတွေကိုပါ အရိုးဖြူနတ်ဆိုးဂိုဏ်းနဲ့ ပူးပေါင်းလာအောင် လုပ်ချင်နေတာပါ။”

လုရှောင်ယန်၏အမူအရာက ချက်ချင်းအေးခဲသွားတော့သည်။

"ငါ ရှေးဟောင်းကေရာဇ်သိုင်းကျမ်းကိုသုံးပြီး သေခြင်းအမှတ်အသားလုပ်ထားတယ်.. လမ်းကြောင်းထဲရောက်သွားတာနဲ့ သူ့ကိုသေချာပေါက်သတ်ပစ်နိုင်မှာပဲ.. ဒါပေမယ့် ကြည့်ရတာတော့ ဒီအစီအရင်က ဒီနေရာမှာရှိနေတာ တော်တော်လေးကြာနေခဲ့ပုံရတယ်.. ဘယ်လောက်တွေတောင် ကြာနေပြီလဲ.. အရင်ကရော ကောင်းကင်နတ်ဆိုးဂိုဏ်းထဲ ဘယ်သူတွေဝင်ခဲ့ပြီးပြီလဲဆိုတာတော့ ငါလဲမသိဘူး။"

ယွင်လီကောကတော့ စိုးရိမ်သွားခဲ့သည်။

"ဆရာ.. ကျွန်တော်တို့တွေ ဘာဆက်လုပ်ကြမလဲ? သူတို့တွေ ကောင်းကင်နတ်ဆိုးဂိုဏ်းကို ဘာအတွက်လာကြတာလဲမသိဘူး.. ကျွန်တော်တို့တွေ ဘာမှမပြင်ဆင်ထားတော့ ကျင့်ကြံဆင့်အမှန်တွေလဲ ပေါ်သွားပြီ။"

လုရှောင်ယန် လက်သီးကိုတင်းတင်းဆုပ်လိုက်ကာ သူ့မျက်လုံးထဲရှိ သတ်ဖြတ်ချင်စိတ်တို့ကတော့ ပိုလို့ပြင်းထန်လာလေသည်။

သူသတိမဲ့လို့ ဒီလိုသူခိုးကောင်ရဲ့ ပစ်မှတ်ဖြစ်သွားတာပဲ။

ဂိုဏ်းကလူတွေ သူ့ခွန်အားအစစ်အမှန်ကို သိသွားမှာစိုးနေတာနဲ့ ကောင်းကင်စည်းတံဆိပ်ရခုအစီအရင်ကို ဖယ်လိုက်မိတာ။ မမျှော်လင့်ထားဘဲ အရိုးဖြူနတ်ဆိုးဂိုဏ်းကလူအတွက် လမ်းဖွင့်ပေးလိုက်သလို ဖြစ်သွားတယ်။

ဒါပေမယ့် အရိုးဖြူနတ်ဆိုးဂိုဏ်းကလူတွေက ကောင်းကင်နတ်ဆိုးဂိုဏ်းထဲမှာ ကူးပြောင်းခြင်းအစီအရင်ကို ချထားနိုင်တယ်ဆိုမှတော့ သူတို့တွေ ကောင်းကင်နတ်ဆိုးဂိုဏ်းကို ပစ်မှတ်ထားနေတာ တော်တော်ကြာနေလောက်ပြီ။

ပြီးတော့ အဲ့ဒီအခင်းအကျင်းက သူ့ရဲ့ကျီရှွေ့တောင်ခြေမှာလဲ ဖြစ်နေသေးတယ်။

ဒီလောက်နှစ်တွေအကြာကြီး သူကျီရွှေ့တောင်မှာနေလာခဲ့တာ.. ဒီလောက,ကလူတွေဆီကနေ ပုန်းကွယ်နေဖို့ အဓိကဂိတ်တင်မကဘူး ဘေးတံခါးကနေတောင်မှ ထွက်မသွားဖူးဘူး။ ဒါပေမယ့် အခုတော့ အရိုးဖြူနတ်ဆိုးဂိုဏ်းကလူတွေ သူ့လျှို့ဝှက်ချက်ကို သိကုန်ကြပြီးပြီလားဆိုတာတောင် သူမသိတော့ဘူး။

အရင်က တစ်ယောက်မှ သတိမထားခဲ့မိကြရင်တောင် အခုတော့ သိကုန်ကြတော့မှာပဲ။

ကျီရွှေ့တောင်ရဲ့လျှို့ဝှက်ချက်သာ ပြန့်သွားရင် သေချာပေါက် လောဘတက်ခံရတော့မှာပဲ။

သိုင်းဘုရင်အဆင့်ကျင့်စဉ်တွေရဲ့ စွဲဆောင်နိုင်စွမ်းက ဂိုဏ်းတစ်ခုလုံးကိုတောင် ဖျက်ဆီးပစ်နိုင်တယ်!

ပြီးတော့ သူ့တပည့်တွေဆိုတာကလဲ ဗီလိန်တွေချည်းပဲ။ ဟိုမြင်းနက်တွေက သူတို့ကို သေချာပေါက် အလွတ်ပေးကြမှာမဟုတ်ဘူး။ ဒီသတင်းသာပြန့်သွားရင် ဖြစ်လာမယ့်အကျိုးဆက်က မတွေးရဲစရာပဲ။

လုရှောင်ယန် အသက်ပြင်းပြင်းတစ်ချက်ရှူသွင်းလိုက်ပြီး ဘေးနားက သုံးယောက်ကို လှည့်ကြည့်လိုက်သည်။

“မင်းတို့တွေ ကျီရှေ့တောင်မှာ ကျင့်ကြံနေကြတာ တော်တော်တောင်ကြာသွားပြီ။ အခုက မင်းတို့ရဲ့ ကျင့်ကြံခြင်းရလဒ်ကို စမ်းသပ်ရတော့မယ့်အချိန်ပဲ…..”

***

## *အခန်း ၃ အရိုးဖြူနတ်ဆိုးဂိုဏ်းကိုဖျက်ဆီးမယ်*

သုံးယောက်သား အလွန်အံ့သြသွားကြတော့သည်။

“ဆရာ… ဘာကိုဆိုလိုတာများလဲ…?”

လုရှောင်ယန် တောင်ထိပ်သို့ လမ်းလျှောက်တက်သွားကာ ခြေတစ်လှမ်းဆီတိုင်းက မီတာ၁၀,၀၀၀မျှ တာသွားလေသည်။

“ကျီရွှေ့တောင်ရဲ့လျှို့ဝှက်ချက် ပေါက်ကြားသွားလို့မဖြစ်ဘူး.. ငါအရင်ပြန်ပြီး ပြင်ဆင်လိုက်ဦးမယ်… ငါ့ကို ဒီနေရာကနေပဲ စောင့်နေကြ။ ဒီည… အရိုးဖြူနတ်ဆိုးဂိုဏ်းကို တစ်ယောက်ကိုတောင်မှ အသက်ရှင်ခွင့်ပေးလိုက်လို့မဖြစ်ဘူး။”

ဟစ်!

သုံးယောက်သားလုံး ဦးရေပြားတွေ ပေါက်ကွဲထွက်သွားသလို ခံစားလိုက်ရသည်။

“ဆရာက တကယ်ကြီး အရိုးဖြူနတ်ဆိုးဂိုဏ်းကို ဖျက်ဆီးဖို့ကြံနေတာလား?”

“ဒါအရမ်းရူးသွပ်လွန်းရာမကျဘူးလား? ဂိုဏ်းကြီးတစ်ခုလုံးကို တကယ်ဖျက်ဆီးချင်နေတာလား! အရိုးဖြူနတ်ဆိုးဂိုဏ်းရဲ့အင်အားက ကောင်းကင်နတ်ဆိုးဂိုဏ်းထက် နိမ့်တယ်ဆိုရင်တောင် ဂိုဏ်းကြီးတစ်ခုဖြစ်နေတုန်းပဲလေ! ငါတို့တွေ အရိုးဖြူနတ်ဆိုးဂိုဏ်းကို သွားဖျက်ဆီးလိုက်ရင် ကြီးမြတ်သောကျိုးအင်ပါယာက သေချာပေါက် စုံစမ်းစစ်ဆေးကြတော့မှာပဲ။”

ကျင့်ကြံသူများကြား တိုက်ခိုက်ကြသည်က ပုံမှန်ဖြစ်သော်လည်း အကန့်အသတ်တော့ရှိသေးသည်။

လူအနည်းစုလောက်ကို သတ်လိုက်သည်ကတော့ ပြဿနာမဟုတ်ပေ။

သို့ပေမယ့် ဂိုဏ်းကြီးတစ်ခုလုံးကို အစုလိုက်အပြုံလိုက်သတ်မည်ဆိုလျှင်တော့ ပြဿနာရှိသွားပေပြီ။

မဟုတ်ရင် ဂိုဏ်းတစ်ခုက ရတနာတွေလိုချင်လို့ တခြားဂိုဏ်းတွေကို သုတ်သင်၊ တခြားဂိုဏ်းတွေကလဲ ထိုသို့အပြန်အလှန်သာလုပ်နေကြမည်ဆိုပါက ကြီးမြတ်သောကျိုး အင်ပါယာကြီးတစ်ခုလုံး ကသောင်းကနင်းတွေ ဖြစ်ကုန်ရောပေါ့!

ဒီလိုကိစ္စမျိုးဆိုလျှင်တော့ ကြီးမြတ်သောကျိုး၏ တော်ဝင်မိသားစုက သေချာပေါက် စုံစမ်းစစ်ဆေးကြတော့မှာပင်။

သို့သော်လည်း ဖုန်းထျန်းယွမ်က.. “ဒါပေမယ့် ကြီးမြတ်သောကျိုးမှာ ငါတို့ကျီရွှေ့တောင်ရဲ့လျှို့ဝှက်ချက်သာ ပေါက်ကြားသွားရင် ကြီးမြတ်သောကျိုးရဲ့ တော်ဝင်မိသားစုတင်မကဘူး ငါတို့ကောင်းကင်နတ်ဆိုးဂိုဏ်းရဲ့ ဂိုဏ်းသားတွေကတောင် ငါတို့ကို တိုက်ခိုက်လာနိုင်တယ်လေ မဟုတ်ဘူးလား?”

သူပြောလိုက်သည်နှင့် ယွင်လီကောရော ကျီဝူရှားပါ တိတ်ဆိတ်သွားကြတော့သည်။

လူတစ်ယောက်၏ကြွယ်ဝမှုက ထိုလူအတွက်ပျက်စီးခြင်းကိုပါ တစ်ပါတည်းယူဆောင်လာပေးလေသည်။

ကျီရွှေ့တောင်၏လျှို့ဝှက်ချက်သာ ပေါက်ကြားသွားပါက ဖုံးမနိုင်ဖိမနိုင်နှင့် ပိုပိုပြီး သတင်းပြန့်သွားဖို့သာ ရှိလေသည်။

သတင်းပေါက်ကြားမှာက အခြေအနေတစ်ခုအထိရောက်သွားပြီဆိုလျှင် သိုင်းဘုရင်အဆင့်ကျင့်စဉ်များအကြောင်းကိုလဲ ဆက်ပြီး ဖုံးကွယ်ထားဖို့ဖြစ်နိုင်တော့မည်မဟုတ်ပေ။ ထိုသို့ဆိုလျှင် သူတို့လေးယောက်သည်လဲ ကြီးမြတ်သောကျိုးအင်ပါယာတစ်ခုလုံး၏ လောဘတက်စရာ အသားတုံးကြီးများဖြစ်လာကြပေလိမ့်မည်။

ထိုအခြေအနေမျိုးဖြစ်သွားလျှင် ကျီဝူရှားလို တော်ဝင်မိသားစုနှင့်ဆက်နွယ်နေသည့်လူကိုတောင်မှ ငဲ့ညှာပေးကြလိမ့်မည်မဟုတ်ပေ။

ကျီဝူရှားသည် ကြင်နာတတ်သူဖြစ်သော်လည်း တုံးအမိုက်မဲနေသူတစ်ယောက်တော့မဟုတ်ပေ။

ဒီအတိုင်းသာဆို ကျီရှွေ့တောင်တစ်ခုတည်းနဲ့ ပြီးသွားမှာမဟုတ်ဘူး။ သူမလက်ထဲတွင်ရှိနေသည့် သိုင်းဘုရင်အဆင့်ကျင့်စဉ်အကြောင်းသာ ပေါက်ကြားသွားလျှင် ခရမ်းရောင်ငြိမ်းချမ်းရေးတော်ဝင်နန်းတော်ကြီးသည်လဲ အရှုပ်အထွေးတွေကြားထဲ ပါသွားပေလိမ့်မည်။

သိုင်းဘုရင်အဆင့်ကျင့်စဉ်မျိုး၏ ဆွဲဆောင်မှုကို ဘယ်သူမှ တောင့်ခံနိုင်ကြလိမ့်မည်မဟုတ်ပေ။

ဒါကလဲ သိုင်းဘုရင်အဆင့်သို့တက်လှမ်းရာတွင် မဖြစ်မနေလျှောက်လှမ်းရမည့် လမ်းကြောင်းသာဖြစ်သည်!

......

ကောင်းကင်နတ်ဆိုးဂိုဏ်းနှင့် ကီလိုမီတာ၅ဝဝကွာဝေးသည့်နေရာရှိ အရိုးဖြူနတ်ဆိုးဂိုဏ်း၏ခန်းမဆောင်ထဲတွင်...

ဂိုဏ်းချုပ်က ခန်းမဆောင်ထဲရှိ အမြင့်ဆုံးနေရာတွင် ထိုင်လို့နေသည်။ အောက်ဘက် ထိုင်ဖုံများတွင်တော့ ဂိုဏ်း၏အကြီးအကဲများစွာလဲ ထိုင်နေကြသည်။

ခန်းမထဲရှိ လေထုအခြေအနေကတော့ အနည်းငယ်ထူးဆန်းလို့နေလေသည်။

ဂိုဏ်းချုပ်သည်တော့ သူ့လက်မတွင်ဝတ်ဆင်ထားသည့် ကျောက်စိမ်းလက်စွပ်ကို ပွတ်သပ်နေကာ ကောင်းကင်နတ်ဆိုးဂိုဏ်းတည်ရှိရာအရပ်သို့ ကြည့်နေခဲ့သည်။

“အကြီးအကဲချန်ရွှမ်က ကောင်းကင်နတ်ဆိုးဂိုဏ်းက သတင်းတွေတွေကို စုံစမ်းဖို့ ထွက်သွားပြီ။ တစ်ရက်နှစ်ရက်အတွင်းတော့ ပြန်ရောက်လာမှာပဲ။ ဂိုဏ်းတစ်ခုလုံးကို သတင်းပို့ပြီး ဂိုဏ်းသားတွေကို အဆင်သင့်ပြင်ခိုင်းလိုက်ကြတော့.. အကြီးအကဲချန်ရွှမ် သတင်းကောင်းတစ်ခုခုရလာတာနဲ့ ငါတို့ရဲ့ဂိုဏ်းနီးချင်းတွေနဲ့ပါပေါင်းပြီး ကောင်းကင်နတ်ဆိုးဂိုဏ်းကို ရှင်းပစ်ရမယ်။”

“ကောင်းကင်နတ်ဆိုးဂိုဏ်း သူ့ဘာသာအကျိုးအမြတ်တွေကို လက်ဝါးကြီးအုပ်ထားခွင့် မပြုထားနိုင်ဘူး။”

“ဂိုဏ်းချုပ်ပြောတာမှန်တယ်။ ငါတို့ဂိုဏ်းသားတွေကို အချိန်မရွေးလှုပ်ရှားနိုင်အောင် စီစဉ်ထားမှဖြစ်မယ်.. ဒါမှ ဂိုဏ်းချုပ်အမိန့်ပေးတာနဲ့ ချက်ချင်း ကောင်းကင်နတ်ဆိုးဂိုဏ်းကို ဝင်တိုက်ခိုက်နိုင်မှာ။”

“ကောင်းတယ်။”

အရိုးဖြူနတ်ဆိုးဂိုဏ်းချုပ်၏မျက်လုံးထဲတွင် အလင်းတစ်ချက်လက်လို့သွားလေသည်။

သူ့အနေနှင့် ကောင်းကင်နတ်ဆိုးဂိုဏ်းတစ်ခုလုံးကို သုတ်သင်ဖို့အထိ စိတ်မကူးထားပေ။ ပြောရရင် ကြီးမြတ်သောကျိုးမှာ ဂိုဏ်းအချင်းချင်း သုတ်သင်ခြင်းကို ကြီးမြတ်သောကျိုးတော်ဝင်မိသားစုက ခွင့်ပြုပေးထားတာမှမဟုတ်ဘဲ။

သို့သော်လည်း တခြားဂိုဏ်းများနှင့်ပါအင်အားပေါင်းလို့ ကောင်းကင်နတ်ဆိုးဂိုဏ်းကို ဖိအားပေးပြီး အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုမျိုးအထိ မဖြစ်စေဘဲ ကောင်းကင်နတ်ဆိုးဂိုဏ်းမှ အကြီးပိုင်းအနည်းအကျဉ်းလောက်ကိုသာ တိုက်ခိုက်မည်ဆိုလျှင်တော့ ကြီးမြတ်သောကျိုးတော်ဝင်မိသားစုဘက်က မမြင်သလိုနေပေးပေလိမ့်မည်။

လွန်ခဲ့သည့်ရက်ပိုင်းခန့်တုန်းက ကောင်းကင်နတ်ဆိုးဂိုဏ်းတွင် နောက်ထပ်လှုပ်ရှားမှုတစ်ခုဖြစ်သွားခဲ့သည်။ ဒါကြောင့်ပဲ သူတို့ဂိုဏ်းတွင် ကောင်းတာတစ်ခုခုရရှိသွားခြင်းဖြစ်မည်ဟု တခြားဂိုဏ်းများ ခန့်မှန်းလိုက်ခြင်းဖြစ်သည်။

ကောင်းကင်နတ်ဆိုးဂိုဏ်းကိုသာ ဆက်ပြီးတိုးတက်ကြီးထွားခွင့်ပြုလိုက်မည်ဆိုပါက တခြားဂိုဏ်းများအတွက် လွှမ်းမိုးနိုင်စွမ်းများ တစ်ဆထက်တစ်ဆလျော့ကျသွားစေပေလိမ့်မည်။

ကောင်းကင်နတ်ဆိုးဂိုဏ်းနှင့်နီးသည့် ယုံကြည်အားထားရာဂိုဏ်းသည်တော့ သူတို့နှင့်ဆက်စပ်လို့ ပိုမိုသန်မာလာကြပေမည်။ ဒါကြောင့် ထိုဂိုဏ်းကတော့ ကောင်းကင်နတ်ဆိုးဂိုဏ်းကို ကြောက်နေမည်မဟုတ်သော်လည်း အရိုးဖြူနတ်ဆိုးဂိုဏ်းသည်တော့ မတူပေ။

အရိုးဖြူနတ်ဆိုးဂိုဏ်းသည် စတင်တည်ထောင်ခဲ့ချိန်ကတည်းက ကောင်းကင်နတ်ဆိုးဂိုဏ်းထက် များစွာ နိမ့်ကျခဲ့ရသည်။

ကောင်းကင်နတ်ဆိုးဂိုဏ်းသာ ဆက်ပြီးကြီးထွားနေမည်ဆိုလျှင် အရိုးဖြူနတ်ဆိုးဂိုဏ်း၏နှစ်ပေါင်းများစွာ ကြိုးစားမှုများသည်လဲ ဖျက်ဆီးခံလိုက်ရပေလိမ့်မည်။

အရိုးဖြူနတ်ဆိုးဂိုဏ်း၏ဂိုဏ်းချုပ်ကတော့ ထိုသို့သော ဖြစ်ရပ်မျိုးကို ဘယ်လိုမှခွင့်ပြုမထားနိုင်ပေ။

သို့သော်လည်း!

ထိုအချိန်မှာပဲ ခန်းမအလယ်ရှိ ကူးပြောင်းခြင်းအစီအရင်သည် ရုတ်တရက်ကြီး ပွင့်လာခဲ့သည်။

လူတိုင်း၏အကြည့်များသည်လဲ ချက်ချင်းဆိုသလို ကူးပြောင်းခြင်းအစီအရင်ရှိရာသို့ တပြိုင်တည်းရွေ့သွားကြသည်။

နောက်တစ်စက္ကန့်မှာပဲ အကြီးအကဲချန်ရှမ်၏ဝိညာဉ်က ကူးပြောင်းခြင်းအစီအရင်ကို ကျော်ဖြတ်ကာ ခန်းမထဲတွင် ပေါ်ထွက်လာခဲ့သည်။

လူတိုင်းခေါင်းကြောတွေ တောင့်တင်းသွားရတော့သည်။

"အကြီးအကဲချန် ဘာတွေဖြစ်သွားတာလဲ?"

အကြီးအကဲချန်ရှမ်၏ဝိညာဉ်မှာ ပြိုကွဲတော့မလိုဖြစ်နေသော်လည်း သူ့လက်ရှိ ဒဏ်ရာတွေကို ဂရုစိုက်မနေနိုင်သေးပေ။

ဂိုဏ်းချုပ်ကိုသာ သူရရှိခဲ့သည့်သတင်းများ အလျင်အမြန်ပြောလိုက်သည်။ "ဂိုဏ်းချုပ်၊ ကောင်းကင်နတ်ဆိုးဂိုဏ်းက တကယ်ကိုပဲ အခွင့်ကောင်းကြီးတစ်ခုရသွားတဲ့ပုံပါပဲ.. ဒီငယ်သား ကောင်းကင်နတ်ဆိုးဂိုဏ်းကိုရောက်ပြီး ဘာမှရှာဖို့အချိန်မရသေးခင်မှာပဲ ကျီရှွေ့တောင်ထိပ်ရဲ့တပည့်တွေကြောင့် ဒဏ်ရာအကြီးအကျယ်ရသွားခဲ့ပါတယ်.. သူတို့အားလုံးနီးပါးကလဲ

စိတ်ဝိညာဉ်အထက်အဆင့်တွေချည်းပဲ… အရင်တုန်းက ကောင်းကင်နတ်ဆိုးဂိုဏ်းရဲ့ကျီရှွေ့တောင်ထိပ်အကြောင်း ကျွန်တော်တို့သိထားသလောက်ဆို တောင်သခင်လုရှောင်ယန်တောင်မှ စိတ်ဝိညာဉ် တတိယအဆင့်ပဲရှိသေးတာမဟုတ်လား။”

လူတိုင်း ပင့်သက်ရှိုက်မိသွားကြတော့သည်။

“ဘာ? ကျီရှွေ့တောင်ထိပ်ကတပည့်တွေအားလုံး စိတ်ဝိညာဉ်အဆင့်တောင် ရောက်နေပြီလို့ပြောချင်တာလား?”

“ဘုရားရေ! ကျီရှွေ့တောင်ဆိုတာ ကောင်းကင်နတ်ဆိုးဂိုဏ်းရဲ့ သာမာန်တောင်ထိပ်လေးတစ်ခုသာသာပဲလေ။ ဒီလောက်တောင် ကြောက်ဖို့ကောင်းနေပြီလား? ဒီအတိုင်းသာဆို ကောင်းကင်နတ်ဆိုးဂိုဏ်းရဲ့တခြားတောင်ထိပ်တွေရော ဘယ်လောက်တောင် အင်အားကြီးနေပြီလဲ?”

"ဂိုဏ်းချုပ်.. ကောင်းကင်နတ်ဆိုးဂိုဏ်းက သူတို့တပည့်တွေရဲ့ကျင့်ကြံဆင့်ကို ဖုံးကွယ်ပြီး တစ်ခုခုကြိတ်ကြံစည်နေတာ သေချာတယ်!"

အရိုးဖြူနတ်ဆိုးဂိုဏ်းချုပ်လဲ ထိုင်ခုံလက်ကိုင်ကို တင်းကြပ်စွာဆုပ်ကိုင်ထားကာ မျက်လုံးထဲတွင်တော့ သတ်ဖြတ်လိုစိတ်များ တရိပ်ရိပ်ကြီးထွားလို့လာလေသည်။

"ကောင်းကင်နတ်ဆိုးဂိုဏ်း!!! မင်းတို့ကများ အတွင်းတပည့်တွေရဲ့ကျင့်ကြံဆင့်ကိုဖုံးကွယ်ပြီး ငါ့အရိုးဖြူနတ်ဆိုးဂိုဏ်းရဲ့ အကြီးအကဲကို ဝိညာဉ်ပါထွက်သွားအောင် တိုက်ခိုက်ရဲကြတယ်ပေါ့.. ငါတို့အရိုးဖြူနတ်ဆိုးဂိုဏ်းကို ဒီလိုမလေးမစားလုပ်လို့ရမယ်များထင်နေကြလား? အကြီးအကဲချုန်သာ အခြေအနေတွေကိုစုံစမ်းနိုင်ဖို့ သူ့အသက်အန္တရာယ်ကို အထိခိုက်ခံပြီး ကျားပါးစပ်ထဲဝင်မသွားရင် ငါတို့တွေ တချိန်လုံး အမှောင်ထဲမှာပဲ ရှိနေကြဦးမှာ…"

အကြီးအကဲများလဲ လှုပ်လှုပ်ရှားရှားဖြစ်သွားကြသည်။

အစကတော့ သူတို့တွေ အရိုးဖြူနတ်ဆိုးဂိုဏ်းကို ကာကွယ်ဖို့ရော ကောင်းကင်နတ်ဆိုးဂိုဏ်းကို တကယ်ကြီး သွားတိုက်ကြဖို့ပါ မတွေးထားကြပေ။

သို့သော်လည်း ဂိုဏ်းများကြားက တိုက်ပွဲပုံစံမျိုးဖြစ်သွားပြီဆိုပါက သူတို့အတွက်လဲ အကျိုးအမြတ်ရရှိဖို့ အခွင့်အရေးများသွားပေပြီ။

“ဂိုဏ်းချုပ်.. ငါတို့ ကောင်းကင်နတ်ဆိုးဂိုဏ်းကို လွယ်လွယ်လွှတ်ထားပေးလိုက်လို့မဖြစ်ဘူး!”

“ဟုတ်တယ်.. ကောင်းကင်နတ်ဆိုးဂိုဏ်းကို တိုက်ခိုက်ပြီး ဒီကိစ္စအတွက် ဖြေရှင်းချက်တောင်းရမယ်။”

သို့သော်လည်း ထိုအခိုက်အတန့်မှာပဲ ကူးပြောင်းခြင်းအစီအရင်ထဲကနေပြီး သေခြင်းအမှတ်အသားက ပျံထွက်လာကာ အကြီးအကဲချန်ရွှမ်၏ဝိညာဉ်ပေါ်ကပ်လို့သွားသည်။

“မဖြစ်ဘူး!!! ဂိုဏ်းချုပ်… ကယ်ပါ….”

အကြီးအကဲချန်ရွှမ် ကြောက်လန့်တုန်လှုပ်စွာ ငိုယိုရင်း အကူအညီတောင်းလိုက်သော်လည်း သူ့စကားမဆုံးလိုက်ခင်မှာပဲ အမှတ်က ပေါက်ကွဲသွားတော့သည်။

ဘုန်း!

လူတိုင်းရှိနေသည့် ခန်းမဆောင်အလယ်မှာတင် ပြင်းထန်သည့်ပေါက်ကွဲမှုကြီးတစ်ရပ်ဖြစ်သွားတော့သည်!

ပေါက်ကွဲအားက ပြင်းထန်လွန်းတာကြောင့် ပတ်ဝန်းကျင်ရှိ ဝိညာဉ်စွမ်းအားများကို လှုပ်ခါသွားစေကာ ခန်းမဆောင်ထဲကိုလဲ ပေါက်ကွဲမှုလှိုင်းများပျံ့သွားစေသည်။ ပေါက်ကွဲမှုနှင့်နီးသည့် အကြီးအကဲများဆိုလျှင် ပြင်းအားကြောင့် လွင့်ပင်ထွက်သွားကြသည်။

ပေါက်ကွဲမှုပြီးသွားချိန်မှာတော့ ကြမ်းပေါ်တွင် ဖုန်မှုန့်များပျံ့ကျဲလို့နေတော့သည်။ အစောက စိတ်လှုပ်ရှားနေကြသည့် ခန်းမထဲရှိလူစုသည်လဲ ချက်ချင်းဆိုသလို ငြိမ်ကျသွားကြသည်။

လူတိုင်း ပေါက်ကွဲမှုကြောင့်ကျန်ရစ်ခဲ့သည့် မြေတွင်းကြီးကိုသာ ငေးကြည့်နေကြလေသည်။ ကောင်းကင်နတ်ဆိုးဂိုဏ်းကို ဖိနှိပ်မည့်အကြောင်းလဲ ဘယ်သူတစ်ဦးတစ်ယောက်မှ ဆက်မပြောရဲကြတော့ပေ။

ဒီအမှတ်လေးတစ်ခုကတင် ဂိုဏ်းခန်းမအလယ်မှာ တွင်းကြီးတစ်တွင်း ဖြစ်သွားစေခဲ့လေသည်။

ဂိုဏ်းခန်းမဆောင်၏ကြမ်းပြင်သည် သတ္တုနက်နှင့်ပြုလုပ်ထားခြင်းဖြစ်တာကြောင့် မှန်တစ်ချပ်ပမာ ချောမွတ်ပြောင်လက်နေရုံမက ဝိညာဉ်စွမ်းအင်များကိုပါ စုပ်ယူနိုင်သည့်စွမ်းရည်ရှိသည်။

ထိုသို့သောကြမ်းပြင်မျိုးကို ဖျက်ဆီးဖို့ဆိုသည်က အနည်းဆုံး အာကာပြင်လေ့လာခြင်းအဆင့်သို့ ရောက်ရှိနေမှဖြစ်ပေမည်။

ထိုအချိန်တွင် အကြီးအကဲချန်ရှမ်၏ဝိညာဉ်သည်တော့ သေခြင်းအမှတ်အသား၏ပေါက်ကွဲမှုကြောင့် လွင့်ပျယ်သွားပြီဖြစ်သည်။

တစ်ဖက်လူ၏ခွန်အားအရ ဖန်တီးမှုအဆင့်သို့ ရောက်နေခြင်းတောင် ဖြစ်လောက်သည်....!

***

## ***အခန်း ၄ မင်းကိုယ်မင်းအရမ်းထင်နေလား?***

အေးမြသည့်လရောက်အောက် ညဥ့်နက်ချိန်ခါ၌ အရိုးဖြူနတ်ဆိုးဂိုဏ်း၏တောင်ခြေတွင် လူရိပ်များစွာ ရုတ်တရက်ပေါ်လာခဲ့သည်။

ထိုလူရိပ်များမှာ လုရှောင်ယန်နှင့်သူ့တပည့်များကလွဲလို့ ဘယ်သူများဖြစ်နိုင်ဦးမတဲ့လဲ?

ယွင်လီကောနှင့်ကျန်နှစ်ယောက်အတွက် သူတို့ဆရာသခင်၏ ကြီးမြတ်သောအာကာပြင်ပြိုကွဲခြင်းခြေလှမ်းအသုံးချခြင်းကို မြင်တွေ့ရသည်က ပထမဆုံးအကြိမ်ဖြစ်ကြသည်။ မြန်ချက်ကတော့ ကမ်းကုန်ပင်။

ထိုအခြေအနေမျိုးကိုကြုံလိုက်ရချိန်တွင် သုံးယောက်သား၏ယုံကြည်မှုက ပိုလို့တောင်ခိုင်မာသွားကြတော့သည်။

သူ့ဆရာက တကယ်ကို သိုင်းဘုရင်အဆင့်ပညာရှင်ကြီးပဲ!

ပြောရရင် သိုင်းဘုရင်အဆင့်ပညာရှင်ကလွဲလို့ ဘယ်သူကများ ဒီလောက်အမြန်နှုန်းနဲ့သွားနိုင်မှာတဲ့လဲ?

တောင်ခြေသို့ရောက်ရှိပြီးနောက် တောင်ထိပ်ဆီသို့ လုရှောင်ယန် မော့ကြည့်လိုက်ကာ အကြည့်တို့က အေးစက်လို့နေသည်။

“ဒီနေ့ည.. အရိုးဖြူနတ်ဆိုးဂိုဏ်းကို အမြစ်ပြတ်ချေမှုန်းမယ်… တစ်ယောက်မကျန်သတ်ပစ်မယ်.. ငါအရိုးဖြူနတ်ဆိုးဂိုဏ်းကို မဖျက်ဆီးခင် မင်းတို့သုံးယောက်က မင်းတို့ရဲ့အင်အားဘယ်လောက်ရှိလဲ စမ်းသပ်တဲ့အနေနဲ့ မင်းတို့ကျင့်ကြံထားတဲ့ကျင့်စဉ်တွေနဲ့ အရင်ဆုံးတိုက်ခိုက်ရမယ်.. ဒီလိုဆို တစ်ခါတည်းတိုက်ပွဲစွမ်းရည်ကိုပါ မြှင့်တင်ပေးပြီးသားပဲ။”

“လုံခြုံရေးအတွက်ကိုတော့ ငါ မင်းတို့သုံးယောက်ရဲ့ကိုယ်ပေါ်မှာ အကာအကွယ်အစီအရင်ချပေးထားမယ်.. ဒီလိုဆို တန်ပြန်တိုက်ခိုက်ခံရတာကနေ ကာကွယ်ပြီးသားပဲ..

အာကာပြင်ပြိုကွဲခြင်းအဆင့်အောက်က ဘယ်သူကမှ မင်းတို့ကို ထိခိုက်အောင် လုပ်လို့ရမှာမဟုတ်ဘူး.. ပြီးတော့ ကူးပြောင်းခြင်းအစီအရင်လဲ လုပ်ပေးထားဦးမယ်.. မင်းတို့မကိုင်တွယ်နိုင်တဲ့ အန္တရာယ်ရှိမယ့် ရန်သူတွေနဲ့တွေ့ခဲ့ရင် ဒီအစီအရင်က မင်းတို့ကို ငါ့အနား ချက်ချင်းပြန်ပို့ပေးလိမ့်မယ်။”

“ကျေးဇူးတင်ပါတယ် ဆရာ။”

သူတို့သုံးယောက်လုံး မထိန်းနိုင်စွာဘဲ မျက်လုံးတို့စူးအောင့်သွားကြလေသည်။

သူတို့ဆရာက သူတို့အပေါ် အရမ်းကောင်းတာပဲ။

အရိုးဖြူနတ်ဆိုးဂိုဏ်းကို သူ့လက်လေးတစ်ချက်ယမ်းလိုက်ရုံနဲ့ အပြတ်ရှင်းပစ်နိုင်ပေမယ့် သူတို့ကို လေ့ကျင့်ပေးဖို့အတွက် ဒီလောက်တောင် ဒုက္ခတွေရှာနေရတယ်။

သူတို့ဆရာသခင်က သူတို့အတွက် ဖခင်တစ်ယောက်လို နွေးထွေးလုံခြုံမှုပေးနိုင်တဲ့သူပဲ။

တကယ်တော့ လုရှောင်ယန်သည် သူ့တပည့်များကို တကယ်လဲ တိုက်ပွဲစွမ်းရည်ပါ လေ့ကျင့်ပေးချင်ခြင်းဖြစ်ပေမယ့် သူတို့ကိုလေ့ကျင့်ပေးဖို့တစ်ခုတည်းအတွက်နှင့် လုပ်ပေးနေခြင်းတော့မဟုတ်ပေ။

သူသည် အမြဲတမ်းအရှည်ကိုကြည့်သူဖြစ်သည်။

အရင်က သူဖုန်းထျန်းယွမ်ကို ကယ်ခဲ့ခြင်းသည် တစ်ဖက်လူများ၏ကျင့်ကြံဆင့်မှာ တောင်ပင်လယ်အဆင့်တွင်သာ ရှိနေသေးမှန်း သိခြင်းကြောင့်ပင်။ ဒါကြောင့်လဲ သူတစ်ယောက်တည်း သွားကယ်ခဲ့ခြင်းဖြစ်သည်။

ဒါပေမယ့် အခုကတော့ အရိုးဖြူနတ်ဆိုးဂိုဏ်းကြီးတစ်ခုလုံးနဲ့ ရင်ဆိုင်ရမည်ဖြစ်သည်။

ဒီလောက်လူတွေအများကြီးထဲမှာ ဘယ်သူတွေက အဓိကဇာတ်ကောင်တွေ မြင်းနက်တွေဖြစ်နေမလဲ သိမှာလဲ?

ဒီတော့ အရင်ဆုံး ဒီသုံးယောက်နဲ့ အခြေအနေကို စမ်းသပ်ကြည့်ရမယ်။ တကယ်လို့ တစ်ယောက်ယောက်များရှိနေခဲ့ရင် သူတို့သုံးယောက်ကို ကူးပြောင်းခြင်းအစီအရင်နဲ့ ပြန်ဆွဲခေါ်ပြီး ထွက်ပြေးပေပြီ။

တကယ်လို့ မရှိဘူးဆိုရင်တော့ သူကိုယ်တိုင် ထွက်ပြီး အရိုးဖြူနတ်ဆိုးဂိုဏ်းကြီးတစ်ခုလုံးကို အမြစ်ပြတ်ရှင်းပစ်လိုက်မည်။

ဒီအစီအစဉ်ကမှ ပိုလို့စိတ်ချရပေသည်။

“မင်းတို့တွေ အဲ့လောက်ကြီး ယဉ်ကျေးမနေကြနဲ့.. မင်းတို့ရဲ့ကျင့်စဉ်တွေကို ပိုကောင်းကောင်း ထုတ်သုံးနိုင်အောင် မင်းတို့အတွက် လက်နက်တွေပြင်ဆင်ပေးထားတယ်။”

သုံးယောက်သား ရင်ထဲထိသွားကြပြန်လေသည်။ သူတို့ဆရာက တကယ်ကိုအရမ်းကြင်နာတတ်တဲ့သူပဲ!

သူတို့အတွက် လက်နက်တွေတောင်မှ ပြင်ဆင်ပေးထားတယ်တဲ့လား။

ဆရာ ပြင်ပေးထားတဲ့လက်နက်ဆိုမှတော့ အနည်းဆုံး မြေကမ္ဘာထိပ်တန်းအဆင့်လောက်တော့ ရှိလောက်တယ်မဟုတ်လား?

ဓမ္မရတနာများ၊ ကျင့်စဉ်များနှင့် ဆေးလုံးများသည် မတူညီကြပေ။ တိုက်ကြီးတစ်ခုလုံးရှိ ပညာရှင်များအနက် လက်နက်သန့်စင်သူများ၏အရေအတွက်သည် အနည်းဆုံးဖြစ်သည်။ ထို့ကြောင့် အင်အားကြီးလက်နက်သန့်စင်သူများပေါ်ထွက်ဖို့ရန်ကလဲ လွန်စွာခက်ခဲလေသည်။ ဒါကြောင့်ပဲ ကျင့်စဉ်များ၊ ဆေးလုံးများနှင့်ယှဉ်လျှင် အရည်အသွေးမြင့်ဓမ္မရတနာတစ်ခုရဖို့ဆိုသည်က အဆပေါင်းများစွာ ပိုခက်ခဲပေသည်။

ဥပမာအားဖြင့် ရှေးဟောင်းလူဝံမျိုးနွယ်စုတွင် အကောင်းဆုံးလက်နက်မှာ မျိုးနွယ်စုခေါင်းဆောင်သာ အသုံးပြုနိုင်သည့် ကောင်းကင်ဘုံအလယ်အဆင့်လက်နက်တစ်ခုတည်းသာရှိလေသည်။

ကျီဝူရှား၏ ခရမ်းရောင်ငြိမ်းချမ်းရေးတော်ဝင်နန်းတော်တွင်တော့ ခရမ်းရောင်ငြိမ်းချမ်းရေးဘုရင် ပိုင်ဆိုင်သည့် ကောင်းကင်ဘုံထိပ်တန်းအဆင့်လက်နက်တစ်ခုသာရှိသည်။

ကြီးမြတ်သောကျိုးတော်ဝင်မိသားစုတွင်တောင်မှ သူတော်စင်အဆင့်လက်နက်များသာ ရှိသည်ဟု ပြောကြလေသည်။

ဒါကြောင့် သူတို့ဆရာက သိုင်းဘုရင်အဆင့်ဖြစ်နေရင်တောင်မှ မြေကမ္ဘာအဆင့်လက်နက်မျိုးပေးနိုင်လျှင်ကို တော်တော်လေးမဆိုးဟု တွေးကြခြင်းဖြစ်သည်။

သို့သော်လည်း လုရှောင်ယန် ထုတ်လာသည့် လက်နက်သုံးခုကို မြင်ပြီးချိန်မှာတော့ သုံးယောက်လုံး ချက်ချင်းဆွံ့အသွားကြတော့သည်။

"ဒါတွေက ကောင်းကင်ဘုံအဆင့်မြင့် နဂါးနိုင်လှံတံ၊ တောင်ကျွမ်းထိုးအမှတ်အသားနဲ့ ရွှေလင်းယုန်တူတွေပဲ။ ယူထားလိုက်ကြ။"

"ကောင်း-ကောင်းကင်ဘုံအဆင့်မြင့်တွေ?"

ယွင်လီကောနှင့်ကျန်နှစ်ယောက်လုံး အာခေါင်တွေခြောက်ကာ မျက်ရည်တွေပင် ဝဲလာကြတော့သည်။

သူတို့မှာ တကယ်ပဲ ကောင်းကင်ဘုံအဆင့်မြင့်လက်နက်တွေ ရှာလာပြီပေါ့!

ဒီလိုလက်နက်မျိုးဆိုတာ ကောင်းကင်နတ်ဆိုးဂိုဏ်းရဲ့ ဂိုဏ်းချုပ်လက်ထဲရှိနေသည်ဆိုတာကမှ ပိုပြီး ယုတ္တိရှိသေးတယ်။ သူတို့လို တပည့်ငယ်လေးတွေအတွက်တော့ တွေးတောင်မတွေးရဲတဲ့အဆင့်ပဲ။

သူ့ဆရာက သူတို့ကို ကောင်းကင်ဘုံအဆင့်မြင့်လက်နက်မျိုးပေးလာလိမ့်မယ်လို့ တကယ်မမျှော်လင့်ထားခဲ့ဘူး။

သူတို့ဆရာဆိုတဲ့အတိုင်း… ဘာနေနေ အင်အားကြီးနေတာပဲ။

လက်နက်များရရှိပြီးနောက် သုံးယောက်လုံး သူတို့လက်နက်တွေကို သူတို့ချစ်သူတွေအလား မြတ်နိုးမှုအပြည့်ဖြင့် စိတ်လှုပ်ရှားစွာ ကြည့်နေကြတော့သည်။

သို့သော်လည်း သိပ်မကြာလိုက်ပါဘဲ ယွင်လီကောက အရင် အသိပြန်ဝင်လာခဲ့သည်။

“ဆရာ ကျွန်တော်တို့ကို ဒီလိုလက်နက်ကောင်းတွေအားလုံး ပေးလိုက်ရင် ဆရာကျ ဘာသွားသုံးမလဲ?”

လုရှောင်ယန် လက်အသာယမ်းလိုက်ကာ "မင်းတို့တွေက ငယ်ကြသေးတော့ ကျင့်ကြံဆင့်တွေကလဲ နိမ့်သေးတယ်.. မင်းတို့ကိုယ်မင်းတို့ကာကွယ်ဖို့ဆို အားကောင်းတဲ့လက်နက်တွေရှိဖို့လိုတယ်.. ငါ့အတွက်တော့ ဘာလက်နက်သုံးတယ်ဆိုတာ အဓိကမဟုတ်တော့ဘူး။"

"ဆရာ..."

တပည့်သုံးယောက်လုံး၏မျက်လုံးများ နီရဲလာကာ ရေငွေ့အလွှာလေးဖြင့် ဖုံးသွားသည်။

သူတို့ဆရာက တကယ်ကြီး-တကယ်ကြီးကို သူတို့အပေါ် အရမ်းကောင်းတာပဲ!

သူတို့ကိုတော့ ဒီလိုလက်နက်ကောင်းတွေပေးပြီး သူကျတော့ လက်နက်အစုတ်ကိုသုံးမယ်တဲ့လား။

သူတို့ဆရာလို အင်အားကြီးတဲ့လူတစ်ယောက်က လက်နက်သုံး,သုံးမသုံးသုံး အရေးမပါလှသော်လည်း သူတို့ကတော့ ရင်ထဲထိသွားကြတုန်းပင်။

ယွင်လီကော သူ့လက်ခုံနှင့် မျက်ရည်တွေကိုပွတ်လိုက်ကာ ပြတ်သားစွာ ပြောလိုက်သည်။ "ဆရာ.. စိတ်မပူပါနဲ့.. ဒီတပည့်ရဲ့အသက်အန္တရာယ်ကို ထိခိုက်လာမယ်ဆိုရင်တောင် ဆရာ့ရဲ့ကြင်နာမှုကို ပြန်ပေးဆပ်တဲ့အနေနဲ့ အရိုးဖြူနတ်ဆိုးဂိုဏ်းက ဂိုဏ်းသားတွေကို သေချာပေါက် သတ်ပစ်ပါမယ်။"

ကျီဝူရှား : "ဆရာ.. ကျွန်မလဲ သေချာပေါက် သတ်ပေးပါမယ်။"

ဖုန်းထျန်းယွမ် : "ဆရာ.. ကျွန်တော်ရောပဲ။"

ယွင်လီကော လက်သီးတင်းတင်းဆုပ်လိုက်ကာ သူ့အော်ရာတွေကို ထုတ်ဖော်လိုက်သည်။

“အရိုးဖြူနတ်ဆိုးဂိုဏ်းကို ပြောင်းပြန်လှန်ပစ်ပြီး ကျွန်တော်တို့ကျီရှွေ့တောင်ကို ကျူးကျော်ရဲတဲ့ ရလဒ်ကို ခံစားသွားရစေမယ်။”

ကျီဝူရှား၊ ဖုန်းထျန်းယွမ် : “ဟုတ်တယ်..”

ယွင်လီကောဧ၏အရှိန်အဝါက ထိပ်ဆုံးအဆင့်ထိတက်သွားကာ မျက်လုံးများက အေးစက်လို့နေပြီး သတ်ဖြတ်လိုစိတ်အပြည့်ပင်။ သူ့ဝိညာဉ်စွမ်းအင်ကြောင့် ဘေးပတ်ဝန်းကျင်လေထုကိုပင် တုန်ခါလို့သွားစေသည်။

“ဒီည အရိုးဖြူနတ်ဆိုးဂိုဏ်းက လူတိုင်းကိုမှ မသတ်နိုင်ရင် ကျွန်တော် ယွင်လီကော လူသားတစ်ယောက်ရဲ့ဂုဏ်သိက္ခာအားလုံးကို စွန့်လွှတ်ပစ်မယ်။”

ကျီဝူရှား၊ ဖုန်းထျန်းယွမ် : “ဆရာ ကျွန်တော်တို့လဲ အတူတူပါပဲ။”

သို့ပေမည့် သူတို့သုံးယောက်၏စကားများကို ကြားကာ ယွင်လီကောကတော့ ရင်ထဲ ထိမသွားခဲ့ဘဲ ငြိမ်ကျသွားလေသည်။

ခဏလောက် နှုတ်ဆိတ်နေပြီးနောက်မှာတော့ မှောင်မိုက်နေသည့်အမူအရာဖြင့်၊ "မင်းတို့သုံးယောက် အဓိပ္ပါယ်မရှိတာတွေ မပြောလို့မရဘူးလား?"

"???"

သုံးယောက်သားကတော့ နားမလည်နိုင်စွာဖြင့် ခေါင်းပေါ်တွင်တောင် မေးခွန်းသင်္ကေတများပင် ပေါ်လာရလေသည်။

လုရှောင်ယန် ဒေါသပိုထွက်သွားကာ၊ "မင်းတို့တွေ အဲ့လောက်ထိ အတည်လုပ်နေဖို့ မလိုဘူး ဟုတ်ပြီလား? အရူးတွေ! မင်းတို့ရဲ့ သိုင်းဘုရင်အဆင့်ကျင့်စဉ်ကို ၂၀-၃၀ရာခိုင်နှုန်းလောက် ကျင့်ကြံနိုင်သွားတာနဲ့ ကိုယ့်ကိုယ်ကိုယ် အရမ်းတွေ ဘဝင်မြင့်လို့ရနေပြီ ထင်နေတာလား? ပြီးတော့ မင်းတို့ကို ကောင်းကင်ဘုံအဆင့်လက်နက်တွေ

ငါပေးလိုက်တယ်ဆိုတာတော့ မှန်ပါတယ်.... ဒါပေမယ့် အဲ့ဒါတွေနဲ့တင် အရိုးဖြူနတ်ဆိုးဂိုဏ်းက မင်းတို့ထက် နိမ့်ကျသွားပြီလို့ မဆိုလိုဘူးလေ...”

“အရိုးဖြူနတ်ဆိုးဂိုဏ်းမှာ လူတွေအများကြီးရှိနေတယ်ဆိုတာကို ခဏဖယ်ထားလိုက်ဦး...”

“ဂိုဏ်းရဲ့ထိပ်တန်းအကြီးအကဲတွေနဲ့တင်ကို ဒုက္ခများနေပြီ။ ဘယ်တစ်ယောက်ကများ မင်းတို့ထက် မသန်မာဘဲ မရှိကြလို့လဲ? အဲ့ဒီမှာ အာကာပြင်လေ့လာခြင်းအဆင့် အဆင့်မြင့်အကြီးအကဲတစ်ယောက်တောင်မှ ရှိနေသေးတယ်။”

“မင်းတို့သုံးယောက်လုံး သူတို့ကိုမယှဉ်နိုင်ဘူး။ အဆုံးစွန်ပြောရရင် သူတို့က မင်းတို့ကို ယင်ကောင်လေးတွေလို အသာလေးတောင် ရိုက်ထုတ်နိုင်သေးတယ်။ တကယ်ပဲ မင်းတို့ကိုယ်မင်းတို့ အရိုးဖြူနတ်ဆိုးဂိုဏ်းထက် သာလွန်သွားပြီလို့ တွေးနေကြတာလား?”

ထိုစကားများကိုကြားပြီးနောက် တပည့်လေးသုံးယောက်လုံး ရှုံ့တွကုန်ကြတော့သည်။

"ဒါပေမယ့် ကျွန်တော်တို့ကိုယ်ပေါ်မှာ ဆရာကိုယ်တိုင်လုပ်ပေးမယ့် အကာအကွယ်အစီအရင်ရှိတယ်မဟုတ်ဘူးလား? အာကာပြင်ပြိုကွဲခြင်းအဆင့်အောက်ကလူတွေရဲ့ တိုက်ခိုက်မှုကို ခံနိုင်တယ်လေ။ ဒါဆို အနည်းဆုံးတော့ ကျွန်တော်တို့တွေ ဒဏ်ရာမရကြဘူးပေါ့။"

"အဲ့တော့? မင်းတို့ထဲကနှစ်ယောက်က စိတ်ဝိညာဉ်အဆင့်အမှိုက်တွေ၊ တစ်ယောက်ကျပြန်တော့ တောင်ပင်လယ်အဆင့်ကိုမှ အားနည်းလွန်းသေးတယ်။ မင်းတို့တွေ ဒဏ်ရာမရဘဲ တိုက်ခိုက်နိုင်ရင်တောင် ဘာထူးသွားမှာလဲ? မင်းတို့ရဲ့ တိုက်ခိုက်နိုင်စွမ်းတွေက အမှိုက်သာသာဖြစ်နေတုန်းပဲလေ.. ယင်ကောင်ငယ်လေးတွေဆိုရင်တော့ ရှင်းနိုင်ကြမှာပေါ့.. ဒါပေမယ့် အဆင့်မြင့်တဲ့လူတွေနဲ့တွေ့ရင်ရော မင်းတို့တွေ သူတို့ကို ဒဏ်ရာရသွားအောင် မလုပ်နိုင်ကြသေးပါဘူး… မင်းတို့မှာ အကာအကွယ်ရှိရှိ,မရှိရှိ ဘာများကွာသွားမှာမို့လို့လဲ?"

CHARM.Y

***

## ***အခန်း ၅ ဆရာက အရမ်းတင်းကြပ်လွန်းတယ်***

“…..”

လုရှောင်ယန်၏ ငတုံးတပည့်လေးသုံးယောက်မှာ ယုံကြည်ချက်တွေပျောက်ဆုံးသွားသည့် သူရဲဘောကြောင်သောကလေးများနှယ် ကြောင်အအဖြင့် သူ့ဆရာကို ဝိုင်းကြည့်နေကြလေသည်။

“ဒါ-ဒါဆို… ကျွန်တော်တို့ တောင်ပေါ် တက်ရမှာလား မတက်ရတော့ဘူးလား ဆရာ?”

“သေချာပေါက် တက်ရမှာပေါ့၊ ဒါပေမယ့် အရင်ဆုံး အခင်းအကျင်းတည်ဆောက်ဖို့လိုတယ်။”

“အခင်းအကျင်းတည်ဆောက်မယ်?”

“ဟုတ်တယ်၊ တုန့်ငှင်းမဲ့နေမင်းအစီအရင်၊ နတ်ဘုရားပုံရိပ်ယောင်အစီအရင်၊ ကောင်းကင်ဘုံချိုးဖြတ်ခြင်းအစီအရင်တွေ တည်ဆောက်ရမယ်! ဒါတွေအားလုံးက ကောင်းကင်ဘုံထိပ်တန်းအဆင့် အခင်းအကျင်းတွေချည်းပဲ။”

“တုန့်ငှင်းမဲ့နေမင်းအစီအရင်က ရန်သူရဲ့အရှိန်ကို လျော့ကျသွားစေတယ်။ နတ်ဘုရားပုံရိပ်ယောင်အစီအရင်ကတော့ ရန်သူရဲ့တွေးခေါ်ဆုံးဖြတ်နိုင်စွမ်းကို ဝေဝါးသွားစေတယ်။ ကောင်းကင်ဘုံချိုးဖြတ်ခြင်းအစီအရင်ဆိုရင်တော့ ရန်သူရဲ့ တိုက်ခိုက်စွမ်းရည်နဲ့ ခုခံစွမ်းရည်ကို အများကြီး လျော့ကျသွားစေနိုင်တယ်။ ဒီအခင်းအကျင်းသုံးခုကိုသာ သေချာခင်းကျင်းလိုက်မယ်ဆိုရင် ကောင်းကင်နတ်ဆိုးဂိုဏ်းတစ်ခုလုံးရဲ့ အင်အားကို အချိန်တစ်ခုအထိ လုံးဝလျှော့ချသွားနိုင်စွမ်းရှိတယ်။”

ဂလု!

သုံးယောက်သား တံတွေးမမြိုချမိဘဲ မနေနိုင်ဖြစ်သွားကြသည်။

ယွင်လီကောကတော့ ထုံးစံအတိုင်း အပိုတွေမပြောဘဲ မနေနိုင်ခဲ့ပေ။ “ငါတို့ဆရာလို့မပြောရဘူး၊ ဒီလိုထူးခြားတဲ့နည်းလမ်းမျိုးကို ချက်ချင်းတွေးထုတ်နိုင်တယ်… ဒီအတိုင်းသာဆို အရိုးဖြူနတ်ဆိုးဂိုဏ်းတစ်ခုလုံးက ကျွန်တော်တို့သုံးယောက်အတွက် လေ့ကျင့်ရေးကွင်းကြီးတစ်ခုလိုဖြစ်သွားမှာပဲ.. ကျွန်တော်တို့ရဲ့ ကိုယ့်အဆင့်ထက်ပိုမြင့်တဲ့လူတွေကိုပါ သတ်နိုင်စွမ်းနဲ့သာဆို သူတို့တွေ ခုခံချင်ရင်တောင် မခုခံနိုင်ကြတော့လောက်ဘူး။”

ကျီဝူရှား : “ဆရာက အရမ်းတော်တာပဲ..”

ဖုန်းထျန်းယွမ် : “ဆရာက အရမ်းတော်တယ်..”

“တော်ပြီ.. အပိုတွေမပြောကြနဲ့တော့။ ငါအခုပဲ အခင်းအကျင်းရေးဆွဲတော့မယ်.. မင်းတို့သုံးယောက်က အခင်းအကျင်းရဲ့ ဗဟိုချက်တွေမှာ ဝိညာဉ်ကျောက်တုံးတွေ သွားဖြည့်ပေးကြ..”

လုရှောင်ယန် ပြောလိုက်ပြီးသည်နှင့် သူ့တပည့်သုံးယောက်ကို သိုလှောင်အိတ်တစ်အိတ်လှမ်းပေးလိုက်သည်။

“ဒီထဲမှာ အဆင့်မြင့်ဝိညာဉ်ကျောက်တုံး ၃သောင်းရှိတယ်.. မှတ်ထား.. အခင်းအကျင်းတိုင်းရဲ့ ဗဟိုချက်တွေမှာ ဝိညာဉ်ကျောက်တုံးတွေကို သေချာလိုက်ဖြည့်မှဖြစ်မှာ.. နည်းနည်းလေးမှ မလွဲစေနဲ့။”

“ဟုတ်ကဲ့ပါ!”

ထို့သို့ဖြင့် ဆရာတပည့်လေးယောက် ကိုယ့်ကိုယ်ပိုင်ကျင့်စဉ်လမ်းကြောင်းများကို လှည့်ပတ်လိုက်ကြသည်။ လုရှောင်ယန်ကတော့ သူ့အရှိန်ကိုတိုးသွားစေဖို့ ကြီးမြတ်သောအာကာပြင်ပြိုကွဲခြင်းခြေလှမ်းကိုအသုံးပြုကာ အခင်းအကျင်းကိုရေးဆွဲလေသည်။ ဤတစ်ခေါက် အခင်းအကျင်းကို ရေးဆွဲရာတွင်တော့ သူ၏အခင်းအကျင်းခွန်အားကို ရာနှုန်းပြည့်သုံးစွဲထားခဲ့သည်။

ယွင်လီကောနှင့်ကျန်နှစ်ယောက်သည်လဲ သူတို့ဆရာနောက်က ထပ်ကြပ်မကွာအမှီလိုက်ကာ ဝိညာဉ်ကျောက်တုံးများကို နေရာချပေးကြသည်။

အရိုးဖြူနတ်ဆိုးဂိုဏ်းကြီးတစ်ခုလုံးကို ခြုံငုံကာ တစ်လက်မလေးမှမလွတ်စေရဘဲ အခင်းအကျင်းများတည်ဆောက်လိုက်သည်။ ဒီလိုသာဆို အရိုးဖြူနတ်ဆိုးဂိုဏ်းထဲကနေပြီး တစ်ယောက်လေးတောင်မှ လွတ်ထွက်မသွားစေဖို့ အာမခံချက်ရှိပြီးသွားဖြစ်သွားပေပြီ။

အားလုံးပြင်ဆင်သွားပြီးနောက်မှာတော့ ဂိုဏ်းထဲသို့ စတင်ဝင်ရောက်လိုက်သည်။

လုရှောင်ယန်၏အကြည့်များက အေးစက်ခက်ထန်လို့နေကာ နောက်ဆုံးအနေဖြင့်ပြောလိုက်သည်။ “မှတ်ထားကြ.. ဒါက လေ့ကျင့်ရုံပဲ.. မင်းတို့နိုင်မယ်ထင်ရင် တိုက်သာတိုက်.. တကယ်လို့ မနိုင်ဘူးထင်ရဲလဲ ပြေးဖို့တွန့်ဆုတ်မနေကြနဲ့။”

“ဟုတ်ကဲ့။”

“မင်းတို့နားလည်ပြီဆိုမှတော့ ရန်သူတွေကိုသွားသတ်လိုက်ကြတော့!”

လုရှောင်ယန် စကားဆုံးသွားသည်နှင့် ယွင်လီကောနှင့်ကျန်နှစ်ယောက်တို့၏အကြည့်များသည်လဲ ချက်ချင်းအေးစက်သွားကြတော့သည်။ ထို့နောက် သုံးယောက်သား အရိုးဖြူနတ်ဆိုးဂိုဏ်းဝင်ပေါ်သို့ တပြိုင်တည်း လျှောက်သွားကြလေသည်။

လုရှောင်ယန်ကတော့ ထိုသုံးယောက် ထွက်သွားသည်ကို နောက်ကနေကြည့်၍သာနေလေသည်။ သူ့မျက်လုံးများကိုကျဉ်းမြောင်းပြီး တစ်စုံတစ်ရာကိုလဲ ရေရွတ်နေခဲ့သည်။

“ငါ သူတို့ကိုယ်ပေါ်မှာလုပ်ပေးလိုက်တဲ့ အစီအရင်နဲ့ဆိုရင် ခုခံတဲ့ဘက်မှာ သူတို့အတွက်စိတ်ပူနေဖို့မလိုတော့ဘူး… သူတို့ရဲ့တိုက်ခိုက်နိုင်စွမ်းကတော့ သုံးယောက်လုံးက

သိုင်းဘုရင်အဆင့်ကျင့်စဉ်ကို ကျင့်ထားကြတာဆိုတော့ သူတို့ထက်
အဆင့်ကြီးနှစ်ဆင့်လောက်အထိ မြင့်တဲ့ရန်သူတွေကို ဖြေရှင်းဖို့ဆိုတာ
ပြဿနာမရှိနေသင့်ဘူး။
ကောင်းကင်ဘုံအဆင့်မြင့်လက်နက်တွေရဲ့အင်အားကိုပါ
ထပ်ပေါင်းထည့်ထားတဲ့အတွက် သူတို့ရဲ့တိုက်ခိုက်နိုင်စွမ်းက
နောက်ထပ်အဆင့်ကြီးနှစ်ဆင့်စာလောက်တောင်
ထပ်မြင့်သွားသင့်သေးတယ်။"

"ပြီးတော့
ကောင်းကင်ဘုံထိပ်တန်းအဆင့်အခင်းအကျင်းသုံးခုပါရှိနေတဲ့အတွက်
အရိုးဖြူနတ်ဆိုးဂိုဏ်းကလူတွေရဲ့ကျင့်ကြံဆင့်တွေကလဲ လျော့သွားကြမှာပဲ။
ဒီတော့ သူတို့သုံးယောက် တော်တော်တော့ခံနိုင်လောက်တယ်။
ဒီအချိန်အတွင်း ငါလဲ
ခရမ်းရောင်ကောင်းကင်ဘုံမြင့်မြတ်အလင်းတန်းအခင်းအကျင်းကို
အမြန်ဆောက်ပြီး အရိုးဖြူနတ်ဆိုးဂိုဏ်းတစ်ခုလုံးကို တစ်ခါတည်းနဲ့
တမလွန်ပို့ပစ်မယ်။"

ဒါပါပဲ… လုရှောင်ယန် တကယ်တမ်းသုံးချင်နေသည်က သိုင်းဘုရင်ထိပ်တန်းအဆင့် တိုက်ခိုက်ရေးအစီအရင်တစ်ခုဖြစ်တဲ့- ခရမ်းရောင်ကောင်းကင်ဘုံမြင့်မြတ်အလင်းတန်းအခင်းအကျင်းပင်ဖြစ်သည်။

လုရှောင်ယန်၏ ပန်းတိုင်အစစ်အမှန်မှာ ကျီရွှေ့တောင်ထိပ်၏လျှို့ဝှက်ချက် တစ်ခုမှမပေါက်ကြားတာ သေချာစေအောင် အရိုးဖြူနတ်ဆိုးဂိုဏ်းတစ်ခုလုံးကို အမြစ်ဖြတ်ဖျက်ဆီးပစ်ဖို့ပင်။

သူတစ်ယောက်တည်းနဲ့ အရိုးဖြူနတ်ဆိုးဂိုဏ်းသားများကို သုတ်သင်နိုင်သော်လည်း အရာအားလုံးကို ဖျက်ဆီးနိုင်ဖို့အထိတော့ အာမခံချက်မရှိပေ။

ထို့အပြင် အရိုးဖြူနတ်ဆိုးဂိုဏ်းတွင် မြင်းနက်များရှိနေ,မနေကလဲ မသေချာပေ။

အခုလို အခင်းအကျင်းကို သုံးလိုက်ခြင်းသည်က အရိုးဖြူနတ်ဆိုးဂိုဏ်းကို ဖျက်ဆီးပစ်နိုင်ဖို့ အထိရောက်ဆုံးနှင့် အသေချာဆုံးနည်းလမ်းဖြစ်သည်။

ခရမ်းရောင်ကောင်းကင်ဘုံမြင့်မြတ်အလင်းတန်းအစီအရင်သည် သိုင်းဘုရင်ထိပ်တန်းအဆင့် တိုက်ခိုက်ရေးအခင်းအကျင်းဖြစ်တာကြောင့် ခင်းကျင်းဖို့အတွက် အချိန်အတော်ကြာလိုအပ်သည်။ တစ်ခါတည်းမှာပဲ အသက်သွင်းဖို့ဆိုလဲ အချိန်လိုအပ်ပြန်သည်။

ဒါ့အပြင် သိုင်းဘုရင်အဆင့်အခင်းအကျင်း၏အော်ရာသည် ကောင်းကင်ဘုံအဆင့်အခင်းအကျင်းနှင့်မတူညီဘဲ လွန်စွာအားကောင်းလှသည်။ ဒီအတွက် အရိုးဖြူနတ်ဆိုးဂိုဏ်းမှလူတွေ ချက်ချင်းသိရှိသွားမည်မှာ အသေအချာပင်။ ဒါကြောင့်ပဲ သူတို့အာရုံကိုလွှဲထားဖို့ရန်အတွက် လုရှောင်ယန်တို့ကို အရင်ဆုံး သွားတိုက်ခိုက်ခိုင်းခြင်းဖြစ်သည်။

တကယ်လို့ ဘယ်သူကမှ အာရုံသွားမနှောက်နေဘဲ အားလုံးထွက်ပြေးသွားရင် အခင်းအကျင်းတည်ဆောက်ပြီးသွားလို့လဲ အလကားပင်။

သက်သက် ဝိညာဉ်ကျောက်တုံးတွေ ဖြုန်းတီးလိုက်ရုံသာ ရှိပေမည်။

……

ထိုအချိန်တွင် ယွင်လီကောတို့ကတော့ အရိုးဖြူနတ်ဆိုးဂိုဏ်း၏ဝင်ပေါက်ရှိရာသို့ ရောက်ရှိသွားကြပေပြီ။

အရိုးဖြူနတ်ဆိုးဂိုဏ်းမှ အစောင့်ဂိုဏ်းသားများက သူတို့သုံးယောက်ကို ချက်ချင်းတွေ့ရှိသွားကြသည်။

“ရပ်လိုက်စမ်း.. မင်းတို့ဘယ်သူတွေလဲ?”

"မင်းတို့အသက်ကို လိုချင်နေတဲ့သူတွေပဲ!"

ချက်ချင်းဆိုသလို ထိုလူအနည်းငယ်ရှေ့သို့ ယွင်လီကော အလင်းတန်းတစ်ခုလို တရှိန်ထိုး တိုးဝင်သွားလိုက်သည်။ သူ၏ ရှေးဟောင်းကေရာဇ်သိုင်းကျမ်းကို လှည့်ပတ်လိုက်ကာ စွမ်းအားများကို လက်ထဲတွင်စုလိုက်ပြီး ရှေးဟောင်းကေရာဇ်လက်သီးအဖြစ် ထုတ်ဖော်လိုက်ပေသည်!

လက်သီးချက်က မာန်ဖီနေသည့်ကျားတစ်ကောင်ပမာ ကန်ထွက်သွားပြီး လေထုကို ဖြတ်သန်းသွားရခြင်းကြောင့် ကောင်းကင်နှင့်မြေကြီးကိုပင် တုန်ခါသွားစေခဲ့သည်။ ထို့နောက် ထိုလက်သီးချက်သည် မှင်သက်နေကြသည့် အရိုးဖြူနတ်ဆိုးဂိုဏ်းသားများပေါ်သို့ သက်ဆင်းသွားလေသည်။

ဘုန်း!

လက်သီးတစ်ချက်တည်းနဲ့တင် ဂိုဏ်းသားအနည်းငယ်ကို လွင့်ထွက်သွားစေကာ သူတို့နောက်ဘက်ရှိ တောင်ဂိတ်တံခါးနှင့် ပြင်းထန်စွာ ဆောင့်မိသွားစေသည်။

ကျီဝူရှားသည်လဲ နောက်ကောက်ကျမကျန်နေခဲ့ပေ။ သူမလက်ကို ညင်သာစွာယမ်းလိုက်သည်နှင့် ရုတ်တရက်ဆိုသလို ကြေးဝါရောင်တံဆိပ်ပြားလေးတစ်ခုပေါ်လာကာ လေထုကို မငြိမ်မသက်ဖြစ်သွားစေသည်။ ထို့နောက် ချက်ချင်းပင် ၁ဝမီတာခန့်မြင့်သည့် တောင်ကျွမ်းထိုး(တောင်ဖြို)အမှတ်ကြီးတစ်ခုအဖြစ်သို့ ပြောင်းလဲသွားလေသည်။

“ချိုးဖြတ်စမ်း!”

သူမ၏ကျောက်စိမ်းလက်ဝါးချက်ဖြင့် ရိုက်လိုက်သည်နှင့် ထိုတောင်ကျွမ်းထိုးအမှတ်အသားသည် တောင်ဂိတ်ပေါက်ပေါ်သို့ ပြင်းထန်စွာ ကျဆင်းသွားကာ အုန်းခနဲအသံကျယ်ကြီး ပေါ်ထွက်လာလေသည်။

ထိုပေါက်ကွဲမှုက ယွင်လီကောဇ၏လက်သီးချက်ထက် ဆယ်ဆမကပိုမိုပြင်းထန်လှသည်။

ဒီလိုနဲ့ပဲ အရိုးဖြူနတ်ဆိုးဂိုဏ်း၏တောင်ဂိတ်တံခါးပေါက်မှာ အစိတ်စိတ်အမြွှာမြွှာ ကျိုးကြေသွားတော့သည်။ အရိုးဖြူနတ်ဆိုးဂိုဏ်း တောင်ကိုကာကွယ်ထားသည့်အခင်းအကျင်းသည်လဲ ကျီဝူရှားတစ်ချက်လှုပ်လိုက်ရုံနဲ့ကို ပျက်ပြယ်သွားပေပြီ။

တောင်ကိုကာကွယ်ထားသည့် အခင်းအကျင်းပျက်သွားသည်နှင့် အရိုးဖြူနတ်ဆိုးဂိုဏ်းမှ ပညာရှင်များလဲ ချက်ချင်းအာရုံခံမိသွားကြသည်။

ဒေါင် ဒေါင်!

တောင်ထပ်ဆီမှ ကြီးမားကျယ်လောင်သည့် ခေါင်းလောင်းသံကြီးထွက်ပေါ်လာကာ ချက်ချင်းဆိုသလို အမှောင်ယံထဲတွင် မရေမတွက်နိုင်သည့်အော်ရာများက အပြေးအလွှားဖြစ်ကုန်ကြတော့သည်။

“ငါတို့အရိုးဖြူနတ်ဆိုးဂိုဏ်းကို ဘယ်သူတွေကျူးကျော်ရဲတာလဲ?”

“အရိုးဖြူနတ်ဆိုးဂိုဏ်းတပည့်တွေ နားထောင်! ကျူးကျော်သူကို ချက်ချင်းသတ်ကြ!”

တောင်ထိပ်ပေါင်းများစွာဆီမှ ထိုသို့သောအသံများပျံ့လွင့်လာသည်နှင့် ယွင်လီကောတို့လဲ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြသည်။ သူတို့အကြည့်များထဲတွင် စိတ်လှုပ်ရှားမှုများပြည့်နှက်နေသလို ကြောက်ရွံ့မှုတစ်စွန်းတစ်စကိုလဲ မြင်နိုင်ပေသည်။

သတ်ဖြတ်ရမည်ဆိုသည်က သူတို့ကို စိတ်လှုပ်ရှားလာစေပေမည့် တစ်နည်းတစ်ဖုံ ကြောက်ရွံ့မှုကိုလဲ ဖြစ်ပေါ်စေခဲ့သည်။

သူတို့ကိုယ်ခန္ဓာထဲတွင် အခုချက်ချင်းပဲ နိုးထလာတော့မည့် ရှေးဟောင်းသွေးများ လှုပ်ခတ်လာသလိုပင် ခံစားလိုက်ကြရသည်။

“စီနီယာအစ်ကိုကြီး၊ စီနီယာအစ် ငါအရင်သွားနှင့်မယ်။”

တိုင်ပင်ခြင်းတောင်မရှိဘဲ ဖုန်းထျန်းယွမ် ရယ်မောလိုက်ကာ သူ့ကိုယ်ထဲမှ ရွှေဝါရောင်အော်ရာများက ရုတ်ခြင်းပြင်းထန်လာကာ သူ့ကိုအကာအကွယ်ပေးထားသည့် မီတာဝက်မျှမြင့်သော ရွှေရောင်ကိုယ်ထည်ကြီးတစ်ခု ထွက်ပေါ်လာခဲ့သည်။ သူ့လက်ရှိပုံစံမှာ နတ်ဘုရားတစ်ပါးဆင်းသက်လာလိုပင်။

ထို့နောက် ခြေတစ်ချက်ဆောင့်နင်းလိုက်ကာ သူ့ခြေထောက်အောက်ရှိ ကျောက်သားတောင်နံရံများကို အက်ကွဲသွားစေလေသည်။ သူ၏ခန္ဓာကိုယ်သည်လဲ တောင်ထိပ်ဆီသို့ ပျံတက်သွားကာ နောက်တွင် ရွှေရောင်အလင်းတန်းကြီးသာ ကျန်ရစ်ခဲ့လေသည်။

ယွင်လီကော ဟက်ခနဲတစ်ချက်ရယ်လိုက်သည်။

“ဂျူနီယာညီလေး မင်းတော်တော် မျက်နှာပြောင်တာပဲ..”

ကျီဝူရှားပါ တစ်ခုခုပြန်မပြောနိုင်ခင်မှာတင် ယွင်လီကောဓ၏ညာလက်က လှုပ်သွားကာ နဂါးနိုင်လုံပေါ်လာပြီး သူပါ ထပ်ကြပ်မကွာ လိုက်သွားလေသည်။

ကျီဝူရှား၏ တုံ့ပြန်နိုင်စွမ်းကာ အသက်တစ်ရှိုက်စာ၏တစ်ဝက်မျှ နောက်ကျသွားခဲ့သည်။ သူမစကားပြန်ပြောနိုင်ချိန်မှာတော့ ထိုနှစ်ယောက်သည် ၅ကီလိုမီတာလောက်ထိ အဝေးကိုရောက်သွားကြပေပြီ။

သို့သော်လည်း သူမကတော့ စိတ်မဆိုးသွားဘဲ လှောင်ရယ်သာရယ်လိုက်သည်။

“ဟ-ဟ.. နင်တို့ယောက်ျားတွေအားလုံး မျက်နှာပြောင်ကြတာလား? ဝက်လိုအသင်းဖော်တွေ!”

သူမ,မကောင်းပြောလိုက်ပြီးနောက် သူမကိုယ်ထဲရှိ စစ်မှန်သောဇာမဏီကိုးပါးအသွင်ပြောင်းခြင်းကျင့်စဥ်က အကြမ်းပတမ်းလှည့်ပတ်လာတော့သည်။

‘ဇာမဏီငှက်အော်သံ’

ကျီဝူရှား၏နောက်တွင် ၅မီတာမျှမြင့်သည့် ဇာမဏီပုံရိပ်ကြီးတစ်ခုပေါ်လာကာ ကောင်းကင်သို့မျှော်လျက် ကျယ်လောင်စွာ အော်ဟစ်လိုက်လေသည်။

ထို့နောက် သူမအတွေးတစ်ချက်ဖြင့် ရှေ့ကနှစ်ယောက်ထက် အဆပေါင်းများစွာမြန်ဆန်သည့် အရှိန်ဖြင့် ကောင်းကင်ပေါ်သို့ ဆန်တက်သွားတော့သည်…

***

# အခန်း ၆ လူမဆန်သောလုပ်ရပ်

မှောင်မိုက်နေသော ညကောင်းကင်၏အောက်တွင် ကြယ်တံခွန်ကဲ့သို့ အလင်းတန်းတစ်ခုသည် လူအုပ်ထဲသို့ ကျရောက်သွားပြီး တောင်ပေါ်၌ ပေါက်ကွဲကာ တွင်းကြီးတစ်ခု ချက်ချင်းဖြစ်ပေါ်သည်။

လေပြင်းများပြင်းထန်စွာတိုက်ကာ တောင်ကြောများပြိုကျပြီး သဲများ နေရာအနှံ့ လွင့်ပျံလာသည်။

တစ်ကြိမ်တိုက်ခိုက်ရုံဖြင့် မရေမတွက်နိုင်သော အရိုးဖြူနတ်ဆိုးဂိုဏ်းတပည့်သား အများအပြား သေဆုံးကုန်သည်။

ကျိဝူရှားသည် တောင်ကျွမ်းထိုး(တောင်ဖြို)အမှတ်အသားကို လက်ထဲတွင်ကိုင်ထားပြီး သူမ၏ ခန္ဓာကိုယ်အတွင်း၌ စစ်မှန်သောဇာမဏီကိုးပါးအသွင်ပြောင်းခြင်းကျင့်စဉ်ကို အမြန်ဆုံးအရှိန်ဖြင့် ဖြန့်ကျက်လိုက်သည်။

သူမ၏အောက်ဘက်ရှိ ဇာမဏီပုံရိပ်သည် အတောင်ပံကိုတစ်ဖျတ်ဖျတ် ခတ်ကာ နံဘေးရှိလေများကို  ရှေ့သို့ တွန်းပို့သည်။

ပြင်းထန်သော ပေါက်ကွဲသံများသည် တောင်ပေါ်မှ အဆက်မပြတ် ထွက်ပေါ်နေပြီး နှလုံးကွဲမတတ်အော်သံများက အနောက်မှကပ်ပါလာသည်။

ဒါတင်မကဘဲ ကျီဝူရှားသည် တောင်ကျွမ်းထိုးအမှတ်အသားကို သူမ၏လက်မှ အဆက်မပြတ်ပစ်လွှတ်နေသည်။

သူမတစ်ခါပစ်လွှတ်လိုက်တိုင်း၊ တောင်ဖြိုအမှတ်အသားသည် အရိုးဖြူနတ်ဆိုးဂိုဏ်း၏တပည့်တစ်ဦးကို တိုက်ရိုက်အကွဲအပြဲဖြစ်စေသည်။

"အရမ်းတွေ မာနကြီးမနေနဲ့.. ငါတို့ရဲ့ အရိုးဖြူနတ်ဆိုးဂိုဏ်းမှာ ဘယ်သူမှ မကျန်တော့ဘူးလို့ မင်းတကယ်ထင်နေတာလား?"

ကျီဝူရှားမှာ ထိုကဲ့သို့ ပျော်ရွှင်စွာ သတ်ဖြတ်နေစဉ် သူမ၏ ဘယ်ဘက်မှ ပြင်းထန်သော အရှိန်အဝါတစ်ခု ရုတ်တရက် ထွက်ပေါ်လာသည်။ ၎င်းသည် စိတ်ဝိညာဉ်အဆင့် အကြီးအကဲတစ်ဦးပင်။

သူ၏ တိုက်ခိုက်မှုက ကျီဝူရှားအပေါ် ကျရောက်ခါနီးဆဲဆဲတွင်  ရုတ်တရက် အအေးဓာတ်တစ်ခုသည်

တောင်၏အောက်ခြေရှိ အမှောင်ထဲကနေ ထွက်ပေါ်လာသည်။ ထို့နောက် လှံသည် နဂါးသဖွယ် သူ၏ရင်ဘတ်ကို တိုက်ရိုက်ထိုးဖောက်ကာ ကျောက်ဆောင်တစ်ခုတွင် စိုက်ဝင်သွားစေသည်။

"ဂျူနီယာညီလေး စိတ်မကောင်းပါဘူး.. ကြည့်ရတာ ငါက ပိုမြန်တယ်ထင်တယ်.."

ယွင်လီကော မကောင်းဆိုးဝါးဆန်ဆန် ပြုံးပြီး အရှေ့ကို တိုးလာသည်။ သူသည် နဂါးနိုင်လှံကို နှုတ်ယူပြီး တိုက်ပွဲတွင် ပါဝင်လာသည်။

ဖုန်းထျန်းယွမ်သည် သူ၏ နောက်မှရောက်လာပြီး သူ၏အမူအရာသည် အနည်းငယ်စိတ်ဓါတ်ကျနေပုံပေါ်သည်။

ဖျက်ဆီးမရနိုင်သည့်ရွှေခန္ဓာကျင့်စဉ်သည် ရှေးဟောင်းကေရာဇ်ကျမ်းထက် အဆပေါင်းများစွာ သာလွန်သော်လည်း ၎င်း၏ အမြန်နှုန်းကို နှိုင်းယှဉ်လျှင် အားပိုနည်းသည်။

ဒေါသတွေပြည့်နှက်ကာ သူ၏ဒေါသအားလုံးကို အရိုးဖြူနတ်ဆိုးဂိုဏ်း၏ တပည့်များနှင့် အကြီးအကဲများအပေါ်တွင်သာ

ပုံချနိုင်သည်။ သူ့၏လက်ထဲရှိ ရွှေတူဖြင့် အရိုးဖြူနတ်ဆိုးဂိုဏ်း၏ တပည့်များစွာကို အလွယ်တကူ တစ်စစီလုပ်ပစ်လိုက်သည်။

ဤသည်မှာ လူသတ်ပွဲပင်၊ လုံး၀ တစ်ဖက်သတ်ဆန်သည့် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုတစ်ခုပင်။

ယွင်လီကောနှင့် ကျန်နှစ်ဦးတို့သည် အားသာချက်အမျိုးမျိုးကို ကိုင်စွဲထားသောကြောင့် အရိုးဖြူနတ်ဆိုးဂိုဏ်းမှ အဆင့်နိမ့်တပည့်များအနေနှင့် သူတို့ကို ရိုးရှင်းစွာပင် ခုခံနိုင်စွမ်းမရှိပေ။

သူတို့သုံးယောက်သည် အသီးအရွက်တွေ ခုတ်နေသလိုပင်ထင်ရသည်။

အရိုးဖြူနတ်ဆိုးဂိုဏ်းမှ တပည့်များနှင့် အဆင့်နိမ့်အကြီးအကဲများ တစ်ယောက်ပြီး တစ်ယောက် သေဆုံးကုန်ကြသည်ကို မြင်လိုက်ရသောအခါ အရိုးဖြူနတ်ဆိုးဂိုဏ်း ၏ အကြီးအကဲကြီးများလဲ မတတ်သာတော့ပဲ ၀င်တိုက်ခိုက်ရတော့သည်။

"အရမ်းမလွန်လာကြနဲ့..."

အရိုးဖြူနတ်ဆိုးဂိုဏ်း၏ တောင်ပင်လယ်အဆင့်ရှိသော အကြီးအကဲတစ်ဦးသည် လေထုကို နင်းပြီး ယွင်လီကောဆီသို့ ဦးတည်သွားသည်။

သူသည် ထိုစကားကိုပြောရင်း ရှေ့သို့ထွက်လာသည်။

ဓားသွား၏အလင်းတန်းသည် ညကောင်းကင်ယံ၌ မီတာ ၂၀၀ ကျော် အကွာအဝေးထိ ပျံ့လွင့်စေကာ ညကို အလင်းရောင်များ ထွန်းလင်းစေပြီး မရေမတွက်နိုင်သော လူများကို အံ့အားသင့်စေခဲ့သည်။

“အဲဒါက အကြီးအကဲချန်ပဲ။ သူက တောင်ပင်လယ်အဆင့်ကိုရောက်နေတဲ့ ကျွမ်းကျင်သူ.. မြေကမ္ဘာအလယ်အဆင့်ကျင့်စဉ်ဖြစ်တဲ့ မာရ်နတ်ဓားသိုင်းကို ကျင့်တာပဲ.. သူက ပြီးပြည့်စုံတဲ့အဆင့်ကိုတောင် ရောက်နေပြီ။ ငါတို့ ကယ်တင်ခံရပြီဟေ့။”

တပည့်တစ်ဦးသည် တစ်ဖက်သား၏ အဆင့်အတန်းကို မှတ်မိပြီး စိတ်လှုပ်ရှားစွာ အော်လိုက်သည်။

အခြားတပည့်များ၏ မျက်လုံးများတွင်လည်း စိတ်ပျက်အားငယ်မှုများ ပျောက်ကွယ်သွားပြီး စိတ်လှုပ်ရှားခြင်းနှင့် မျှော်လင့်ခြင်းအဖြစ်သို့ ပြောင်းလဲသွားသည်။

သို့သော်...

ယွင်လီကောသည် လုံးဝရှောင်တိမ်းခြင်းမရှိပေ။ သူသည် ရှေ့သို့ ခြေတစ်လှမ်းတိုးကာ ကမ္ဘာမြေကိုတုန်ဟီးစေသည့် နဂါးဟိန်းသံထွက်ပေါ် နေသည့် သူ၏လက်ထဲရှိ နဂါးနိုင်လှံကို ဝှေ့ယမ်းလိုက်သည်။ လှံ၏အလင်းသည် အကြီးအကဲချန်၏ဓားသွားကို အမှန်တကယ်ပင် ဖြတ်တောက်ပစ်လိုက်သည်။

ယွင်လီကော၏လှံသည် ၎င်း၏ အရှိန်အဝါမှာ လျော့ပါးမသွားပဲ ညကောင်းကင်ယံထက်တွင် စက်ဝိုင်းခြမ်းသဏ္ဍာန် ဝှေ့ယမ်းလိုက်သည်။၎င်းသည် အကြီးအကဲချန်၏ ခန္ဓာကိုယ်ကို ဖြတ်ကျော်သွားသောအခါ အရှိန်သည် ချက်ချင်း လျော့ကျသွားသည်။

ခြေလှမ်းနှစ်လှမ်းလောက် ယိမ်းထိုးသွားပြီးနောက်၊ အကြီးအကဲချန်၏ ဦးခေါင်းသည် သူ၏လည်ပင်းမှ လိမ့်ဆင်းသွားပြီး သူ၏ခန္ဓာကိုယ်သည် အားအင်မဲ့စွာ ပြုတ်ကျသွားတော့သည်။

"ဟမ်...."

အရိုးဖြူနတ်ဆိုးဂိုဏ်း၏ တပည့်များအားလုံးသည် ထိုအဖြစ်ကိုမြင်သည်နှင့် လွန်စွာအံ့သြသွားကြလေသည်။

တောင်ပင်လယ်အဆင့်တွင်ရှိနေသည့် အကြီးအကဲချန်သည် တစ်ဖက်လူ၏တိုက်ခိုက်မှုကို တားဆီးရန် မတတ်နိုင်ခဲ့ပေ။

တစ်ဖက်လူသည် ဤမျှအထိ ကောင်းကင်ကို အံတုနိုင်သည့်ခွန်အားမျိုး ရှိနေသည်။

တစ်ဖက်သားသည်  အလွန် အထင်ကြီးစရာကောင်းသည်။

ယွင်လီကောသည်လည်း အလွန်စိတ်လှုပ်ရှားနေမိသည်။ သူသည် တစ်နေ့တွင် တောင်ပင်လယ်အဆင့်မှ ကျွမ်းကျင်ပညာရှင်ကို ချက်ခြင်းသတ်နိုင်လိမ့်မည်ဟု မထင်ထားခဲ့ပေ။

ထိုခွန်အားသည် သူ၏စစ်မှန်သောခွန်အားဟု မဆိုနိုင်ဘဲ အထောက်အပံ့များစွာကြောင့်ဆိုပေမည့် ၎င်းသည် သူ့အား ခွန်အားကြီးချင်စိတ်ကို ပို၍တိုးလာစေနေတုန်းပင်။

တစ်နေ့တွင် သူ၏ကိုယ်ပိုင်ခွန်အားကိုသုံးပြီး တောင်ပင်လယ်အဆင့်ကျွမ်းကျင်ပညာရှင်ကို သတ်နိုင်သည်အထိ ကျင့်ကြံမည်ဟု ဆုံးဖြတ်လိုက်သည်။

အရိုးဖြူနတ်ဆိုးဂိုဏ်းသည် မတုံးပေ။ ဤမျှ ကြီးမားသောဆုံးရှုံးမှုကို ခံစားခဲ့ရပြီးနောက် သူတို့သည် အားနည်းသော ကျင့်ကြံဆင့်ရှိသော အကြီးအကဲများနှင့် တပည့်အားလုံးကို ချက်ချင်းပြန်ခေါ်သည်။

“တောင်ပင်လယ်အဆင့်အောက်က အကြီးအကဲတွေ၊ တပည့်တွေအားလုံး တောင်ပေါ်ကို ချက်ချင်းပြန်သွားကြ!”

ဒါကိုကြေညာပြီးသည်နှင့် လူတိုင်းသည် သူတို့အသက်ကို ကယ်တင်ခံလိုက်ရသလိုမျိုး သက်မချပြီး တောင်ပေါ်ကို အလျှင်အမြန် ပြေးတက်ကြသည်။

"မင်းတို့ ထွက်သွားဖို့ ငါ့ကို ခွင့်တောင်းခဲ့ရဲ့လား?"

ဖုန်းထျန်းယွမ်သည် သူ၏ ဂိုဏ်းတူ အကိုနှင့် အစ်မတွေက သူ့ကို နှောင့်နှေးစေခဲ့၍ စိတ်ဆိုးနေသည်။ အဘယ်မှာ သူ၏ရန်သူများကို လွှတ်မြောက်ဖို့ ခွင့်ပြုရမည်နည်း။

ချက်ချင်း သူတို့ကို ဟန့်တားလိုက်သည်။

သို့သော် အရိုးဖြူနတ်ဆိုးဂိုဏ်းသည်လည်း အနှောက်ယှက်မခံပေ။ စိတ်ဝိညာဉ်သန့်စင်ခြင်းအဆင့်မှ အကြီးအကဲတစ်ဦးသည် အမြန်ဆုံးအရှိန်ဖြင့် ဆင်းသက်လာပြီး ဖုန်းထျန်းယွမ်ဆီသို့ လက်သီးချက်ထိုးလိုက်သည်။

"မင်း ငါ့ရဲ့ အရိုးဖြူနတ်ဆိုးဂိုဏ်းက တပည့်တွေကို သတ်ဖို့ကိုရော ခွင့်တောင်းခဲ့လို့လား?"

ဖုန်းထျန်းယွမ် သရော်လိုက်သည်။ "ဘာလို့ ငါက ခွင့်ပြုချက်တောင်းရမှာလဲ?"
သူသည် ပြောရင်းပင် လက်သီးချက်ထိုးလိုက်သည်။ သူ၏ခန္ဓာကိုယ်ပေါ်ရှိ ရွှေရောင်ပုံရိပ်သည်လည်း သူ့လို လိုက်လှုပ်ရှားသည်။

အဆုံးတွင်၊ စိတ်ဝိညာဉ်သန့်စင်ရေးဘုံ အကြီးအကဲ၏လက်သီးချက်နှင့် ဖုန်းထျန်းယွမ်၏လက်သီးတို့ တိုက်မိသွားသည်။

ဘုန်း...

ပေါက်ကွဲသံနှင့်အတူ စွမ်းအင်လှိုင်းသည် အချင်း မီတာတစ်ထောင်ကျော်ရှိသော တွင်းကြီးတစ်ခုကို တိုက်ရိုက် ချိုင့်ဝင်သွားစေသည် ။

ပြင်းထန်သော စွမ်းအင်လှိုင်းကြောင့် မရေမတွက်နိုင်သော ပန်းများနှင့် သစ်ပင်များသည် ပြာများအဖြစ်သို့ ပြောင်းလဲသွားသည်။ ထို့နောက် နောက်ဆက်တွဲကြောင့် ပြန့်ကြဲကာ ဖုန်မှုန့်များအဖြစ်သို့ ပြောင်းလဲသွားသည်။

ပေါက်ကွဲမှုမှ မီးတောက်များသည် ပတ်ဝန်းကျင်ရှိ တောင်တန်းများစွာကို လောင်ကျွမ်းစေသည်။

သို့သော်လည်း ပေါက်ကွဲနေသော အလင်းရောင်လျော့ပါးသွားသောအခါ ဖုန်းထျန်းယွမ်သည် ဒဏ်ရာလုံးဝမရရှိနေကြောင်း လူတိုင်း အံ့အားသင့်စွာ တွေ့ရှိလိုက်ရသည်။ စိတ်ဝိညာဉ်သန့်စင်ခြင်းအဆင့်မှအကြီးအကဲသည်တော့ မီတာတစ်ရာအကွာတွင် မောဟိုက်နေသည်။

သူ၏လက်မောင်းပေါ်ရှိ အဝတ်များ အားလုံး စုတ်ပြဲထွက်သွားပြီး သူ၏လက်မောင်းရှိ သွေးကြောများသည် ပြင်းထန်လှသည့် ဖိအားကြောင့် ပေါက်ကွဲထွက်ကာ သွေးများ အဆက်မပြတ် စီးကျလာသည်။

"ဒါက ဘယ်လိုဖြစ်ရတာလဲ?"

အရိုးဖြူနတ်ဆိုးဂိုဏ်းသားများ အားလုံး ထိတ်လန့်သွားကြသည်။

“အကြီးအကဲယွင်က စိတ်ဝိညာဉ် သန့်စင်ခြင်းအဆင့်ရဲ့ ဒုတိယအဆင့်မှာ ရှိတယ်။ သူတကယ်ပဲ တဖက်လူကို ရှုံးခဲ့တာလား။

ဒါမဖြစ်နိုင်ဘူး.. တစ်ဖက်လူရဲ့ အရှိန်အဝါက အဲ့လောက် သိသိသာသာ စွမ်းအားမကြီးပါဘူး!”

အကြီးအကဲယွင်သည် ခပ်ဖွဖွချောင်းဆိုးလိုက်ပြီး လေးနက်သောအမူအရာဖြင့် ပြောလိုက်သည်။ “တစ်စုံတစ်ယောက်က ငါ့ရဲ့ ခွန်အားကို ဖိနှိပ်ဖို့ အစီအရင်တစ်ခု ချထားတယ်။ ငါ့ရဲ့ ကျင့်ကြံဆင့်က စိတ်ဝိညာဉ်သန့်စင်ခြင်းအဆင့်ရဲ့ ဒုတိယအဆင့်မှာ ရှိနေပေမယ့် အခု ထုတ်လွှတ်နိုင်တဲ့ ခွန်အားက တောင်ပင်လယ်ဒုတိယအဆင့်မှာပဲ ရှိတယ်။”

"ဒါပေမယ့် တဖက်လူရဲ့ အရှိန်အဝါကလည်း တောင်ပင်လယ်ဒုတိယအဆင့်မှာပဲ ရှိနေတယ်။"

ဖုန်းထျန်းယွမ်ကို စူးစိုက်စိုက်စိုက်ကြည့်ရင်း အကြီးအကဲယွင်၏ မျက်လုံးများသည် နက်နဲသွားသည်။

“အဲ့တာ ဘာလို့လဲဆိုတော့ သူ့ရဲ့ ကျင့်ကြံခြင်းနည်းလမ်းက သာမန် ကျင့်ကြံခြင်းနည်းလမ်း မဟုတ်လို့ပဲ။ အဲ့တာက အနည်းဆုံး သူတော်စင်အဆင့်ကျင့်ကြံခြင်းနည်းစနစ်ပဲဖြစ်မယ်။ အဲ့တာကြောင့်

ကျင့်ကြံဆင့်တူညီတဲ့ အခြေအနေမှာ၊ သူ့ရဲ့ ခွန်အားက ငါ့ထက် အဆပေါင်းများစွာ သာလွန်နေတာ။”

"ဘာ ?" ဤအခိုက်အတန့်တွင် အရိုးဖြူနတ်ဆိုးဂိုဏ်းတပည့်များအားလုံး၏ မျက်စံအိမ်များ ကျုံ့သွားကာ ဦးရေပြားများ ထုံကျဉ်သွားသည်။

တဖက်ကလူသည် သူတော်စင်အဆင့်အထက်တွင်ရှိသော ကျင့်ကြံခြင်းနည်းလမ်းကို အမှန်တကယ်ပိုင်ဆိုင်သည်ပင်။

ကြီးကျယ်သောကျိုးတစ်ခုလုံးတွင် တော်ဝင်မိသားစုနှင့် တခြားတန်ခိုးကြီးသူများသာ သူတော်စင်အဆင့်ကျင့်ကြံခြင်းနည်းလမ်းကိုပိုင်ဆိုင်ကြောင်း သိထားကြသည်။ အခြားဂိုဏ်းအားလုံးနီးပါးတွင် သူတော်စင်အဆင့်ကျင့်ကြံခြင်းနည်းစနစ် မရှိပေ။ အများစုမှာ ကောင်းကင်ဘုံထိပ်တန်းအဆင့်ကျင့်စဉ်များသာ ပိုင်ဆိုင်သည်။

အရိုးဖြူနတ်ဆိုးဂိုဏ်း၏ အမြင့်ဆုံးကျင့်ကြံခြင်းနည်းစနစ်သည် ကောင်းကင်ဘုံအဆင့်မြင့်ကျင့်စဉ်တစ်ခုသာဖြစ်သည်။

အကြီးအကဲယွင်သည် ထိုသို့ ပြောပြီးသည်နှင့်၊ သူ၏နောက်ကျောဘက်တွင် ပုံရိပ်တစ်ခုသည် လက်နှစ်ဖက်ကို နောက်ပစ်၍ တိတ်တဆိတ် ရောက်ရှိလာသည်။

"သူတို့မှာ သူတော်စင်အဆင့်ကျင့်ကြံခြင်းနည်းစနစ်တစ်ခုထက် ပိုပြီးရှိမှာကို စိုးတယ်။"

ထိုလူရောက်လာသည်ကိုမြင်သော် အားလုံးသည် ချက်ချင်းဒူးထောက်လိုက်ကြသည်။

"ဂိုဏ်းချုပ်ကိုနှုတ်ဆက်ပါတယ်.."

"ထကြပါ.."

လူတိုင်းသည် မတ်တပ်ရပ်လိုက်ပြီး အကြီးအကဲတစ်ဦးသည် ဂိုဏ်းချုပ်၏ ဘေးသို့ အမြန်လျှောက်လာသည်။

"ဂိုဏ်းချုပ်.. ခုဏက စကားက ဘာကိုဆိုလိုချင်တာလဲ..."

CHARM.Y

***

## ***အခန်း ၇ အန္တရာယ်ကျရောက်ခြင်း...***

အရိုးဖြူနတ်ဆိုးဂိုဏ်း၏ ဂိုဏ်းချုပ်သည် အောက်ဘက်ရှိ ယွင်လီကောနှင့် ကျိဝူရှားကို စိုက်ကြည့်နေသည်။

"ငါမမှားရင် ဒီနှစ်ယောက်ကလည်း သူတော်စင်အဆင့်ရဲ့အထက် ကျင့်ကြံခြင်းနည်းစနစ်တွေပိုင်ဆိုင်ရမယ်။"

"ဘာ..."

အရိုးဖြူနတ်ဆိုးဂိုဏ်း၏ တပည့်များနှင့် အကြီးအကဲများသည် လုံးဝ မေ့လဲလုနီးပါးပင်။

မူလက ဖုန်းထျန်းယွမ်သည် သူတော်စင်အဆင့်အထက်က ကျင့်ကြံခြင်းနည်းစနစ်ကို ပိုင်ဆိုင်ကြောင်း ကြားသိရခဲ့စဉ်ကပင် အလွန် ထိတ်လန့်တုန်လှုပ်ခဲ့ရသည်။

နောက်ဆုံးတွင်၊ သူတို့၏ဂိုဏ်းချုပ်ကိုယ်တိုင်က ယွင်လီကောနှင့် ကျီဝူရှားတို့သည်လည်း သူတော်စင်အဆင့်နှင့်အထက် ကျင့်ကြံခြင်းနည်းလမ်းပိုင်ဆိုင်ကြောင်း တကယ်ကြီး ပြောခဲ့သည်။

ဒါက လူတိုင်းကို သူတို့၏လောကအမြင်ကို ပြန်ပြီး မေးခွန်းထုတ်စေသည်။

သူတော်စင်အဆင့်၏အထက် ကျင့်ကြံခြင်းနည်းစနစ်တွေက ဘယ်တုန်းကစလို့ ဈေးထဲက ဂေါ်ဖီထုပ်တွေလို ပေါများလာရတာလဲ?

လူတိုင်း၏ ထိတ်လန့်တုန်လှုပ်မှုကို လျစ်လျူရှုပြီး အရိုးဖြူနတ်ဆိုးဂိုဏ်းချုပ်က ဆက်ပြောလာပြန်သည်။

"ဒါပေမယ့်၊ သူတို့.. ကျင့်ကြံခြင်းနည်းလမ်းတွေကိုပဲအားကိုးရင် ငါတို့ အရိုးဖြူနတ်ဆိုးဂိုဏ်းအပေါ် ဒီလောက်မောက်မောက်မာမာ ပြုမူနိုင်မှာ မဟုတ်ဘူး။ သူတို့လက်ထဲမှာရှိတဲ့ လက်နက်တွေက ကောင်းကင်ဘုံအဆင့်မြင့်လက်နက်တွေပဲဖြစ်ရမယ်။"

ဟမ်..

အားလုံးသည် သူတို့သုံးယောက် ကိုင်ဆောင်ထားသည့် လက်နက်များကို တညီတညွတ်တည်း မျက်လုံးပြူး၍ စိုက်ကြည့်ရင်း ရင်ထိတ်သွားကြသည်။

ထိုအရာတွေက တကယ်ကြီး ကောင်းကင်ဘုံအဆင့်မြင့်လက်နက် တွေပင်။

သူတော်စင်အဆင့်နှင့်အထက် ကျင့်ကြံခြင်းနည်းစနစ်ကို ပိုင်ဆိုင်ခြင်းသည်ပင် သာမန်မဟုတ်တော့ပြီဖြစ်သော်လည်း သူတို့တွင် ကောင်းကင်ဘုံအဆင့်မြင့်လက်နက်များပင် ရှိနေသေးသည်။

ဤခွန်အားသည် ကောင်းကင်ကိုပင် အံတုနိုင်လောက်သည် မဟုတ် ပေလား..

သူတို့ သုံးယောက်၏ ခွန်အားကိုသာ မကြောက်လျှင် အရိုးဖြူနတ်ဆိုးဂိုဏ်းသားတွေဟာ ဆာလောင်နေသော ဝံပုလွေတွေအဖြစ် ပြောင်းကာ သူတို့ သုံးယောက်ကို အရှူးအမူး ခုန်အုပ်ကာ အပိုင်းပိုင်း ကိုက်ဖြတ်လိမ့်မည်ဖြစ်သည်။

အရိုးဖြူနတ်ဆိုးဂိုဏ်းချုပ်သည် ဖြည်းဖြည်းချင်း ပြန်ဆင်းလာခဲ့သည်။ အေးစက်သောလ၏ ပုံရိပ်သည် သူ့မျက်လုံးအိမ်များထဲတွင် ထင်ဟပ်လို့နေကာ လောဘကြီးသောအမူအရာကို ထုတ်ဖော်ပြသလာသည်။

"ငါမမှားရင် မင်းတို့တွေက ကောင်းကင်နတ်ဆိုးဂိုဏ်းရဲ့ ကျီရွှေ့တောင်ထိပ်က လာတာပဲဖြစ်ရမယ်။ အကြီးအကဲလင်းရွှမ်ပြောတာ မှန်ပုံရတယ်။ ကောင်းကင်နတ်ဆိုးဂိုဏ်းက တကယ့်ကို မတော်တဆဖြစ်ရပ်နဲ့ ကြုံတွေ့ခဲ့ရတယ်။ ဒါပေမယ့် ကောင်းကင်နတ်ဆိုးဂိုဏ်းတစ်ခုလုံး အကျိုးရှိသွားတယ်လို့တော့ မထင်ဘူး။ ဖြစ်နိုင်တာက ဒီအခွင့်အရေးက ကျီရွှေ့တောင်ထိပ်ကပဲ ခံစားရတယ်ထင်တယ်။”

“မင်းတို့က ဒီရောက်နေပြီဆိုမှတော့ ထွက်သွားဖို့ မလိုတော့ဘူး။ မင်းတို့ရဲ့ ကျင့်ကြံခြင်းနည်းလမ်းတွေနဲ့ လက်နက်အားလုံးကို ငါယူမယ်။"

ယွင်လီကောသည် သူ၏လုံ့ကို ဝှေ့ယမ်းလိုက်ရာ မီတာတစ်ရာရှည်သော လျှို့မြောင်ကြီးတစ်ခု သူ၏ရှေ့တွင် ပေါ်လာသည်။

"အဲဒါက မင်း ငါတို့ဆီကနေ ယူဖို့ အရည်အချင်းရှိလားဆိုတာအပေါ် မူတည်တယ်။"

"ဟား ဟား... ငါတို့အရိုးဖြူနတ်ဆိုးဂိုဏ်းက တကယ်ကို လျှော့တွက်ခံထားရတာပဲ။ အဲဒီတော့ မင်းတို့ကို ငါတို့ရဲ့ခွန်အားကို ပြပေးမယ်။ ပထမအကြီးအကဲ!"

ဂိုဏ်းချုပ် ညင်သာစွာအော်လိုက်သည်နှင့် သူ၏နောက်မှ ဆံပင်ဖြူနှင့် မုတ်ဆိတ်မွေးရှိသည့် အဘိုးကြီးတစ်ယောက် ဖြည်းညှင်းစွာ ထွက်လာသည်။ ထိုသူသည် ယွင်လီကောကိုကြည့်ရင်း ပြုံးလိုက်သည်။

"ကလေး၊ မင်း သူတော်စင်အဆင့်အထက်က ကျင့်ကြံခြင်းနည်းစနစ်ပိုင်ဆိုင်ပြီး ငါတို့ရဲ့ လက်ရှိကျင့်ကြံဆင့်ကိုဖိနှိပ်ဖို့ အရိုးဖြူနတ်ဆိုးဂိုဏ်း အပြင်မှာ အစီအရင်ချထားလိုက်ရုံနဲ့ ငါတို့ အရိုးဖြူနတ်ဆိုးဂိုဏ်းမှာ မင်းမောက်မာလို့ရပြီလို့မထင်လိုက်နဲ့။"

"မင်းတို့သုံးယောက်က အလွန်ဆုံးမှ စိတ်ဝိညာဉ်အဆင့်နဲ့ တောင်ပင်လယ်အဆင့်ပဲရှိဦးမှာ။ မင်းမှာ မင်းရဲ့တိုက်ခိုက်ရေးစွမ်းရည်ကို မြှင့်တင်ပေးနိုင်တဲ့ အစွမ်းထက်တဲ့ ကျင့်ကြံခြင်းနည်းလမ်းပိုင်ဆိုင်ရင်တောင် ကောင်းကင်ကို အံတုဖို့ဆိုတာ မဖြစ်နိုင်သေးဘူး"

"ငါတို့ အရိုးဖြူနတ်ဆိုးဂိုဏ်းရဲ့ အကြီးအကဲအုပ်စုမှာ အာကာပြင်လေ့လာခြင်းအဆင့်ပညာရှင် သုံးဦးနဲ့

စိတ်ဝိညာဉ်သန့်စင်ခြင်းအဆင့်အကြီးအကဲ ရှစ်ဦး ရှိတယ်။ မင်းတို့သုံးယောက် သူတို့အားလုံးကို ခုခံနိုင်ပါ့မလား စိုးရိမ်မိတယ်.. ”

သူတို့စကားပြောနေစဉ်တွင် ထိုအကြီးအကဲဆယ်ဦးသည် တစ်ပြိုင်နက် ရှေ့ထွက်လာပြီး ယွင်လီကောနှင့် အခြားနှစ်ယောက်ကို ဝိုင်းရံလိုက်သည်။

ယွင်လီကောနှင့် ကျန်နှစ်ယောက်သည်လည်း ချက်ချင်း နောက်သို့လှန်ကာ အရိုးဖြူနတ်ဆိုးဂိုဏ်း၏ အကြီးအကဲအုပ်စုကို တွန်းလှန်ရန် သုံးမြောင့်ပုံစံ ဖွဲ့စည်းလိုက်သည်။

သူတို့ သုံးယောက်လုံးသည် တုံးအနေသူများမဟုတ်ပေ။ သူတို့၏ဆရာ စီရင်ထားသည့် ကျင့်ကြံဆင့်ကိုဖိနှိပ်သည့် ကောင်းကင်ဘုံအဆင့် အစီအရင်သည် ရန်သူများ၏ ကျင့်ကြံဆင့်ကို အဆင့်တစ်ခုအထိ လျှော့ချနိုင်သော်လည်း၊ သူတို့သည် လက်ရှိတွင် စိတ်ဝိညာဉ်သန့်စင်ရေးအဆင့်မှ ကျွမ်းကျင်သူ သုံးဦးနှင့် တောင်ပင်လယ်အဆင့်မှ ကျွမ်းကျင်သူ ရှစ်ဦးကို ရင်ဆိုင်နေရခြင်းဖြစ်သည်။

ထို့အပြင် ရန်သူ၏အင်အား မည်မျှအားကောင်းသည်ကို အခြေခံ၍ အစီအရင်၏ အကျိုးသက်ရောက်မှုသည်လည်း အားနည်းသွားမည်ဖြစ်သည်။

သူတို့သည် အလွန်အင်အားကောင်းသောကြောင့် အရိုးဖြူနတ်ဆိုးဂိုဏ်း၏ ပထမအကြီးအကဲနှင့် အခြား အာကာပြင်လေ့လာခြင်းအဆင့်မှ ကျွမ်းကျင်သူနှစ်ဦး၏ ကျင့်ကြံဆင့်သည် များစွာလျော့နည်းသွားခြင်းမရှိပေ။

ကံကောင်းထောက်မစွာ၊ ယွင်လီကောနှင့် ကျန်နှစ်ဦးတို့သည် သူတို့ကိုယ်ပေါ်တွင်ရှိသည့် သူတို့ဆရာ၏ ခုခံ ရေးအစီအရင်မှာဆက်လက်တည်ရှိနေပြီး တဖက်လူ၏တိုက်ခိုက်မှုကို ခုခံနိုင်ခဲ့သည်။

အနည်းဆုံး ထိုအစီအရင်သည် သူတို့၏ အသက်အန္တရာယ်ကို မထိခိုက်စေဖို့ သေချာစေသည်။

ယွင်လီကော၏အကြည့်တို့သည် အနည်းငယ် လေးနက်နေပုံရကာ၊ “အားလုံးပဲ သတိထားကြ။ နောက်ထပ်တိုက်ပွဲက အရင်ကလို လွယ်ကူ တော့မှာ မဟုတ်ဘူး။ ငါတို့မှာ ခုခံရေးအစီအရင်ရှိပြီး ငါတို့အသက်အန္တရာယ်မထိခိုက်နိုင်ပေမယ့် တိုက်ခိုက်ခံရရင် ငါတို့ခန္ဓာကိုယ် တွေက လွင့်ထွက်သွားမှာ.. ဒါ့အပြင်၊ အချိန်ကြာလာတာနဲ့အမျှ အစီအရင် ဖွဲ့စည်းမှုလည်း ကျိုးပျက်သွားလိမ့်မယ်။”

ဖုန်းထျန်းယွမ်က သူ့နှုတ်ခမ်းတွေကို သပ်လိုက်သည်။

"အဲ့တော့ ဘာဖြစ်သလဲ? ငါတို့ ကူးပြောင်းခြင်းအစီအရင်ကို အသက်သွင်းပြီး ဆရာ့ဆီကို ပြန်ပြေးရမှာလား? ဆရာက ငါတို့အတွက် ဒီလေ့ကျင့်ရေးကွင်းကို ခက်ခက်ခဲခဲ တည်ဆောက်ထားရတာကို။”

သူထိုသို့ ပြောပြီးသည်နှင့် ရွှေရောင်ပုံရိပ်သည် သူ၏ခန္ဓာကိုယ်ကို ဖုံးလွှမ်းလိုက်သည်။ လက်ထဲတွင် ရွှေတူကိုကိုင်၍ ဖုန်းထျန်းယွမ်သည် သူ၏ရှေ့မှ စိတ်ဝိညာဉ်သန့်စင်ရေးဆင့် ကျွမ်းကျင်သူတစ်ဦးကို တိုက်ရိုက်တိုက်ခိုက်လိုက်သည်။

တစ်ဖက်သူ၏ ကျင့်ကြံဆင့်ကို တောင်တန်းပင်လယ်ဘုံအထိ ဖိနှိပ်ထားပြီးဖြစ်သည်။ သိုင်းဘုရင်အဆင့်ကျင့်ကြံခြင်းနည်းစနစ်နှင့် ကောင်းကင်ဘုံအဆင့်မြင့် ရွှေတူ၏အားကိုးဖြင့်၊ သူသည် တဖက်သူကို ရင်ဆိုင်ဖို့ မကြောက်ပါ။

ပြင်းထန်သောဖိအားသည် အကြီးအကဲ၏အမူအရာကို လေးနက်လာစေသည်။ သူသည် သတိလက်လွတ်မလုပ်ဝံ့ပဲ အရိုးဖြူနတ်ဆိုးဂိုဏ်း၏ ကောင်းကင်နတ်ဆိုးလက်ဝါးသိုင်းကို ချက်ချင်းအသုံးပြုသည်။

ဘုန်း..

အင်အားစုနှစ်ခု တိုက်မိသည့်အခိုက်တွင်၊ ပြင်းထန်သော စွမ်းအင်လှုပ်ရှားမှုသည် သူတို့နှစ်ဦးစလုံးကို တစ်ချိန်တည်းတွင် နောက်ဆုတ်ခွာစေသည်။

ယွင်လီကောနှင့် ကျီဝူရှားတို့ တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ ကူကယ်ရာမဲ့စွာ ခေါင်းယမ်းလိုက်ကြသည်။ သူတို့ပါ တစ်ချိန်တည်းမှာပင် တိုက်ခိုက်လိုက်ကြသည်။ သို့သော် သူတို့နှစ်ဦးသည်လည်း အတူတူပင်။

သူတို့သုံးယောက်လုံး ထိုသို့ ဖိအားပေးခံနေရသည့်အချိန်တွင် တခြားအကြီးအကဲများသည်လည်း နောက်မဆုတ်ပဲ တပြိုင်နက် တိုက်ခိုက်ကြသည်။

သူတို့သည် မတုံးအပေ။ သူတို့ဘက်က အားသာနေသည်ဆိုရင်တောင် ယွင်လီကောနှင့်ကျန်နှစ်ယောက်ကို ကိုင်တွယ်ရာတွင် တစုံတစ်ရာ အမှားမခံချင်ပေ။

အကြီးအကဲတိုင်းသည် ဂိုဏ်း၏အရေးအပါဆုံးအင်အားစုဖြစ်သည်။ သူတို့သာ တစ်ခုခုဖြစ်ခဲ့လျှင် အရိုးဖြူနတ်ဆိုးဂိုဏ်းကို အကြီးအကျယ် ထိခိုက်စေလိမ့်မည်။

တစ်ချိန်တည်းမှာပင် သူတို့သုံးဦးသည် တိုက်ခိုက်မှု ခြောက်ကြိမ်ထက်မနည်း ရင်ဆိုင်ရသည်။

အုန်း...အုန်း..အုန်း...

ပြင်းထန်သောအားသည် သုတို့ သုံးယောက်ကို သူတို့၏ မူလနေရာများသို့ တိုက်ရိုက် ဖိအားပေးတွန်းပို့ခံရသည်။

ယခုတစ်ကြိမ်သည် မြေကြီးထဲရှိ တွင်းထဲသို့ သူတို့သုံးယောက် ကျရမည့် အလှည့်ဖြစ်သည်။

သို့သော် သူတို့သုံးယောက်သည် တွင်းထဲမှ လျင်မြန်စွာ တွားသွားထွက်လာသည်။ သူတို့သည် မောဟိုက်နေသော်လည်း ထိခိုက်ဒဏ်ရာရခြင်းမရှိပေ။

“ဟားဟား… ငါ တွက်တာ မှားသွားတာပဲ။ သူတို့ကို ဒီလောက်ဒုက္ခများမယ်လို့ မမျှော်လင့်ထားဘူး။”

သုံးယောက်သား တစ်ယောက်ကိုတစ်ယောက် ကူကယ်ရာမဲ့စွာ ကြည့်လိုက်ကြသည်။

သူတို့သည် အထင်ကြီးစရာပုံရိပ်ဖော်ဆောင်ဖို့ ကြိုးစားခဲ့ကြသော်လည်း ကျရှုံးခဲ့သည်ပင်။

ဒါကတော့ သူတို့လည်းမတတ်နိုင်ပေ။ စင်စစ် သူတို့၏ ကျင့်ကြံဆင့်က နိမ့်လွန်းနေခြင်းဖြစ်သည်။ နောက်ဆုံးတွင်၊ သူတို့သည် သူတို့ဆရာ၏ အစီအရင်နှင့် သိုင်းဘုရင်အဆင့်ကျင့်စဉ်၏ခွန်အားအပြင် ကောင်းကင်ဘုံအဆင့်မြင့် လက်နက်ကို အားကိုးခြင်းဖြင့်သာ ဤအခြေအနေထိ ရောက်ရှိနိုင်ခဲ့သည်။

အကယ်၍ သူတို့သည် စိတ်ဝိညာဉ်သန့်စင်ခြင်းအဆင့် ကျွမ်းကျင်ပညာရှင်တစ်ဦးတည်းနှင့်သာ တိုက်ခိုက်ပါက၊ တဖက်လူ၏ ကျင့်ကြံဆင့်တစ်ခုလုံးကို ဖိနှိပ်နိုင်ခြင်းကြောင့် သူ့တွင် အနိုင်ရဖို့ အခွင့်အရေးရှိသေးသည်။

သို့သော် ရန်သူအရေအတွက် တိုးလာသည်နှင့်တပြိုင်နက် သူတို့ဘာမျှ မတတ်နိုင်ပေ။

အရိုးဖြူနတ်ဆိုးဂိုဏ်းချုပ်၏ မျက်လုံးများ ကျဉ်းမြောင်းသွားလေသည်။

“စိတ်ဝင်စားဖို့ကောင်းတာပဲ။ တကယ်တော့ သူတို့ကိုယ်ခန္ဓာပေါ်မှာ ခုခံခြင်းအစီအရင်တွေ ရှိတယ်။ ဒီအစီအရင် အရည်အသွေးအရ၊ ဖန်တီးခြင်းအဆင့် ကျွမ်းကျင်သူဆီက တိုက်ခိုက်မှုကိုတောင် ခံနိုင်ရည်ရှိမှာကို စိုးရတယ်။ မင်းတို့ရဲ့နောက်ကွယ်က ဆရာဟာ တကယ့်ကို ရိုးရိုးရှင်းရှင်း လူတစ်ယောက်မဟုတ်ဘူးထင်တယ်။ အာကာပြင်ပြိုကွဲခြင်းအဆင့် ကျွမ်းကျင်သူရဲ့ တိုက်ခိုက်မှုကိုရော တွန်းလှန်နိုင်ပါ့မလား သိချင်သား!"

သူ ထိုသို့ပြောပြီးသည်နှင့် တပြိုင်နက် အရိုးဖြူနတ်ဆိုးဂိုဏ်းချုပ်သည် အမှန်တကယ်ပင် ရှေ့သို့ တိုးလာသည်။

"မကောင်းတော့ဘူး၊ နောက်ဆုတ်ကြ"

ယွင်လီကောသည် အန္တရာယ်ကို ခံစားရပြီး အော်ပြောလိုက်သည်။ နေရာအကူးအပြောင်းအစီအရင်ကို အသက်သွင်းရန် ပြင်ဆင်လိုက်သည်။ သို့သော်၊ အရိုးဖြူနတ်ဆိုးဂိုဏ် ၏ပထမအကြီးအကဲနှင့် အခြားသူများသည်

ပြင်ဆင်ထားပြီးဖြစ်သည်။ တစ်ချိန်တည်းမှာပင် သူတို့သည် တိုက်ရိုက်တိုက်ခိုက်ခဲ့ပြီး အာကာပြင်ကို တုန်လှုပ်စေကာ နေရာအကူးအပြောင်းအစီအရင်ကို အသက်ဝင်စေခြင်းမှ တားဆီးလိုက်သည်။

"သေစမ်း..."

ယွင်လီကော တံတွေးတစ်ချက်ထွေးလိုက်ကာ သုံးယောက်သား၏ အမူအရာ ပြောင်းသွားသည်။

နောက်အခိုက်အတန့်တွင်၊ အရိုးဖြူနတ်ဆိုးဂိုဏ်းချုပ်၏ လက်ဖဝါးသည် သူတို့ သုံးဦးပေါ် ကျရောက်လာသည်။

အုန်း..

သူတို့ သုံးယောက်လုံးကို တစ်ပြိုင်နက်လွင့်ထွက်သွားစေသည်။ အားပြင်းသော လေလှိုင်းတစ်ခုသည် သူတို့ သုံးဦး၏အပေါ် ရှိ ခုခံခြင်းအစီအရင်ကို တိုက်ရိုက် ကျိုးပျက်သွားစေကာ ၎င်းတို့ သုံးဦး မြေပြင်ပေါ်သို့ ပြင်းထန်စွာ လဲကျသွားသည်။ သူတို့သည် ပါးစပ်ထဲမှ သွေးတွေအန်တော့သည်။

ခုခံခြင်းအစီအရင်သည် အရိုးဖြူနတ်ဆိုးဂိုဏ်းချုပ် အပေါ် သက်ရောက်မှုမရှိတော့ပေ။ ဤအခိုက်အတန့်တွင်၊ သူ၏ ကျင့်ကြံဆင့်သည် အများဆုံး အဆင့်သေးနှစ်ဆင့်သာ လျော့ကျသွားမည်ဖြစ်ပြီး အာကာပြင်ပြိုကွဲခြင်းအဆင့်မှ လုံးဝ ကျဆင်းသွားမည်မဟုတ်ပေ။

သူတို့သုံးယောက်ကြားက ကွာခြားချက်က အရမ်းကြီးလွန်းသည်။ ခုခံဖို့ရန် လွယ်လွယ်နဲ့ မဖြစ်နိုင်ပေ..

***

## *အခန်း ၈ မင်းကအရမ်းစိတ်ထား ကျဉ်းမြောင်းလွန်းတယ်…*

“သူတို့ရဲ့ အကာအကွယ်အစီအရင်ကပျက်သွားပြီ။ မြန်မြန်၊ သူတို့ကို တိုက်ခိုက်ကြ။ သူတို့ရဲ့ ကျင့်ကြံခြင်းနည်းစနစ်တွေနဲ့ လက်နက်တွေက ငါတို့အတွက်ပဲ။”

"သေစမ်း နေရာအကူးအပြောင်းအစီအရင်ကို အမြန်အသက်သွင်းလိုက်။"

ယွင်လီကောသည် နေရာအကူးအပြောင်းအစီအရင်ကို အသက်သွင်းရန် သူ၏ ဆရာတူညီလေးနှင့် ညီမလေးအား ဟစ်အော်ခဲ့သည်။

အကာအကွယ်အစီအရင်ကို ဆုံးရှုံးလိုက်ရသည်မှာ ရယ်စရာမဟုတ်ပေ။

အရိုးဖြူနတ်ဆိုးဂိုဏ်းတွင် အချိန်အကြာကြီး မောက်မာနေနိုင်ရသည့် အကြောင်းရင်းမှာ အဓိကအားဖြင့် ဆရာ့၏ အကာအကွယ်အစီအရင်ကြောင့်သာ ဖြစ်သည်။

သူတို့သုံးယောက်၏ ထိခိုက်မှုကို အသက်သာဆုံးအနေအထားသို့ ဖြစ်သွားစေခဲ့သည်။

၎င်းသည် အခြားသူများ၏ တိုက်ခိုက်မှုကြောင့် ထိခိုက်သွားရရုံသာမကဘဲ တိုက်ပွဲမှ လှုပ်ရှားမှုလှိုင်း၏ ထိခိုက်မှုများကြောင့်လည်း ပါသည်။ သူတို့၏ တိုက်ခိုက်မှုများမှ နောက်ဆက်တွဲ လှိုင်းများပင်လျှင် သူတို့၏ ဆရာ၏ အကာအကွယ်အစီအရင်ကြောင့် ပိတ်ဆို့ခဲ့သည်။

ယခုမူ အကာအကွယ်အစီအရင် မရှိတော့သည့်အတွက် တစ်ဖက်သား၏တိုက်ခိုက်မှုကသာ သူတို့အပေါ်ထပ်မံကျရောက်လျှင် အမှန်တကယ်သေသွားလိမ့်မည်။

သို့သော်!

သူတို့သည် နေရာအကူးအပြောင်းအစီအရင်ကို အသက်သွင်းလိုက်သောအခါတွင် သူတို့၏ ခန္ဓာကိုယ်ပေါ်တွင် အလင်းရောင်တစ်ခု လင်းလက်လာသော်လည်း ချက်ချင်း ပြန်မှိန်သွားသည်။

ချက်ခြင်းပင် သူတို့ သုံးယောက်လုံး၏ ကျောရိုးများတစ်လျှောက် အေးစိမ့်သွားသည် ။

နေရာအကူးအပြောင်းအစီအရင် မအောင်မြင်ပေ။

အရိုးဖြူနတ်ဆိုးဂိုဏ်းသခင်၏ နှုတ်ခမ်းများ တွန့်ကွေးသွားခဲ့သည်။ "ငါ့ကိုများ ဝက်တစ်ကောင်လို့ မင်းတို့ထင်နေတာလား? ဒီလောက် မဖြစ်နိုင်တဲ့အရာတွေ မင်းတို့ အများကြီးလုပ်ထားပြီးနောက်မှာ မင်းတို့ကို ငါလျှော့တွက်နေသေးတယ်လို့ ထင်နေတာလား? အရိုးဖြူနတ်ဆိုးတောင်ရဲ့ နေရာတစ်ခုလုံးကို ငါ့ရဲ့ အကာကွယ်အစီအရင် အသက်သွင်းထားပြီးပြီ။ မင်းတို့ရဲ့ နေရာအကူးအပြောင်းအစီအရင်ဟာ အလုပ်မဖြစ်နိုင်တော့ဘူး။"

“ပထမ အကြီးအကဲ၊ သူတို့ကို တိုက်ခိုက်လိုက်တော့။ သူတို့ရဲ့ စိတ်ဝိညာဉ်တွေကို တိုက်ရိုက်စုပ်ထုတ်ပြီး ကျင့်ကြံခြင်းနည်းလမ်းကို ထုတ်ယူဖို့ လျှို့ဝှက်နည်းပညာကို အသုံးပြုပါ။”

“ကောင်းပြီ၊”

ပထမအကြီးအကဲသည် မကောင်းဆိုးဝါးဆန်ဆန် ပြုံးလိုက်ပြီး သူ၏ဘေးနားရှိ အကြီးအကဲများကို အချက်ပြကာ ထပ်မံတိုက်ခိုက်ကြပြန်သည်။

ယွင်လီကောနှင့် ကျန်နှစ်ယောက်တို့သည် ခုခံချင်သော်လည်း သူတို့တွင် အင်အား ယဲ့ယဲ့သာကျန်လေတော့သည်။

ယခုအခြေအနေတွင် သူတို့သုံးယောက်လုံးသည် တစ်ဦးချင်းတိုက်ပွဲတွေကို ကိုင်တွယ်နိုင်စွမ်းရှိကြသေးသည်။ သို့သော် လူအများအပြားကို တပြိုင်နက် တိုက်ခိုက်နိုင်ခြင်းတော့ မရှိပေ။

ပိုဆိုးသော ပြဿနာမှာ သူတို့ကိုယ်ထက်က အကာအကွယ်အစီအရင်ကို ဆုံးရှုံးသွားရခြင်းပင်။

တိုက်ပွဲမှ အင်အားလှုပ်ရှားမှု လှိုင်းများသည်ပင် သူတို့အား ပြင်းထန်သော ဒဏ်ရာများ ဖြစ်စေနိုင်သည်။

အကာအကွယ်စီအရင်သာ ရှိနေသေးလျှင်က လွင့်ထက်သွားရုံသာဖြစ်မည်ဖြစ်ပြီး ဒဏ်ရာ ပြင်းပြင်းထန်ထန် မရစေပါ။

သေစမ်း..

သူတို့ သုံးယောက်သည် ချက်ခြင်းပင် ငိုချင်လာသလို ခံစားလိုက်ရသည်။

သူတို့သာ ကောင်းကောင်းနားလည်လျှင် ဒီလိုဖြစ်မှာ မဟုတ်ပေ။

သူတို့၏ ဆရာပြောသည်မှာ အမြဲတမ်း မှန်သည်။ အောင်နိုင်ချေရှိလျှင် တိုက်ရမည်။ မဟုတ်လျှင် သူတို့သည် အခွင့်အရေးရတုန်း ပြေးခဲ့သင့်သည်။

အကယ်၍ သူတို့သည် နေရာအကူးအပြောင်းအစီအရင်ကို ဆောလျင်စွာအသက်သွင်းပြီး အရိုးဖြူနတ်ဆိုးဂိုဏ်းသခင် ပေါ်လာသည့်အချိန်တည်းက လွတ်မြောက်ခဲ့မည်ဆိုလျှင်၊ သူတို့လည်း ဤကဲ့သို့သောအခြေအနေမျိုးနှင့် အဆုံးသတ်လိမ့်မည်မဟုတ်ပေ။

ယခုဆိုလျှင် နှစ်ဘက်တိုက်ခိုက်မှုများမှ တိုက်မိသည့်အရှိန်ကြောင့် အင်အားလှုပ်ခတ်မှု လှိုင်းလုံးကြီးများသည် သူတို့ သုံးဦးကို ချက်ချင်း ဒဏ်ရာရစေမည်ကို တွေးကြည့်၍ရသည်။

အရိုးဖြူနတ်ဆိုးဂိုဏ်းမှ အကြီးအကဲများ၏ တိုက်ခိုက်မှုများသည် ပို၍ နီးကပ်လို့လာလေပြီ။ ဤစက္ကန့်အနည်းငယ်ကို စောင့်ဆိုင်းခြင်းရသည် သူတို့ကို ညှဉ်းပန်းနေသကဲ့သို့ ရာစုနှစ်တစ်ခုမျှပင်ကြာရှည်သည်ဟု ခံစားလာရသည်။

သူတို့သုံးယောက်သည် ချက်ချင်းပင် သူတို့၏ ကျင့်ကြံခြင်းနည်းလမ်းများကို အရူးအမူး ထုတ်သုံးကြသည်။ အင်အားလှုပ်ခတ်မှု လှိုင်းလုံးကြီးများသည် ထိခိုက်စေသော်လည်း သေခြင်းတရားကို ရင်ဆိုင်ရချိန်တွင် အလိုလို တုံ့ပြန်မှုက သူတို့ကို လှုပ်ရှားဖို့ တွန်းအားပေးနေသေးသည်။

သို့သော်...

သူတို့၏ တိုက်ခိုက်မှုတွေ တိုက်မိခါနီးမှာပင် ကြီးမားသည့် အင်အားတစ်ခုက ရုတ်တရက် သူတို့ သုံးယောက်ကို နောက်ကနေ ဆွဲခေါ်လိုက်သည်။

"မင်းတို့ သုံးယောက်က အကာအကွယ်အစီအရင် မရှိတော့တာတောင် သူတို့ကို တိုက်ခိုက်ဖို့ သတ္တိရှိနေတုန်းပဲပေါ့။ သူတို့သိုင်းကွက်တွေကနေ အပေါ်ယံ လှိုင်းလေးကတောင် မင်းတို့ကိုသတ်ပစ်မှာ မကြောက်ဘူးလား?"

ထိုရင်းနှီးသောအသံကိုကြားလိုက်ရသည်နှင့် သုံးယောက်သားသည် မထိန်းနိုင်ဘဲ ငိုကြတော့သည်။

သူတို့၏ဘဝတွင် ပထမဆုံးအကြိမ်အဖြစ် အသက်ရှင်ရသည်မှာ မည်မျှကောင်းကြောင်း ခံစားရသည်။

“ဆရာ..”

သူတို့သုံးယောက်သည် သူတို့၏ဆရာကို ကြင်နာမှုအပြည့်နှင့်ခေါ်လိုက်ပြီး သူတို့၏အသံမှာ အနိုင်ကျင့်ခံရသည့် ကလေးများသဖွယ် အနည်းငယ် ညင်သာနေသည်။

လုရှောင်ယန်ကတော့ သူတို့ကို လျစ်လျူသာရှုလိုက်သည်။

တုန့်နှိုင်းမဲ့ရွှေခန္ဓာကျင့်စဉ်သည် သူ၏ ခန္ဓာကိုယ်တစ်လျှောက်လှည့်ပတ်သွားကာ ကြီးမားသည့်ရွှေရောင်သဏ္ဍာန်လက်ရုံးတစ်ခုအဖြစ် သူ၏လက်မောင်းမှ ရွှေရောင်အရှိန်အဝါ ရတ်တရက် ထွက်ပေါ်လာသည်။

ထို့နောက် သူ၏ရှေ့က ဟင်းလင်းပြင်ကို ဆွဲကိုင်လိုက်သည်။ အစွမ်းထက်သော ခွန်အားသည် အမှန်တကယ်ပင် သူ၏ရှေ့ရှိ ဝိညာဉ်စွမ်းအင်အားလုံးကို ချက်ခြင်း စုပ်ယူလိုက်သည်။ သူ၏ ခွန်အားသည် လျော့မသွားဘဲ အရိုးဖြူနတ်ဆိုးဂိုဏ်း၏ အကြီးအကဲအုပ်စုမှ အကြီးအကဲများ၏ တိုက်ခိုက်မှုနှင့် တိုက်ရိုက် တိုက်မိသွားသည်။

ခရက် ခရက်...

အက်ကွဲသံအနည်းငယ်ဖြင့် လုရှောင်ယန်သည် အာကာပြင်လေ့လာခြင်းကျွမ်းကျင်သူနှစ်ဦးနှင့် စိတ်ဝိညာဉ်သန့်စင်ခြင်းအကြီးအကဲအနည်းငယ်တို့၏ တိုက်ခိုက်မှုများကို တိုက်ရိုက်ဖြိုခွဲခဲ့သည်။

သူတို့၏ တိုက်ခိုက်မှုအား သည် ထိန်းချုပ်မှုလွတ်သွားပြီး နောက်တစ်စက္ကန့်တွင်ပဲ ပေါက်ကွဲသွားတော့သည်။

ဘုန်း...

ကျယ်လောင်သော ပေါက်ကွဲသံကြီးတစ်ခုသည် ကောင်းကင်ကို ဖြိုခွင်းသွားကာ ကီလိုမီတာ ၅၀ ပတ်ဝန်းကျင်ကို လင်းထိန်သွားစေသည်။

မှိုသဏ္ဍာန်တိမ်တိုက်တစ်ခု ပေါ်ပေါက်လာပြီးနောက် ဝိညာဉ်စွမ်းအင် လှုတ်ခတ်မှုများ ပေါက်ကွဲကာ အရိုးဖြူနတ်ဆိုးဂိုဏ်း အကြီးအကဲအနည်းငယ်ကို နေရာမှ ဆုတ်ခွာစေဖို့ တွန်းအား ပေးခံလိုက်ရသည်။

ဖူး.. ဖူး...

သူတို့ထဲမှ အချို့မှာ သွေးတစ်ပွက် အန်ထုတ်ပြီး မူလနေရာသို့ ဆုတ်ခွာသွားကြသည်။

ထိုမြင်ကွင်းကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားသည်။

တိုက်ခိုက်မှု တစ်ချက်တည်းသာဖြစ်သည်။ တိုက်ခိုက်မှု တစ်ချက်တည်းဖြင့် အရိုးဖြူနတ်ဆိုးဂိုဏ်း၏ အကြီးအကဲအုပ်စု တစ်ခုလုံးကို တိုက်ရိုက်နှိမ်နင်းခဲ့သည်။ မတိုက်ခိုက်ရသေးသော ပထမအကြီးအကဲတစ်ဦးရှိ သေးသော်လည်း လုရှောင်ယန်သည်တော့ အထိခိုက်လုံးဝမရှိပေ။

သို့ဆိုလျှင် ပထမ အကြီးအကဲ ပါဝင်လျှင်ကော ဘယ်လိုအခြေအနေဖြစ်သွားမလဲ။

သူသည် လုရှောင်ယန်ကို ပိုမိုအားစိုက်ထုတ်သွားစေရုံသာ ဖြစ်လိမ့်မည်။

ဂလု…၊

အရိုးဖြူနတ်ဆိုးဂိုဏ်း၏ ပထမအကြီးအကဲသည် တံတွေး ခက်ခက်ခဲခဲ မျိုချပြီး သူ့ဂိုဏ်းချုပ်ကို ကြည့်လိုက်သည်။

ဂိုဏ်းချုပ်၏ နဖူးတွင်လည်း ချွေးစေးများပြန်နေပေပြီ။ သို့သော် သူကပါ တုန်လှုပ်၍နေမရမှန်း သူသိသည်။ ဤအခြေအနေတွင် သူ တုန်လှုပ်မိလျှင် အရာအားလုံး ဖရိုဖရဲ ဖြစ်သွားလိမ့်မည်။

ဒါကြောင့် အသက်ပြင်းပြင်းရှူသွင်းလိုက်ပြီး အေးစက်လှသောလေသံဖြင့်၊ “ကောင်းကင်နတ်ဆိုးဂိုဏ်းမှာ မင်းလို ဉာဏ်ရည်ထက်မြက်တဲ့ ပါရမီရှင်တစ်ယောက်ရှိနေမယ်လို့

ငါမမျှော်လင့်ထားဘူး။ မင်းက ငါ့ရဲ့ အရိုးဖြူနတ်ဆိုးဂိုဏ်း ရဲ့ အသိကို တကယ်ကို ကျယ်ပြန့်စေခဲ့တာပဲ။ ဒီနေ့ ဖြစ်ပျက်ခဲ့တာတွေ အားလုံးက နားလည်မှုလွဲတာပါ။ ငါ့ရဲ့ အရိုးဖြူနတ်ဆိုးဂိုဏ်းနဲ့ ကောင်းကင်နတ်ဆိုးဂိုဏ်းဆိုတာက နှစ်ပေါင်းများစွာ မိတ်ဆွေဖြစ်ခဲ့တယ်လို့ ယူဆနိုင်တယ်လေ။ ငါတို့ဘာလို့ဒီမှာမရပ်ရမှာလဲ?"

"ကျုပ် ဘာပြန်ပြောမယ်လို့ ခင်ဗျားထင်လဲ?"

လုရှောင်ယန်၏ နှုတ်ခမ်းထောင့်တွင် လှောင်ပြောင်ခြင်းများဖြင့် ပြည့်နှက်နေသော အပြုံးလေးတစ်ခု ပေါ်လာသည်။

အရိုးဖြူနတ်ဆိုးဂိုဏ်းချုပ်မှာ အံ့သြ ကြိတ်လိုက်တော့သည်။ စင်စစ် သူ့တွင် မျှော်လင့်ချက် သိပ်မရှိပေ။ တဖက်သူသည် သူ၏လူအများအပြားကို သတ်ခဲ့ပြီး သေသည်အထိ တိုက်ပွဲဝင်ရမည့် အခြေအနေသို့ရောက်နေလေပြီ။

ကျင့်ကြံခြင်းလောကတွင် အားနည်းသူများသည် သန်မာသူများ၏ သားကောင်များဖြစ်သည်။ တခြားသူမှာက အားသာချက်ရှိနေသည်ဖြစ်ရာ သူတို့ အရိုးဖြူနတ်ဆိုးဂိုဏ်းကို ဘယ်လို လွှတ်ပေးပါမည်လဲ။

ဒါပေမယ့်...

လုရှောင်ယန်သည် ထိုမျှလောက် ခွန်အားရှိပြီး အရိုးဖြူနတ်ဆိုးဂိုဏ်းကို သူ့ဘာသာသူ ဖျက်ဆီးနိုင်သည်။ ဘာကြောင့်များ သူ၏တပည့်တွေကို အားကိုးနေပြီး သူက ဘာလို့ အခုမှ ပေါ်လာရတာလဲ?

ထိုအချိန်တွင် မိုးကုတ်စက်ဝိုင်းမှ ပေါက်ကွဲသံ ရုတ်တရက်ထွက်ပေါ်လာသည်။

ဘုန်း..

ဤပေါက်ကွဲသံသည် ရှိနေသူအားလုံးကို ထိတ်လန့်စေသည်။

ချက်ချင်းပင် နောက်ထပ် ပေါက်ကွဲသံ ထွက်ပေါ်လာသည်။ ထို့နောက် မိုးခြိမ်းသံသည် တဖြည်းဖြည်း သိပ်သည်းလာပြီး ကြယ်ရောင်ကောင်းကင်ကြီးကိုလည်း တိမ်များက ဖုံးလွှမ်းသွားသည်။

"မင်း ဘာလုပ်ထားတာလဲ?"

အရိုးဖြူနတ်ဆိုးဂိုဏ်းချုပ်၏ မျက်လုံးများ ချက်ချင်း အေးစက်သွားတော့သည်။

လုရှောင်ယန်ကတော့ ပခုံးအသာတွန့်ကာ နွေးထွေးစွာ ပြုံးလိုက်သည်။

"ဘာမှမဟုတ်ပါဘူး။ ဒါက ခင်ဗျားတို့ အရိုးဖြူနတ်ဆိုးဂိုဏ်းမှာ ကျုပ်တည်ဆောက်ထားတဲ့ တိုက်ခိုက်မှုအစီအရင်တစ်ခုပါပဲ။ အစီအရင်အတွင်းမှာရှိတဲ့ သက်ရှိသတ္တဝါအားလုံး ပျက်စီးရလိမ့်မယ်။”

"ဘာ. "

အရိုးဖြူနတ်ဆိုးဂိုဏ်းချုပ်၏ မျက်လုံးများကျဉ်းမြောင်းသွားကာ အော်ဟစ်လိုက်တော့သည်။

လုရှောင်ယန် ဘာလို့များ သူ့တပည့်သုံးယောက်ကို ဤမျှ ဒုက္ခခံပြီး အခြေအနေတွေဖန်တီးခဲ့သည်လဲ သူနောက်ဆုံးတွင် နားလည်လိုက်သွားပေပြီ။

အချိန်ဆွဲနေခဲ့ခြင်းပင်။

သူလိုချင်သည်မှာ အရိုးဖြူနတ်ဆိုးဂိုဏ်းကို ဖျက်ဆီးဖို့တင်မဟုတ်ဘဲ ချေမှုန်းဖို့ဖြစ်သည်။

ထို့ကြောင့် သူသည် တလျှောက်လုံး ပေါ်မလာဘဲ ၃၆၀ ဒီဂရီ တိုက်ခိုက်မှုအစီအရင်ကို ဖန်တီးနေခြင်းဖြစ်သည်။

ဤအခိုက်အတန့်တွင်၊ အရိုးဖြူနတ်ဆိုးဂိုဏ်းချုပ်သည် လုရှောင်ယန် မည်မျှကြောက်စရာကောင်းသည်ကို ပထမဆုံးအကြိမ် ခံစားမိသွားတော့သည်။

ဤလူသည် သေချာပေါက် နတ်ဆိုးတစ်ကောင်ပင်။ ဘယ်လိုအခြေအနေမျိုးပင်ဖြစ်ပါစေ သူ့အနေနဲ့ သေသည်အထိ တိုက်ပွဲဝင်ရပေတော့မည်။

သို့သော်လည်း အရိုးဖြူနတ်ဆိုးဂိုဏ်းချုပ်သည် အရှုံးမပေးချင်တာကြောင့် ခြိမ်းခြောက်သည့် နည်းလမ်းကို ပြောင်းသုံးလိုက်သည်။

“မင်းအရင်က ချထားတဲ့ အစီအရင်က တကယ်ကို ခြိမ်းခြောက်နိုင်တယ်ဆိုတာ ဝန်ခံပါတယ်။ ငါတို့

အရိုးဖြူနတ်ဆိုးဂိုဏ်းတစ်ခုလုံးရဲ့ အင်အားကို အမှန်တကယ် ဖိနှိပ်နိုင်ခဲ့တယ်။ ဒါပေမယ့် အဲ့တာက ယာယီ ဖိနှိပ်မှုပဲ။ ကိုယ့်ကိုကိုယ် သိပ်အထင်မကြီးလွန်းနေဘူးလား? ငါတို့ အရိုးဖြူနတ်ဆိုးဂိုဏ်းကို ဖျက်ဆီးဖို့ တိုက်ခိုက်မှုအစီအရင်လေး သုံးရုံနဲ့ ရတယ်လို့ မင်းတကယ်ထင်တယ်လား? ဒီနေ့၊ ငါတို့ အရိုးဖြူနတ်ဆိုးဂိုဏ်းက လူတစ်ယောက်ပဲအသက်ရှင်သရွေ့ ဒီကိစ္စကို ကြီးမြတ်တဲ့ကျိုးတော်ဝင်မိသားစုဆီ သတင်းပို့လိုက်ရင် မင်း ဘယ်လောက် ကြာကြာခံနိုင်မှာတဲ့လဲ?"

လုရှောင်ယန် ခေါင်းညိတ်လိုက်သည်။ "ခင်ဗျားက အရမ်းဉာဏ်ကောင်းပြီး ကိစ္စတော်တော်များများကို မှန်မှန်ကန်ကန် ပိုင်းခြားစိတ်ဖြာတတ်သူပဲ။ ကံမကောင်းစွာပဲ၊ မင်းရဲ့ခွဲခြမ်းစိတ်ဖြာချက်က မှန်ပေမယ့် မင်းက စိတ်ထားကျဉ်းမြောင်းလွန်းနေတယ်...."

***

# အခန်း ၉ သိုင်းဘုရင်အဆင့်လက်နက်

အရိုးဖြူနတ်ဆိုးဂိုဏ်းချုပ်သည် လုရှောင်ယန်၏ဆိုလိုရင်းကို နားမလည်ပါဘဲ မျက်ခုံးပင့်လိုက်သည်။

လုရှောင်ယန် ခပ်ဖျော့ဖျော့ပြုံးလိုက်ပြီးနောက် ပြောလိုက်သည် "သာမန် တိုက်ခိုက်ခြင်းအစီအရင်တွေက ဒီလိုလုပ်ဖို့ခက်တယ်ဆိုတာဟုတ်ပါတယ်။ ဒါပေမယ့် ဒါက သိုင်းဘုရင်ထိပ်တန်းအဆင့် သတ်ဖြတ်ခြင်းအစီအရင်ဆိုရင် ရော...။"

အရိုးဖြူနတ်ဆိုးဂိုဏ်းချုပ်၏ မျက်စံများကြုံ့သွားကာ အအေးဓါတ်တစ်ခုက သူ၏ခြေဖဝါးအောက်ခြေမှ ခန္ဓာကိုယ်တစ် လျှောက်ဖြတ်စီးသွားပြီး ဦးခေါင်းထိပ်သို့ ရောက်ရှိလာကာ ဆံပင်တွေပါ ထောင်သွားသလိုခံစားလိုက်ရသည်။

"ဒါမဖြစ်နိုင်ဘူး။ မင်းက ဘယ်လိုလုပ်ပြီး သိုင်းဘုရင်ထိပ်တန်းအဆင့် သတ်ဖြတ်ခြင်းအစီအရင် ရှိနေရတာလဲ?"

သူပြောပြီးသည်နှင့် တပြိုင်နက် ရေပုံးကဲ့သို့ သိပ်သည်းသည့် ခရမ်းရောင် မိုးကြိုးသွားတစ်ခု ကောင်းကင်မှ ရုတ်တရက် ကျလာကာ အရိုးဖြူနတ်ဆိုးဂိုဏ်း၏ ပထမအကြီးအကဲကို ထိမှန်သွားတော့သည်။

ဘုန်း…

မိုးခြိမ်းသံနှင့်အတူ အရိုးဖြူနတ်ဆိုးဂိုဏ်း၏ပထမအကြီးအကဲသည် မိုးကြိုးကြောင့် ပြာအဖြစ်သို့ တိုက်ရိုက်ပြောင်းလဲသွားကာ တုံ့ပြန်ရန် အခွင့်အရေးပင်မရရှိခဲ့ပေ။

ထိုမြင်ကွင်းကိုမြင်သော အရိုးဖြူနတ်ဆိုးဂိုဏ်းမှ ဂိုဏ်းသားများ အားလုံး ကြောင်အသွားကြသည်။

ထိုသူသည် အာကာပြင်သန့်စင်ခြင်းအဆင့်သို့ပင် ရောက်နေပြီဖြစ်သည့် ပထမဆုံး အကြီးအကဲပင်။

အာကာပြင်သန့်စင်ခြင်းအဆင့်ကိုလေ!

အကယ်၍ သူလိုလူတောင် ဤမိုးကြိုးကို ခံနိုင်ရည်မရှိလျှင်၊ ဤအစီအရင်သည် ကောင်းကင်ကို အံတုနိုင်လွန်းသွားပြီ မဟုတ်ဘူးလား။

ဒီအစီအရင်က သိုင်းဘုရင်ထိပ်တန်းအဆင့်ဆိုတာ မမှားနိုင်ဘူး။

"ဘယ်လို... ဒါကို ငါတို့ ဘယ်လို အနိုင်ယူနိုင်မှာလဲ?"

"ပြေး...ပြေး!"

“ပြေးကြ!”

အရိုးဖြူနတ်ဆိုးဂိုဏ်း၏ တပည့်များသည် အရပ်မျက်နှာအစုံသို့ အရှုးအမူး ထွက်ပြေးကြတော့သည်။ သို့သော် နောက်ကျသွားပေပြီ။ ခရမ်းရောင်မိုးကြိုးသည် ကောင်းကင်မှ လျှင်မြန်စွာကျဆင်းလာခဲ့လေပြီ။ မိုးကြိုးပစ်ခံရသော တပည့်များမှာ အသက်ရှင်ရန် အခွင့်အလမ်းမရှိဘဲ ပြာအဖြစ်သို့ တိုက်ရိုက်ရောက်သွားကြသည်။

ဤသည်ကိုမြင်သော် အရိုးဖြူနတ်ဆိုးဂိုဏ်းချုပ်တစ်ယောက် လုံးဝပြို့လဲသွားရတော့သည်။

တစ်ချိန်တည်းမှာပင် တစ်စုံတစ်ခုကိုလည်း ဝေဝေဝါးဝါး တွေးမိသွားသည်။

လုရှောင်ယန်သည် အဘယ်ကြောင့်များ သူတို့ကို နှုတ်ပိတ်ဖို့ အရိုးဖြူနတ်ဆိုးဂိုဏ်းဆီ လာရတာလဲ? သိုင်းဘုရင်ထိပ်တန်းအဆင့် အစီအရင်ကိုချရန် ဘာကြောင့်များ မတွန့်ဆုတ်နေခဲ့ရတာလဲ?

အကြီးအကဲချန်ရွှမ်သည် တစ်ခုခုကို သိရှိသွားခဲ့ခြင်းဖြစ်ရမည်။ ထိုလျှို့ဝှက်ချက်ကို မဖော်ထုတ်နိုင်စေရန်၊ သူ၏ အရိုးဖြူနတ်ဆိုး ဂိုဏ်းတစ်ခုလုံးကို ဖျက်ဆီးပြီး တစ်ကမ္ဘာလုံးက ပြစ်တင်ရှုတ်ချမည်ကိုပင် လစ်လျူရှုလိုက်ခြင်းဖြစ်လောက်မည်။

သို့သော်၊ အကြီးအကဲ ချန်ရွှမ်သည် ကျီရွှေ့တောင်ထိပ်က တပည့်များ၏ ကျင့်ကြံဆင့်မှာ ပုံမှန်ထက် မြင့်မားသည်ဟုသာ ပြောခဲ့သည်။

ကောင်းကင်နတ်ဆိုးဂိုဏ်းမှ တပည့်များ၏ အစွမ်းသတ္တိကို သူကောင်းစွာသိသည်။ ကောင်းကင်နတ်ဆိုးဂိုဏ်း၏ တပည့်များသည် အရိုးဖြူနတ်ဆိုးဂိုဏ်း၏ တပည့်များထက် သေချာပေါက်

သာလွန်သည်မှန်သော်လည်း ဤမျှအထိ ကောင်းကင်ဘုံကို အံတုနိုင်ကြသည်တော့မဟုတ်ပေ။

သို့သော် ကျီရွှေ့တောင်ထိပ်၏တပည့်များသည် အမှန်တကယ်ပင် ကောင်းကင်ဘုံကို အံတုနိုင်သည်ဟုဆိုရမည်။

လုရှောင်ယန်၏ ဖိနှိပ်ခြင်းအစီအရင်နှင့် အကာအကွယ်အစီအရင်မှလွဲ၍ သူတို့တွင်ရှိသမျှမှာ သူတော်စင်အဆင့်နှင့်အထက် ကျင့်ကြံခြင်းနည်းလမ်းများနှင့် အဆင့်မြင့် ကောင်းကင်ဘုံအဆင့် လက်နက်များသာဖြစ်သည်။ သာမာန်အခြေအနေအရ၊ သူတို့သည် ဤမျှ အခြေအနေအထိရောက်ရှိမည်မဟုတ်ပေ။

အကယ်၍ အရိုးဖြူနတ်ဆိုးဂိုဏ်း၏ အကြီးအကဲအုပ်စု မှ အကြီးအကဲများသာ ဝင်မတိုက်လျှင် သူတို့သည် ဤတပည့်သုံးယောကကို လုံးဝ အနိုင်ယူနိုင်မည်မဟုတ်ပေ။

ထိုအခြေအနေကို ရှင်းပြနိုင်မည့် တစ်ခုတည်းသောအရာမှာ သူတို့၏ ကျင့်ကြံခြင်းနည်းလမ်းများသည် သိုင်းဘုရင်အဆင့် ဖြစ်နိုင်ချေများသည်။

ဒါကြောင့်ပဲ သူတို့၏ တိုက်ခိုက်ရေးစွမ်းရည်သည် သာမန်ကျင့်ကြံသူများထက် အဆပေါင်းများစွာ သာလွန်သွားခြင်းဖြစ်မည်။

အကယ်၍ အရိုးဖြူနတ်ဆိုးဂိုဏ်းချုပ်သာ ခရမ်းရောင်ကောင်းကင်ဘုံ မြင့်မြတ်အလင်းတန်းအစီအရင်အကြောင်းကိုသာ မသိခဲ့ပါက ၎င်းကို သူသေချာပေါက် ယုံမည်မဟုတ်ပေ။

သို့သော်လည်း ယခုအခါတွင် သိုင်းဘုရင်ထိပ်တန်းအဆင့်အစီအရင်ပင် ပါရှိလာပြီးဖြစ်တာကြောင့် သိုင်းဘုရင်အဆင့် ကျင့်ကြံခြင်းနည်းလမ်းများရှိခြင်းမှာ အဘယ်သို့များ ထူးဆန်းတော့မည်နည်း။

ဤအခိုက်အတန့်တွင် အရိုးဖြူနတ်ဆိုးဂိုဏ်းသခင်သည် သူ၏ လောကအမြင် လုံးဝပြိုလဲသွားသလို ခံစားလိုက်ရသည်။

ကောင်းကင်နတ်ဆိုးဂိုဏ်း၏ ကျီရှော့တောင်ထိပ်က ဤမျှအစွမ်းထက်သည်ဆိုတာ သူသိခဲ့လျှင်၊ သူသေမည်ဆိုလျှင်တောင် ကောင်းကင်နတ်ဆိုးဂိုဏ်းကို စော်ကားခဲ့မည်မဟုတ်ပေ။

ဘုန်း...

ဤအခိုက်အတန့်တွင် မိုးကြိုးများသည် များသထက်များလာပြီး တိုက်ခိုက်မှုစွမ်းအားသည် ပိုမိုအားကောင်းလာသည်။ သူ၏ဘေးနားရှိ အကြီးအကဲများ တစ်ယောက်ပြီး တစ်ယောက် လဲကျကုန်ကာ အရိုးဖြူနတ်ဆိုးဂိုဏ်းချုပ်လည်း အလွန်အမင်းတုန်လှုပ်လာတော့သည် ။

"မင်းရူးနေလား  အရိုးဖြူနတ်ဆိုးဂိုဏ် နေရာကို ချိတ်ပိတ်ဖို့ ဂိုဏ်းအကာအကွယ်အစီအရင်ကို အသက်သွင်းပြီးပြီ။ မင်းတို့ ဒီအဆင့်မြင့် သိုင်းဘုရင်အဆင့်အစီအရင်ကို သုံးကြရင်တောင် မင်းတို့လေးယောက်လည်း ရှောင်တိမ်းနိုင်မှာမဟုတ်ဘူး။ မင်းတို့လည်း မိုးကြိုးပစ်ခံရပြီးသေလိမ့်မယ်!”

လုရှောင်ယန် ခေါင်းယမ်းလိုက်သည်။ "ခင်ဗျားအမြင်ကျဉ်းလွန်းတယ်လို့ ကျုပ်ပြောပြီးပြီပဲ။"

အရိုးဖြူနတ်ဆိုးဂိုဏ်းချုပ်၏ မျက်လုံးများထဲတွင် ရှုပ်ထွေးမှုများ ထပ်မံထွက်ပေါ်လာသည်။

လုရှောင်ယန်ကိုကြည့်ရသည်မှာ အလွန်ယုံကြည်မှုရှိနေပုံပေါ်သည်။ သေချာတာကတော့ သူ့မှာ တခြားအကြံအစည်တစ်ခုခုရှိနေလို့ပဲဖြစ်မည်။

သို့သော် သတ်ဖြတ်ခြင်းအစီအရင်သည် အသက်သွင်းလိုက်သည်နှင့် ရန်သူလော မိတ်ဆွေလော ခွဲခြားမည်မဟုတ်ပေ။ အစီအရင်ဖန်တီးသူပင်လျှင် အစီအရင်အတွင်း ရှိနေသရွေ့ ပစ်မှတ်ထားခံရမည်ဖြစ်သည်။

လုရှောင်ယန်မှာ တခြားအစီအရင်တွေ ရှိနေသည်လား။ ထိုသို့ဆိုလျှင် အနည်းဆုံး သိုင်းဘုရင်အဆင့်အစီအရင်ဖြစ်ရမည်။ သို့သော်လည်း အရိုးဖြူနတ်ဆိုးဂိုဏ်းချုပ်သည် အခြားသော သိုင်းဘုရင်အဆင့်အစီအရင်များ သို့မဟုတ် သိုင်းဘုရင်အဆင့်ကျင့်စဉ်များ အသုံးပြုနေသည်ကို ဘာလို့များ မခံစားမိရတာပါလိမ့်?

ထို့အပြင် လုရှောင်ယန်သည် ထိုအစီအရင်ကို ခုခံလိုလျှင် သူသည်လည်း သိုင်းဘုရင်အဆင့် ကျင့်ကြံခြင်းနည်းလမ်းပိုင်ဆိုင်ရန် လိုအပ်ပါသည်။ သိုင်းဘုရင်အဆင့်ကျင့်ကြံသူတစ်ယောက်၏ ခွန်အားကိုမပိုင်ဆိုင်လျှင်တော့ ခုခံနိုင်မည် မဟုတ်ပေ။

ယွင်လီကောနှင့် အခြားသူများသည် လုရှောင်ယန်၏ ကျင့်ကြံဆင့်ကို မမြင်နိုင်သော်လည်း အရိုးဖြူနတ်ဆိုးဂိုဏ်းချုပ်သည်တော့ ၎င်းကို မြင်တွေ့နိုင်သည်။ အကြောင်းကတော့ ယခုအချိန်တွင် လုရှောင်ယန်သည် သူ၏ စိတ်ဝိညာဉ်စွမ်းအင်ကို ခွန်အားအပြည့်ဖြင့် ဖြန့်ကျက်နေသောကြောင့်ဖြစ်သည်။

လုရှောင်ယန်၏ကျင့်ကြံဆင့်သည် အာကာပြင်ပြိုကွဲခြင်းအဆင့်၏ နှောင်းပိုင်းတွင် ဖြစ်သည်ကို သူ ရှင်းရှင်းလင်းလင်း သိနိုင်သည်။ သူသည် သူ၏ကျင့်ကြံဆင့်တိတိကျကျကိုတော့ မပြောနိုင်သော်လည်း ၎င်းသည် အနှစ်သာရခိုင်မြဲခြင်းအဆင့်သို့ မရောက်သေးသည်ကတော့ သေချာပေသည်။

ဤကျင့်ကြံဆင့်ဖြင့် သိုင်းဘုရင်ထိပ်တန်းအဆင့်အစီအရင်ကို ဘယ်လိုလုပ်များ တောင့်ခံနိုင်မတဲ့လဲ?

ဘာလို့များပါလိမ့်...?

သူဘာတွေများ စီစဉ်နေတာလဲ?

သူ့ဦးနှောက်ကို အရှူးအမူး အလုပ်ပေးနေချိန် လုရှောင်ယန်သည် သူ၏ညာဖက်လက်ကို ရုတ်တရက် မြှောက်လိုက်သည်။

သူ၏ စစ်မှန်သောဇာမဏီကိုးပါးအသွင်ပြောင်းခြင်းသည် ကျီဝူရှားထက် အဆတစ်ရာ ပိုအားကောင်းသော ဇာမဏီပုံရိပ်ကို သူ၏ခန္ဓာကိုယ်မှ ဖြစ်ပေါ် စေသည်။

ဇာမဏီပုံရိပ်ပေါ်လာသည်နှင့် တပြိုင်နက် ဇာမဏီအော်သံသည် ဘုံကိုးဆင့်ကို လွှမ်းခြုံသွားတော့သည်။ ၎င်း၏ဖိအားသည် အလွန်ပြင်းထန်သဖြင့် ကောင်းကင်နှင့်မြေကြီးကို တုန်လှုပ်စေသည်။ တစ်ချိန်တည်းမှာပင်၊ ၎င်းသည် ခရမ်းရောင်ကောင်းကင် မိုးကြိုးအစီအရင်၏ အာရုံကို ဆွဲဆောင်နိုင်ခဲ့သည်။

တခဏချင်း... မရေမတွက်နိုင်သည့် ခရမ်းရောင်ကောင်းကင်မိုးကြိုးများသည် လုရှောင်ယန်၏ ဦးခေါင်းကို အရှူးအမူး ပစ်ချတော့သည်။

လူတိုင်း၏ အမူအရာများ ပြောင်းလဲသွားကြသည်။

ခရမ်းရောင် ကောင်းကင်မိုးကြိုးများစွာနှင့်ဆိုလျှင် လုရှောင်ယန်နှင့် အခြားသုံးဦးတို့သည် တစ်ချက်ထိရုံဖြင့် ပြာအဖြစ်သို့ ပြောင်းလဲသွားမည်ဖြစ်သည်။

ထိုအချိန်တွင် လုရှောင်ယန်၏ညာဖက်လက်ဖဝါးမှ အမှတ်အသားလေးတစ်ခု ရုတ်တရက် ထွက်ပေါ်လာသည်။

၎င်းသည် တိမ်တိုက်များနှင့် ဇာမဏီအမှတ်အသားဖြင့် ထွင်းထုထားသည်။ လုရှောင်ယန်က သူ၏လက်ကို မြှောက်လိုက်သည်နှင့် ၎င်းသည် ချက်ချင်းဆိုသလိုပင် ကြီးမားလှသော အရှိန်အဝါနှင့်အတူ ကျယ်ပြန့်လာသည်။ ဇာမဏီငှက်သည် တိမ်တိုက်များကြားတွင် ကူးခတ်နေပြီး အသက်ရှင်နေသလိုထင်ရသည်။

ဘုန်း...

ခရမ်းရောင်ကောင်းကင်ဘုံ မြင့်မြတ်အလင်းတန်းအစီအရင်၏ ရာနှင့်ချီသော မိုးကြိုးများသည် အမှတ်အသားထံသို့ ပစ်ချသော်လည်း ၎င်းတို့သည် သမုဒ္ဒရာထဲသို့ ကျသွားသော ကျောက်တုံးများနှင့်တူနေသည်။ ထိုမိုးကြိုးများသည် ချက်ချင်း ခြေရာလက်ရာမကျန် ပျောက်ကွယ်သွားကြသည်။

တဒင်္ဂအတွင်း အရာအားလုံး ရပ်တန့်သွားပုံရသည်။ သိုင်းဘုရင်အဆင့်အစီအရင်ကို ခုခံနိုင်ပြီး ဒဏ်ရာလုံးဝမရစေသည်မှာ ဤလက်နက်သည် သိုင်းကေရာဇ်ဘုံ လက်နက်တစ်ခုများလား။

"သိုင်းဘုရင်အဆင့်လက်နက်..."

အရိုးဖြူနတ်ဆိုးဂိုဏ်းချုပ်၏ မျက်လုံးများ ပြူးကျယ်လာပြီး သူ ဆက်ပင်မတွေးနိုင်တော့ပေ။

လုရှောင်ယန်သည် တကယ်ကြီးကို သိုင်းဘုရင်အဆင့်လက်နက်ပိုင်ဆိုင်ထားတာပဲ။

ဒါ... အရမ်းကိုလွန်လွန်းတယ်..

ဒုက္ခသည်တွေကို တိုက်ခိုက်ဖို့ နျူကလီယားဗုံးသုံးနေသလိုပဲ။

အကြီးအကဲနှစ်ဦးသည် သွေးအန်ထွက်ပြီး ဒေါသကြောင့် သေလုမျောပါး ဖြစ်နေသည်။

ယွင်လီကောနှင့် အခြားနှစ်ယောက်သည် နေရာတွင်ပင် တုန်လှုပ်ခြောက်ခြားသွားကြသည်။

လုရှောင်ယန်၏တပည့်သုံးယောက်သည် သူတို့၏ဆရာပြောသည်များကို သံသယဝင်လာကြသည်။

သူတို့သည် ဆရာက သူတို့အား အကောင်းဆုံးလက်နက်များ ပေးခဲ့သည်ဟု တွေးကာ မျက်ရည်များပင် ကျခဲ့ကြသည်။ နောက်ဆုံးတွင် သူတို့ဆရာသည် အကောင်းဆုံး သိုင်းဘုရင်အဆင့်လက်နက်ကို သူ့အတွက် သိမ်းဆည်းထားခဲ့သည်ပဲ။

သူတို့ဆရာသခင်၏လက်ထဲတွင် လှည့်ကွက်ပေါင်းများစွာ ရှိနေပုံပင်။

အရိုးဖြူနတ်ဆိုးဂိုဏ်းချုပ်သည်တော့ မျက်လုံးကိုစုံမှိတ်ပြီး တဟားဟားအော်ရယ်နေတော့သည်။

"မင်းရဲ့အောင်ပွဲက ထိုက်တန်ပါတယ်။"

ဝှက်ဖဲများနှင့် အကြံအစည်အလွှာများစွာဖြင့် လုရှောင်ယန်သည် ဂိုဏ်းကိုတိုက်ခိုက်ရာတွင် အဖုအထစ်,အထစ်အငေါ့မရှိ လုပ်ဆောင်ခဲ့လေသည်။ အရိုးဖြူနတ်ဆိုးဂိုဏ်းမဟုတ်ဘဲ ကြီးမြတ်သောကျိုး တစ်ခုလုံးဆိုရင်တောင် လုရှောင်ယန်၏ အကြံအစည်ကို ခံနိုင်ရည်ရှိမည် မဟုတ်ပေ။

သူလက်ခံလိုက်ပြီ။ အမှန်တကယ်ကို လက်ခံလိုက်ပါပြီ။

နောက်ထပ်အခိုက်အတန့်တွင် မိုးကြိုးများ တစ်ခုပြီးတစ်ခု ထွက်ပေါ်လာသည်။ ထောင်နှင့်ချီသော မိုးကြိုးများ ပစ်ချပြီး အရိုးဖြူနတ်ဆိုးဂိုဏ်းတစ်ခုလုံးကို ပြာဖြစ်သွားစေသည်။ ကမ္ဘာကြီးသည် ဖြူလွှသော အလင်းရောင်ဖြင့် လင်းထိန်နေပြီး အရှေ့အရပ်မှ တက်လာသော နံနက်ခင်းနေရောင်ကိုပင် ဤအလင်းရောင်က လွှမ်းမိုးထားသည်။

အရိုးဖြူနတ်ဆိုးဂိုဏ်း၏ ပျက်ဆီးခြင်းကို ကြေငြာခံခဲ့ရပြီး အခြားဂိုဏ်းများမှ မရေမတွက်နိုင်သော ကျွမ်းကျင်သူများရောက်လာကာ သတင်းကိုစုံစမ်းကြသည်။

နှစ်နာရီကြာပြီးနောက် အချင်းဝက် ကီလိုမီတာ ၅,၀၀၀ အတွင်း ရေပန်းအစားဆုံး သတင်းဖြစ်လာခဲ့သည်။

ထိုအချိန်တွင် ယွင်လီကောနှင့် အခြားနှစ်ယောက်တို့သည် သူတို့ဆရာ၏တံခါးရှေ့ရှိ ခုံတန်းလျားတွင် ဝမ်းလျားမှောက်လို့နေကြသည်။ သူတို့သည် နှုတ်ခမ်းစူပြီး ဆရာ၏ကြာပွတ်ဖြင့် သနားစရာကောင်းလောက်အောင် အပြစ်ပေးခံရသည်။

"မင်းတို့ တော်တော်နာခံတတ်တာဘဲ..ဟမ်.. ငါ့သွန်သင်ချက်တွေကို မေ့သွားပြီလား?"

***

# *အခန်း ၁၀ လီတောက်ယန်၏ ကလဲ့စားချေမည့်အကြံ*

"ငါ မင်းတို့ကို ဘယ်နှစ်ခါပြောရမှာလဲ။ အနိုင်ရနိုင်တယ်ထင်ရင် တိုက်... မဟုတ်ရင် ပြေးလို့။ ဒါပေမယ့် မင်းတို့တွေဘာတွေလုပ်ခဲ့လဲ.. ဟမ်.. မင်းတို့ သူတို့ကို အနိုင်မယူနိုင်ပဲနဲ့ ဆက်ပြီး တိုက်နေခဲ့တယ်။ မင်းတို့ကိုယ်မင်းတို့ ပါရမီရှင်တွေ ထင်နေတာလား? မင်းတို့ကိုမင်းတို့ သတ်လို့မရတဲ့ ပိုးဟပ်တွေ ထင်နေတာလား? မင်းတို့သာ တကယ်ကို ပါရမီရှင်တွေဆိုရင် အခုလို အရှက်ခွဲခံရပြီး ငါ့တပည့်တွေ အဖြစ်နဲ့ အဆုံးသတ်မှာ မဟုတ်ဘူး!”

လုရှောင်ယန် အလွန်ဒေါသထွက်လို့နေလေသည်။

ကံကောင်းထောက်မစွာ၊ အရိုးဖြူနတ်ဆိုးအကြီးအကဲ အနည်းငယ် တိုက်ခိုက်တာခံရသည့်အချိန်၌ သူရောက်သွားခဲ့သည်။ မဟုတ်လျှင် သူတို့ သုံးယောက် အသက်မသေရင်တောင် ပြင်းထန်စွာ ဒဏ်ရာရသွားလိမ့်မည်။

သူသည် ဒီကလေးတွေကို အနည်းငယ်မျှလေ့ကျင့်စေပြီး အချိန်ဆွဲထား စေချင်ရုံသာဖြစ်သည်။ သို့သော် ဒီတပည့်တွေကတော့ ခေါင်းမာမာဖြင့် သူတို့၏ အသက်ကိုဖက်နှင့်ထုပ်ပြီး တိုက်ခိုက်ခဲ့ကြသည်။

ဘာလို့များ သူ့စကားကို နားမထောင်ကြရတာလဲ?

သူတို့ သုံးယောက်သည် ခုံတန်းရှည်ကြီးပေါ်တွင် နာခံစွာလှဲပြီး သူတို့၏ဆရာ၏ ကြာပွတ်ဒဏ်ကို နာခံစွာခံယူနေကြလေသည်။

လုရှောင်ယန်သည် ယွင်လီကောနှင့် ဖုန်းထျန်းယွမ်တို့ကို ရိုက်နှက်ပြီး နောက်ဆုံးမှသာ ကျီဝူရှားအလှည့်သို့ ရောက်သည်။

သို့သော် ယောက်ျားနှင့်မိန်းမ ကွဲပြားစွာဆက်ဆံခံရသည်ဟု ဆိုရပေမည်။

သူ ယွင်လီကောနှင့် ဖုန်းထျန်းယွမ်တို့ကို ကြာပွတ်နှင့် ရိုက်စဉ်က ကျောက်တုံးတွေကို ရိုက်နေသလိုပင်။ သူတို့၏ အသားသည် အလွန်မာကျောသည်။

ကျီဝူရှားသည်တော့ သူမကို ကြာပွတ်နှင့်ရိုက်တိုင်း သူ့ကြာပွတ်က ပြန်ကန်ထွက်လာသည်မှာရော်ဘာဘောလုံးကို ရိုက်နေသလိုပင်။

ယင်းကြောင့် လုရှောင်ယန် သည် မနေနိုင်ပဲ သူမကို ကြိမ်ဖန်များစွာ ရိုက်မိခဲ့သည်။

"အာ"

ကျီဝူရှားမှာ နာကျင်လွန်း၍ မျက်ရည်များပင်ကျလာသည်။ သူမ မထိန်းနိုင်ဘဲ အော်ဟစ်လိုက်တော့မှပဲ လုရှောင်ယန် ရပ်တန့်သွားတော့သည် ။

သူသည် ကြာပွတ်ကို လွှင့်ပစ်ပြီး၊ "မင်းတို့သုံးယောက် ဒီနေ့ ကျင့်ကြံခွင့်မပေးဘူး။ ကျီရွှေ့တောင်ထိပ်ရဲ့ စည်းမျဉ်းတွေကို အကြိမ်တစ်သောင်းကူးရေး။ မင်းတို့ ဒီတာဝန်မပြီးရင် ငါ့ကို ဆရာလို့ မခေါ်နဲ့တော့။"

သူတို့သုံးယောက်သည် လုရှောင်ယန်ကို အမှားတစ်ခုခုလုပ်မိသည့် ကလေးတွေသဖွယ် အသနားခံသည့် အကြည့်ဖြင့် ကြည့်နေကြသည်။

"ဆရာ.. ကျွန်တော်တို့တကယ်တောင်းပန်ပါတယ်။ ကျွန်တော်တို့ ထပ်ပြီး ပြဿနာ မရှာတော့ပါဘူး။"

"မဟုတ်ကဟုတ်ကတွေတော်တော့... ကတိစကားတွေကို နားထောင်ဖို့ စိတ်မဝင်စားဘူး။ အဲ့တာက မယုံကြည်ရဆုံးပဲ။ မင်းတို့တွေ စည်းကမ်းတွေကို ကူးရေးကြ။ ကူးရေးလို့မပြီးရင် မထွက်ကြနဲ့။"

ထိုစကားကိုပြောပြီး လုရှောင်ယန်သည် ဆေးပုလင်းတစ်ပုလင်းကို ထုတ်ကာ သူတို့ကို ပေးလိုက်သည်။

“ဒါက ဒဏ်ရာတွေကို ကုသရာမှာသုံးတဲ့ အဆီအနှစ်အားဖြည့်ဆေးလုံးတွေပဲ။ တစ်ယောက်ကို နည်းနည်းစီ စားလိုက်။ မင်းတို့ဒဏ်ရာတွေ ပြန်လည်ကောင်းမွန်လာစေဖို့ ကူညီပေးနိုင်တယ်။ ဘယ်ဒဏ်ရာမှ ချန်မထားခဲ့နဲ့။ ငါ မင်းတို့ကို တကယ်ကို သည်းမခံနိုင်တော့ဘူး။"

လုရှောင်ယန် ခေါင်းကို ခါယမ်းကာ လက်ကို နောက်ပစ်၍ စိတ်ပျက်လက်ပျက်ဖြင့် အိမ်မှ ထွက်သွားသည်။

သူသည် ကျီရှွေ့တောင်ထိပ်တွင် အကာအရံကို ပြန်လည် ဖန်တီးရန် ကိစ္စရှိနေသေးသည်။

ယွင်လီကောနှင့် ကျန်နှစ်ယောက်သည် ဆေးလုံးကိုကြည့်ပြီး မနေနိုင်ပဲ သူတို့၏နှလုံးသားတွေ နွေးထွေးသွားသည်။

လုရှောင်ယန်သည် သူတို့အပေါ် စည်းကမ်းတင်းကြပ်သောကြောင့်သာ သူတို့ကို ရိုက်နှက်ခဲ့သည်။ သို့သော် သူတို့ကို ရိုက်နှက်ပြီးနောက် ဒဏ်ရာများကို ကုသရန် ဆေးများ ပေးဆောင်ဖို့ မမေ့ခဲ့ပေ။

သူတို့ဆရာက သူတို့ကို အမှန်တကယ်ဂရုစိုက်ပုံရသည်။

"ဆေးလုံးတွေကို စားပြီး စည်းကမ်းတွေ ကူးရေးကြ!"

ယွင်လီကောသည် ဆေးလုံးကို ပထမဆုံးသောက်သူဖြစ်သည်။ ထို့နောက် ချက်ချင်းပင် ကူးရေးတော့သည်။

ကျီဝူရှားကတော့ ဒုတိယဖြစ်ပြီး ဖုန်းထျန်းယွမ်က တတိယဖြစ်ကာ သူတို့သုံးယောက်လုံး စတင်ကူးရေးကြသည်။

ထိုအချိန်တွင် လုရှောင်ယန်သည် ကျီရှွေ့တောင်ထိပ်၏ တောင်ခြေသို့ ရောက်ရှိလာပြီး အကာအရံစည်းတည်ဆောက်မှုကို စတင်လုပ်ဆောင်နေပြီဖြစ်သည်။

"အပြင်ဆုံးအလွှာအတွက် စစ်ဆေးခြင်းအစီအရင်ကို သုံးမယ်။ ကျူးကျော်ဖို့ကြိုးစားတဲ့သူတစ်ယောက်ယောက်ရှိတာနဲ့ အရင်ဆုံးသိတဲ့သူက ငါဖြစ်နေရမယ်။ ပုံမှန်ဆို ကျီရှွေ့တောင်ထိပ်ကို လာတဲ့သူအများစုက ကောင်းကင်နတ်ဆိုးဂိုဏ်းကပဲ။ တကယ်တော့ အပြင်လူတွေဆိုတာ ဝင်ခဲပါတယ်။"

"ဒုတိယအလွှာမှာ တိုက်ခိုက်ခြင်းအစီအရင်ကို ငါတည်ဆောက်မယ်။ ဒီနည်းနဲ့ တစ်စုံတစ်ယောက်ကို ရှာတွေ့ခဲ့ရင် အဝေးကနေ တိုက်ခိုက်မှုကို တိုက်ရိုက် ထိန်းချုပ်လို့ရတယ်။"

ဤအစီအရင်နှစ်ခုကို တစ်ခုပြီးတစ်ခုဖန်တီးပြီးနောက် လုရှောင်ယန်သည် နောက်ဆုံးတွင် သက်မတစ်ချက်ချလိုက်သည်။

အရေးအကြီးဆုံးအချိန်တွင် ကောင်းကင်စည်းတံဆိပ်ရုံအစီအရင်ကို အချိန်မရွေး အသက်သွင်းနိုင်သည်။ ဤအရာအားလုံးသည်

ကျီရွှေ့တောင်ထိပ်၏လုံခြုံရေးကို သေချာစေရန် လုံလောက်သည်ထက်ပိုပေသည်။

ယခင်ကဆိုလျှင် ဂိုဏ်းမှ သူ၏ အစစ်အမှန်ခွန်အားကို ရှာဖွေတွေ့ရှိခြင်းမှ ကာကွယ်ရန်အတွက် ကောင်းကင်စည်းတံဆိပ်ဂရုအစီအရင်ကို ပိတ်ထားခဲ့သည်။ သို့သော် သူသည် အခွင့်ကောင်းယူခံရပြီးဖြစ်သည်။ ယခုမူ လုရှောင်ယန်သည် တုန်လှုပ်ခြောက်ခြားကာ စိုးရိမ်နေမိသည်။

လက်ရှိတွင်၊ သူသည် အကာအရံအစီအရင် အားလုံးကို အဝေးမှထိန်းချုပ်နိုင်စွမ်း ရှိသည်။ တစ်စုံတစ်ဦးကို တွေ့ရှိသရွေ့ တိုက်ခိုက်မှုအစီအရင်ကို ချက်ချင်းအသက်သွင်းနိုင်မည်ဖြစ်သည်။ ဒါသည် သူ၏ဘေးကင်းမှုကို သေချာစေမည့် နည်းလမ်းဟုလည်း ယူဆနိုင်သည်။

အားလုံးလုပ်ပြီးသွားသည်နှင့် လုရှောင်ယန်သည် သူ၏နဖူးမှ ချွေးများကို သုတ်လိုက်စဉ် တောင်ခြေမှ တပည့်တစ်ယောက်က လှမ်းအော်လာခဲ့သည်။

"အကြီးအကဲလု ....အကြီးအကဲလုပ် ဂိုဏ်းချုပ်က ဂိုဏ်းခန်းမဆောင်ထဲမှာ အကြီးအကဲအားလုံးကို စုစည်းဖို့ အမိန့်ပေးလိုက်ပါတယ်။"

"နားလည်ပြီ။"

လုရှောင်ယန်သည် ထိုလူကို ချီစုဆောင်းခြင်းဆေးလုံး ပုလင်းငယ်ကို ပစ်ပေးကာ ခြေလှမ်းလှမ်းလိုက်သည်နှင့် သူ၏ခန္ဓာကိုယ်သည် ချက်ချင်းပင် နေရာမှ ပျောက်ကွယ်သွားသည်။

စင်စစ် တခြားအကြီးအကဲတွေ ရောက်မလာသော်လည်း လုရှောင်ယန်သည် ဘာတွေဖြစ်နေတာလဲ ဆိုသည်ကို ခန့်မှန်းနိုင်သည်။

အကယ်၍ မမျှော်လင့်ထားတာ တစ်ခုခုမှမဖြစ်ခဲ့လျှင် အရိုးဖြူနတ်ဆိုးဂိုဏ်း ပျက်ဆီးခြင်းနှင့် သက်ဆိုင်ရမည်။

အခြေခံအားဖြင့် ထိုကိစ္စက အရမ်းကြီးသည်။ ထို့အပြင် အရိုးဖြူနတ်ဆိုးဂိုဏ်းသည် ကောင်းကင်နတ်ဆိုးဂိုဏ်းနှင့် အလွန်နီးစပ်သောကြောင့် ကောင်းကင်နတ်ဆိုးဂိုဏ်းသည် ထိုကိစ္စကို အလေးအနက်မထားဖို့ဆိုသည်က မဖြစ်နိုင်ပေ။

မကြာမီ သူသည် ဂိုဏ်းခန်းမသို့ ရောက်ရှိလာခဲ့သည်။ ခန်းမအဝင်ဝကိုရောက်သည်နှင့် လီတောက်ယန်ကိုတွေ့လိုက်သည်။ ဒီကောင်ကတော့ ရက်အနည်းငယ်လေး အလုပ်လုပ်လိုက်ရတာတောင် သူ၏အသားအရေက ပိုမည်းလာသည်မှာ တစ်နှစ်ခွဲကျော်လောက် နေပူဆာလှုံခဲ့သလိုပင် ထင်ရသည်။ သူ၏လည်ပင်းအောက်မှာ အဖြူအမည်းမျဉ်းကြောင်းတွေတောင် ရှိနေသည်။

"ရှောင်ယန် ..ဟင့်... ငါ မင်းကို အရမ်းလွမ်းနေတာ။"

"ဘာလဲ?! ဘာဖြစ်ခဲ့လို့လဲ?"

လုရှောင်ယန် အံ့သြသွားရသည်။

လီတောက်ယန်သည် ဝမ်းနည်းသည့်အမူအရာကို ဆင်မြန်းထားလျက်၊ “ပြောမနေပါနဲ့။ အကြီးအကဲဟွမ်းက သူချိန်းတွေ့တာ အဆင်မပြေဖြစ်သွားပြီးတဲ့နောက်ပိုင်း ငါ့အပေါ် သူ့ဒေါသအားလုံးကို ပုံချခဲ့တယ်။ ဘုရားသခင်! အဲ့လူယုတ်မာက ငါ့ကို နေ့ရောညပါ လေ့ကျင့်ပေးပြီး မရပ်မနားအလုပ်လုပ်ခိုင်းတယ်။ ရက်နည်းနည်းလေးပဲ အလုပ်လုပ်ရသေးတာတောင် ပင်ပန်းလွန်းလို့ သေလုနီးပါးပဲ။"

"အင်း…ဒါဆို မင်းဘာလို့ဒီကိုပြန်ရောက်နေတာလဲ?"

“အရိုးဖြူနတ်ဆိုးဂိုဏ်းမှာ ကြီးကြီးမားမား တစ်ခုခု ဖြစ်သွားတယ်လို့ ငါကြားထားတယ်။ ဂိုဏ်းက အကြီးအကဲတွေ အားလုံး၏ ပြစ်ဒဏ်ကို ဖယ်ရှားပြီး အစည်းအဝေးတစ်ခုပြုလုပ်ဖို့ ဂိုဏ်းခန်းမထဲမှာ အားလုံးကို စုဝေးစေတယ်လေ။ ငါက လောလောဆယ် အပြစ်ပေးခံနေရတဲ့ တစ်ဦးတည်းသော အကြီးအကဲမို့လို့ သူတို့က ငါ့ကို လွှတ်လိုက်တာ။”

“အိုး… ကောင်းသားပဲ။”

"ဘာကောင်းလဲ ငါ့ရဲ့ နူးညံ့တဲ့အသားအရည်ဟာ ထာဝရပျောက်ကွယ်သွားပြီ။ ရှောင်ယန် မင်းမှာ အကြံတွေ အများကြီးရှိတာပဲ။ နည်းလမ်းတစ်ခု စဉ်းစားပေးပါဦး။ ငါလက်စားမချေရရင် လူသားတစ်ယောက်အနေနဲ့ ငါ့ဂုဏ်သိက္ခာတွေ ဆုံးရှုံးရလိမ့်မယ်။"

လီတောက်ယန်သည် လက်သီးများကို ကျစ်ကျစ်ဆုပ်ထားပြီး အံကြိတ်ထားသည်။ သူ၏မျက်လုံးထဲမ ဒေါသတွေသည် ပေါက်ကွဲတော့မည်ဟုထင်ရသည်။

လုရှောင်ယန် သူ့နှာခေါင်းကို အသာလေးထိလိုက်သည်။

“ဒီကိစ္စနဲ့ ပတ်သက်ပြီး ငါ့မှာ ဘာအကြံကောင်း မရှိဘူး။ အမှန်တော့ အကြီးအကဲဟွမ်းရဲ့ ကျင့်ကြံဆင့်က စိတ်ဝိညာဉ်ဒုသသမအဆင့်ကိုတောင် ရောက်နေပြီဆိုတာ မင်းလည်းသိတယ်။ သူက ငါတို့ နှစ်ယောက်စလုံးထက် ပိုအစွမ်းထက်တယ်၊ သူ့ကို လုံးဝမအနိုင်ယူနိုင်ဘူး။ သူ့ထက် သန်မာတဲ့သူတစ်ယောက်ကို ရှာတွေ့ရင်တော့ သူ့ကို ကိုင်တွယ်ဖြေရှင်းဖို့ အဆင်ပြေတယ်။”

"အကြီးအကဲဟွမ်းထက် ပိုသန်မာတဲ့သူလား? ပြီးတော့ သူက ငါ့ကို ကူညီပေးဖို့ စေတနာရှိဖို့ လိုတယ်။”

လီတောက်ယန် ခေါင်းငုံ့ကာ ခဏလောက် စဉ်းစားနေလိုက်သည်။ ရုတ်တရက် သူ၏မျက်လုံးတွေ တောက်ပလာပြီး လုရှောင်ယန် ကို ချက်ချင်း လက်မထောင်ပြလိုက်သည်။

"အထင်ကြီးစရာပဲ တကယ်ကို အထင်ကြီးစရာကောင်းတယ်။ ရှောင်ယန် မျှော်လင့်ထားတဲ့အတိုင်း မင်းက တကယ်ကို ဉာဏ်ကောင်းတယ်။ မင်းက ငါ့အတွက် ညစ်ပတ်တဲ့ အလုပ်ကို သူများကိုလုပ်ခိုင်းဖို့ တိုက်ရိုက် တွေးလိုက်တာပဲ။ ငါ့မှာ အစီအစဉ်ရှိတယ် ဟီးဟီး…”

“တကယ်လား.. မင်းအစီအစဉ်ကဘာလဲ?"

လုရှောင်ယန် အတန်ငယ် သိချင်သွားသည်။ လီတောက်ယန်တစ်ယောက် သူ့လက်ကို ကျောနောက်မှာပစ်ထားပြီး မကောင်းဆိုးဝါးဆန်ဆန် ပြုံးလိုက်သည်။ “ကောင်းကင်ဘုံရဲ့ လျှို့ဝှက်ချက်တွေကို ပေါက်ကြားလို့ မရဘူး။ ဒါပေမယ့် ငါ့ဆီက သတင်းကောင်းကိုသာ စောင့်နေလိုက်။ ဟားဟားဟား... ဒီတစ်ခါတော့ ဒီလူယုတ်မာကြီးဟွမ်းကို "အကောင်းဆုံး" အပြုအစုကို မခံစားစေရရင် သူ့မျိုးရိုးကို ငါယူလိုက်မယ်!"

ထိုသို့ပြောပြီး လီတောက်ယန် ခန်းမထဲသို့ လျှောက်ဝင်သွားသည်။

လုရှောင်ယန် ခေါင်းယမ်းလိုက်သည်။ “ဒီကောင် ဘာဖြစ်နေလဲ မသိဘူး? ဒါပေမယ့် ဒါက ကောင်းတဲ့ ကိစ္စမဟုတ်ဘူးလို့ ထင်မိတယ်။ သူ ဒီထက်ပိုပြီး ဒုက္ခမရောက်ဖို့ပဲ မျှော်လင့်တယ်။”

ထိုသို့ပြောပြီး သူလည်း ဝင်လာခဲ့သည်။

ခန်းမထဲတွင် အလွန်အမင်း တိတ်ဆိတ်နေသော်လည်း လူအုပ်ထဲမှ အကြီးအကဲများစွာသည် တိတ်တဆိတ် သတင်းစကားများ ပေးပို့နေကြသည်။

သူတို့၏အမူအရာများမှာ ကွဲပြားသော်လည်း အများစုမှာ အလွန်လေးနက်လို့နေကြသည်။

လုရှောင်ယန် ရောက်ရှိလာသောအခါတွင် ဂိုဏ်းချုပ်က ချက်ချင်း ပြောလိုက်သည် "ရှောင်ယန်.. မင်းရောက်ပြီပဲ။ မြန်မြန်ထိုင်!"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ဂိုဏ်းချုပ်၊"

အကြီးအကဲအဖွဲ့၏အဖွဲ့ဝင်ဖြစ်လာခြင်းအတွက် နောက်ထပ်အကျိုးအမြတ်ရှိပါသည်။ ခန်းမထဲတွင် အကြီးအကဲအဖွဲ့ဝင်များသည် ကိုယ်ပိုင်ထိုင်ခုံရှိနိုင်ပြီး အခြားအကြီးအကဲများကဲ့သို့ မတ်တပ်ရပ်နေရန် မလိုအပ်ပေ...

***

## ***အခန်း ၁၁ အကာအကွယ်အခင်းအကျင်းဆိုင်ရာ စုဝေးပွဲ...***

လုရှောင်ယန် ထိုင်ပြီးနောက်တွင် ဂိုဏ်းချုပ်က စကားစပြောလာခဲ့သည်။

"ငါလူတိုင်းကို ဘာလို့ဒီမှာစုခိုင်းလဲဆိုတာ အားလုံးသိပြီးသားဖြစ်မယ်လို့ ငါယုံကြည်တယ်။"

အကြီးအကဲများစွာက ခေါင်းညိတ်ကြသည်။

ဒါနဲ့ ဂိုဏ်းချုပ်ကဆက်ပြီး၊ “အရိုးဖြူနတ်ဆိုးဂိုဏ်းက နေ့ချင်းညချင်း ဖျက်ဆီးခံခဲ့ရတယ်။ ဂိုဏ်းသားတစ်ယောက်မှတောင် မလွတ်မြောက်ခဲ့ဘူး။ တောင်တစ်ခုလုံးတောင် ပြိုကျသွားခဲ့တာ။”

ထိုစကားကို ပြောပြီးသည်နှင့် ခန်းမထဲတွင် အာမေဋိတ်သံများစွာ ထွက်ပေါ်လာသည်။

အကြီးအကဲတိုင်း ထိုအကြောင်းကို သိထားကြသည်မဟုတ်ပေ။

ထိုအကြောင်းကို သိထားသူများသည်လည်း ပြန်ကြားရသည့်အခါ သူတို့၏ ဦးရေပြားတွေ ထုံကျင်သွားသလို ခံစားလိုက်ရသည်။

ခဏအကြာတွင် ဂိုဏ်းချုပ်သည် ထိုင်ခုံလက်ကိုင်ကို ခေါက်လိုက်သည်နှင့် အားလုံး တဖြည်းဖြည်း စကားပြောတာ ရပ်တန့်သွားသည်။

“ဒီကိစ္စက ဂိုဏ်းပေါင်းစုံကို ထိတ်လန့်စေတယ်။ တစ်ညတည်းနဲ့ အနီးနားမှာရှိတဲ့ ဘယ်ဂိုဏ်းကမှ အရိုးဖြူနတ်ဆိုးဂိုဏ်းကို ဖျက်ဆီးနိုင်စွမ်းမရှိဘူး။ ကြီးမြတ်သောကျိုးအင်ပါယာရဲ့ ပထမတန်းစား ဂိုဏ်းတွေကသာ ဒီလို အရာများကို လုပ်ဆောင်နိုင်ကြတယ်။ ဒါ့အပြင် ဂိုဏ်းကြီးတစ်ခုအား အုံလိုက်ကျင်းလိုက်နဲ့ လာ တိုက်ခိုက်ရင် ငါတို့ ဂိုဏ်းသတိမထားမိစရာမရှိဘူး။"

“ဒါ့ကြောင့်၊ ငါနဲ့ တခြား များစွာသော ဂိုဏ်းချုပ်တွေက အရိုးဖြူနတ်ဆိုး ဂိုဏ်းက အင်အားကြီးသူကို စော်ကားခဲ့ဖွယ်ရှိတယ်လို့ ထင်မြင်ယူဆကြတယ်။ ဒီလူရဲ့ ခွန်အားက ကြီးမားပြီး အနည်းဆုံးတော့ အနှစ်သာရခိုင်မြဲခြင်းအဆင့်ရဲ့ အထက် ကျင့်ကြံသူ ဖြစ်ရမယ်။”

ဟစ်..

အားလုံးသည် တညီတညွတ်တည်း ပင့်သက်ရှိုက်မိကြသည်။

အနှစ်သာရခိုင်မြဲခြင်းအဆင့် ကျွမ်းကျင်ပညာရှင်သည် ဤနေရာ၌ အမှန်တကယ် ပေါ်လာခဲ့သည်။ ပြောရရင် အရာအားလုံးကို သူနှစ်သက်သလို ချယ်လှယ်နိုင်မည် မဟုတ်ပေလော။

အနီးနားရှိ ဂိုဏ်းများကြားတွင် အဆင့်အမြင့်ဆုံး ကျင့်ကြံသူမှာ ကပ်လျက်က ယုံကြည်အားထားရာဂိုဏ်း၏ အကြီးအကဲဖြစ်သော အာကာပြင်ပြိုကွဲခြင်း ပဉ္စမအဆင့်တွင် ရှိသည်မှာ ယန်ရမ်ကျယ်ဖြစ်သည်ကို သိထားကြသည်။ တခဏချင်းပင် လူတိုင်းသည် အထိတ်တလန့်ဖြစ်သွားကာ တစ်နေ့တွင် ဤပြိုင်ဘက်ကင်းသူ၏ တိုက်ခိုက်ခံရပြီး အသက်ဆုံးရှုံးမည်ကို ကြောက်သွားကြသည်။

ခန်းမတစ်ခုလုံးတွင် လုရှောင်ယန် သည်သာ အမှန်တရားကိုသိသောကြောင့် သူတစ်ဦးတည်းသာ ငြိမ်သက်နေသည်။

"ဒီအခြေအနေနဲ့ ပတ်သက်ပြီးတော့ အခုပဲ ပြောမယ်။ ငါတို့ရဲ့ ကောင်းကင်နတ်ဆိုးဂိုဏ်းက အကြီးအကဲတွေနဲ့ တပည့်တွေအားလုံးအနေနဲ့ ဒီကာလအတွင်း ဘယ်သူနှင့်မှ ပဋိပက္ခမဖြစ်သင့်ဘူး။ တကယ်လို့များ ပဋိပက္ခဖြစ်ခဲ့ရင် အဲ့ဒီအတွက် ကိုယ့်ဘာသာ အပြည့်အဝတာဝန်ယူရမယ်။

မင်းကို အစိတ်စိတ်အမြွှာမြွှာ လုပ်ခံရရင်တောင် ငါတို့ ကောင်းကင်နတ်ဆိုးဂိုဏ်းက ကူညီမှာမဟုတ်ဘူး။”

“ဒါ့အပြင်၊ ဒီဒီလောက်ကြီးတဲ့ကိစ္စနဲ့ ပတ်သက်ပြီး တော်ဝင်မိသားစုက နေ စုံစမ်းစစ်ဆေးဖို့ လူတွေ စေလွှတ်မှာပဲ။ ငါတို့ ကောင်းကင်နတ်ဆိုး ဂိုဏ်းက တပည့်တွေအားလုံး ဘာမှမသိဘူးလို့ပဲ ပြောရမယ်။ သေချာပေါက် ငါတို့ဒီပြဿနာထဲဝင်ပါဖို့ မသင့်ဘူး၊ နားလည်ကြလား?"

"နားလည်ပါပြီ။"

“ဒါဆို ပြဿနာမရှိပါဘူး။ ကောင်းပြီ၊ ဒါတွေက ဒီနေ့ စုဝေးမှုအကြောင်းရင်းပဲ။ အားလုံး ကိုယ့်တောင်ထိပ်ကိုပြန်ပြီး ကိုယ့်တပည့်ကို အသိပေးကြ။”

"အစည်းအဝေး ပြီးပြီ"

ဂိုဏ်းချုပ်က အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပြီးနောက် အကြီးအကဲများသည် ဆွေးနွေးရင်းထွက်သွားကြသည်။

ဤကိစ္စသည် လာမည့်ရက်အနည်းငယ်အတွင်း လူတိုင်းအတွက် ဆွေးနွေးရမည့် ခေါင်းစဉ်ဖြစ်လာမည်ဟု ခန့်မှန်းရသည်။

လုရှောင်ယန်သည်လည်း ထွက်သွားတော့မည့် အချိန်တွင် ဂိုဏ်းချုပ်၏ တားဆီးခြင်းကို ခံရသည်။

"ရှောင်ယန် ခဏစောင့်။ ငါမင်းကိုပြောစရာရှိတယ်။"

“ဟုတ်ကဲ့။” လုရှောင်ယန် ရပ်တန့်သွားသည်။

"မင်းမှာ အခုတလော တောင်းဆိုစရာတွေရှိလား? မင်း ကျီရွှေ့ တောင်ထိပ်မှာနေပြီး သိပ်ဆင်းလာတာ မတွေ့ဘူး။"

လုရှောင်ယန် ပြန်ဖြေလိုက်သည်။ “ကျွန်တော့်ရဲ့ အရည်အချင်းက မလုံလောက်ပါဘူး၊ ဒါကြောင့် သဘာဝကျကျပဲ ပိုပြီးတော့ လုံ့လဝီရိယ ရှိသင့်တယ်လေ။ ကျွန်တော့်ရဲ့ ငယ်ရွယ်နုပျိုမှုနဲ့ တက်ကြွမှုကို အခွင့်ကောင်းယူပြီး ကျင့်ကြံဆင့်ကို တိုးမြင့်သင့်တယ်။”

ဂိုဏ်းချုပ်က ကျေနပ်စွာ ခေါင်းညိတ်လိုက်သည်။ "မှန်တယ်။ အဲဒီလိုတွေးရင် အကောင်းဆုံးပါပဲ။ အရည်အချင်းကလွဲလို့ သိုင်းပညာရှင်တစ်ယောက်အတွက် အရေးကြီးဆုံးအရာက လုံ့လဝီရိယပါပဲ။”

သူသည် ခေတ္တတုန့်ဆိုင်းပြီးနောက် မျက်ခုံးပင့်လိုက်ပြီး ရည်ရွယ်ချက်ဖြင့်မေးလိုက်သည်။ "အမ်၊ ရှောင်ယန် မင်းရဲ့ ခွန်အားကို ပိုမြန်မြန် တိုးတက်အောင်လုပ်ဖို့ မတွေးဖူးလား?"

လုရှောင်ယန် အနည်းငယ် မျက်မှောင်ကြုတမိသွားသည်။

“ဟုတ်ကဲ့။ ဒါပေမယ့် ကျွန်တော့ရဲ့ ခွန်အားကို မြန်မြန်ဆန်ဆန် တိုးဖို့က မလွယ်ဘူး။”

“အဲဒါက သိပ်မခက်ပါဘူး။ ရှားပါးတဲ့ သဘာဝရတနာအချို့ကို ရရှိပြီး ပြုပြင်မွမ်းမံလိုက်သရွေ့ ကျင့်ကြံရမယ့်အချိန်ကို တော်တော် သက်သာစေတယ်။”

လုရှောင်ယန် အံ့အားသင့်သွားပြီး တစ်စုံတစ်ခုကို ချက်ခြင်းပင် ယောင်ဝါးဝါး မှန်းဆလိုက်သည်။

ဂိုဏ်းချုပ်သည် သူ့ကို သဘာဝ ရတနာတချို့ ပေးချင်နေတာ ဖြစ်နိုင်သည်။ သို့သော် ဂိုဏ်းချုပ်သည် ကြင်နာမှုသက်သက်ဖြင့် သူ့ကို တစ်ခုခုအလကား ပေးခြင်းမဖြစ်နိုင်ပေ။

"ဂိုဏ်းချုပ်၊ ခင်ဗျား ကျွန်တော့်ကို ခိုင်းစရာတစ်ခုခုရှိလို့လား?"

ဂိုဏ်းချုပ်သည် ပေါ့ပေါ့ပါးပါး ချောင်းဆိုးကာ  မျက်လုံးများကိုမှေးကျဉ်းသွားသည်အထိ ပြုံးလိုက်သည်။

"မင်း..ပီသလိုက်တာ.. ဒါကြောင့် အရင်က လူကြီးတွေက မင်းကို ထက်မြက်တယ်လို့ ချီးကျူးကြတာကိုး။ မင်းကတကယ် ဉာဏ်ကောင်းတာပဲ။"

ခေတ္တရပ်ပြီးနောက် သူကဆက်ပြောသည်။

“ဒီလိုပါ။ လိပ်နက်ဂိုဏ်းကို မင်း ကြားဖူးလား။"

လုရှောင်ယန် ခေါင်းညိတ်လိုက်သည်။ “ဟုတ်ကဲ့ ကျွန်တော်ကြားဖူးတယ်။ လိပ်နက်ဂိုဏ်းက ကျွန်တော်တို့ရဲ့

ကြီးမြတ်သောကျိုးမှာ ထိပ်တန်းပထမတန်းစားဂိုဏ်းတစ်ခုပါ။ သူတို့မှာ အဆင့်မြင့်ပညာရှင်တွေများတဲ့အပြင် ဆေးလုံးဖော်စပ်ခြင်း၊ အစီအရင်ချခြင်း တွေမှာလည်း ကျွမ်းကျင်တဲ့သူတွေများတယ်။ ကျွန် ကြီးမြတ်သောကျိုးရဲ့ တောင်ဂိတ်က တောင်တွေကိုကာကွယ်ဖို့အစီအရင်အတော်များများကို လိပ်နက်ဂိုဏ်းက တာဝန်ယူထားတာ။"

ဂိုဏ်းချုပ် ကျေနပ်စွာ ခေါင်းညိတ်လိုက်သည်။

"မှန်တယ် မင်း ကောင်းကောင်းသိတာပဲ။ လိပ်နက်ဂိုဏ်းက အကာအရံ တည်ဆောက်ခြင်းဆိုင်ရာ အစည်းအဝေးတစ်ခုကျင်းပဖို့ စီစဉ်နေလို့ ကြီးမြတ်သောကျိုးရဲ့ အစီအရင်ပိုင်းမှာ ကျွမ်းကျင်မှုရှိကြတဲ့ ဂိုဏ်းအများအပြားကို လမ်းညွှန်မှုရယူရန် ဖိတ်ခေါ်ထားတယ်။ ဒီအစည်းအဝေးမှာ မင်း ထင်ပေါ်နိုင်ရင် ဆုလာဘ်ပေါင်းများစွာ ရလိမ့်မယ်။"

လုရှောင်ယန်၏ မျက်နှာအမူအရာမှာ ချက်ချင်းပင် တွန့်ရှုံ့သွားတော့သည်။

ဤကဲ့သို့ အသုံးမဝင်သည့်စုဝေးပွဲမျိုးကို သူမသွားလိုပေ။

ဘယ်လိုဟာသမျိုးလဲ!

သူ့ဘဝရဲ့ အကြီးမားဆုံး ပန်းတိုင်ဆိုသည်က အသရေမဲ့စွာ နေထိုင်ဖို့ပင်။

သူသာ လိပ်နက်ဂိုဏ်း သို့သွားပြီး နေ့ချင်းညချင်း ကျော်ကြားလာပါက၊ ဘယ်လောက်တောင် ဒုက္ခများလိုက်မလဲ။

အနာဂတ်မှာ သူဘယ်ကိုပဲ သွားပါစေ ရည်ရွယ်ချက်ကောင်းရှိသူတွေက ရိုသေလေးစားပြီး ဆရာကြီးလု လို့ ခေါ်ကြလိမ့်မယ်။ မဟုတ်ရင် သူတို့က တိုက်ရိုက်စိန်ခေါ်လိမ့်ဦးမယ်။ မင်းက အခင်းအကျင်းပညာမှာ အရမ်းတော်တတ်နေတဲ့ အောင်မြင်မှုတွေပိုင်ဆိုင်ထားတဲ့ ဆရာကြီးလု လား? လာ၊ လာ၊ငါတို့ ပြိုင်ကြစို့!

တကယ်လို့ သူသာ ဂရုမစိုက်မိပါဘဲ လူမြင်ကွင်းမှာ တစ်ယောက်ယောက်ကို သတ်မိပြန်ခဲ့လျှင် လူတိုင်းရဲ့ ပစ်မှတ်ထားခြင်းကို ချက်ချင်းခံရပေဦးမည်။

"ဂိုဏ်းချုပ် တကယ်တော့ ကျွန်တော့်ရဲ့ အကာအကွယ်အခင်းအကျင်းပညာက ဒီလောက်ပါပဲ။ လိပ်နက်ဂိုဏ်းမှာ ကျွန်တော့ထက် ပိုတော်တဲ့သူတွေ အများကြီးရှိတယ်။ မသွားသင့်လောက်ပါဘူး။

ကျွန်တော့်ရဲ့ရလဒ်တွေသာ ညံ့နေရင် ကိုယ့်ကိုယ်ကိုယ် အရှက်ခွဲသလိုဖြစ်နေမှာ မဟုတ်ဘူးလား?"

ဂိုဏ်းချုပ်က လုရှောင်ယန် ၏ ပုခုံးပေါ် ပုတ်လိုက်သည်။

"မင်းရဲ့ခွန်အားကို ငါယုံတယ်။ စုဝေးပွဲမှာ အဆင့်ကောင်းတစ်ခုရမှာသေချာတယ်။ ဆုံးဖြတ်ပြီးသွားပြီ။ အကယ်၍ မင်း အဆင့်ကောင်းတစ်ခုရနိုင်ခဲ့ရင် လိပ်နက်ဂိုဏ်းက ဆုလာဘ်အပြင် ငါတို့ ကောင်းကင်နတ်ဆိုးဂိုဏ်းကလည်း မင်းကို နောက်ထပ်ဆုတစ်ခု ပေးမယ်။"

လုရှောင်ယန်၏ မျက်နှာသည် မည်းမှောင်လို့သွားပြီး ခါးသီးသလို ခံစားလိုက်ရသည်။ သူ ဘာဆုမှ မလိုချင်ပါဘူးနော် ။ ဒီအတိုင်း သူသည် လူမသိသူမသိလေးနဲ့ အဆင့်တက်သွားချင်ရုံပါ။

စောစောက သူသိခဲ့လျှင် အခင်းအကျင်းကို အသက်သွင်းစဉ်က သူ့အင်အား၏ ဆယ်ပုံတစ်ပုံလောက်သာ အသုံးပြုမိလိမ့်မည်။ သူကိုယ်တိုင်ကိုက ကောင်းကင်နတ်ဆိုးဂိုဏ်း၏ အကာအကွယ်အခင်းအကျင်း၏အဆင့်ကို မတန်တဆ အထင်ကြီးခဲ့မိခြင်းပင်။

နောက်ဆုံးတော့ သူ့ဒုက္ခသူရှာမိတာပဲ အဖက်တင်သွားတာပေါ့။

ဆိုရိုးစကားများအရ ဝက်များသည် ဆူဖြိုးမည်ကို ကြောက်ကြပြီး လူတို့သည် ကျော်ကြားမှုကို ကြောက်ရွံ့ကြသည်။ သူနာမည်ကြီးလာသည့်အခါ ကောင်းတာ တစ်ခုမှ ရှိလာမည်မဟုတ်ပေ။

ဒါပေမယ့်.. မေ့လိုက်ပါတော့လေ။ အအရေးအကြီးဆုံးက ဂိုဏ်းချုပ်က သူ့အပေါ် အရမ်းကောင်းနေတာပဲ။ ထို့ကြောင့် သူမျက်နှာသွားပြလိုက်ဖို့သာ ဆုံးဖြတ်ချက်ချလိုက်တော့သည်။

သူသွားပြီးလျှင်၊ သူ၏ အခင်းအကျင်းတွင် ကျွမ်းကျင်မှု၏ ၂၀ရာခိုင်နှုန်းလောက်ကိုသာ ပေါ့ပေါ့ပါးပါး ပြသပြီး အလယ်အလတ်ရလဒ်များကို ရရှိစေမည်။ နောက်ဆုံးတွင် ကောင်းကင်နတ်ဆိုးဂိုဏ်းသည် သူ့ကို နှစ်ပေါင်းများစွာ ပြုစုပျိုးထောင်ပေးခဲ့သည်ကို ထည့်စဉ်းစားမှဖြစ်မည်။

ထိုသို့တွေးပြီးနောက် ဂိုဏ်းချုပ်ဆီ အရိုအသေပေးလိုက်ကာ၊ "အဲ့ဒါဆို ဂိုဏ်းချုပ် ပြောတာကို နာခံပါ့မယ်။ အချိန်ကျရင် အစွမ်းကုန်လုပ်ဆောင်ပါ့မယ်။"

"ကောင်းပြီ ပြီးရင် နောက်လမှာ အတူတူသွားကြရအောင်။ အဲ့အချိန်မှာ မင်း ကောင်းကောင်းစွမ်းဆောင်နိုင်စေရန်အတွက် ဒီလထဲ မကျင့်ကြံနဲ့။ အကာအကွယ်အခင်းအကျင်းပညာကို ကျွမ်းကျင်ဖို့သာ ကြိုးစားလေ့လာ၊ စုဝေးပွဲမှာ အကောင်းဆုံးရလဒ်ရဖို့ သေချာလုပ်၊ မင်းရဲ့လေ့ကျင့်ရေးမှာသုံးဖို့ အဆင့်မြင့်ဝိညာဉ်ကျောက်တုံး ၃၀၀,၀၀၀ ပေးဖို့အတွက် ရတနာတိုက်ကနေ သွားယူလိုက်။"

"ကျေးဇူးတင်ပါတယ် ဂိုဏ်းချုပ်..."

***

# *အခန်း ၁၂ ဆရာဦးလေးလီကလည်း ပုန်းကွယ်နေတဲ့ သိုင်းအကျော်အမော်ပဲလား...*

လုရှောင်ယန် ခန်းမမှထွက်၍ ဂိုဏ်းချုပ်မှ စီစဉ်ပေးထားသည့် ဝိညဥ်ကျောက်တုံး ယူရန် ဂိုဏ်း၏ရတနာခန်းမသို့ သွားလိုက်သည်။

မလွတ်မြောက်နိုင်တော့ဘူးဆိုမှတော့ ရသမျှပစ္စည်းကိုသာ အိတ်ကပ်ထဲအရင်ထည့်ဖို့တွေးလိုက်သည်။

အကယ်၍ သူသာ အရိုးဖြူနတ်ဆိုးဂိုဏ်း၏ ရတနာခန်းမကို သိမ်းနိုင်ခဲ့လျှင် ကောင်းကင်နတ်ဆိုးဂိုဏ်း၏ ရတနာများနှင့်မယှဉ်နိုင်သော်လည်း သူ ဝိညာဉ်ကျောက်တုံး တော်တော်များများ ပိုင်ဆိုင်နိုင်သေးသည်။ သို့သော် ထိုကိစ္စသည် အနည်းငယ် စွန့်စားလွန်းရာကျနေ၍သာ သူမလုပ်ခဲ့ခြင်းပင်။

သူလိုချင်သည်မှာ အရိုးဖြူနတ်ဆိုးဂိုဏ်း လုံးဝပျောက်ကွယ်သွားပြီး ကျီရွှေ့တောင်ထိပ်၏ လျှို့ဝှက်ချက်ဘယ်တော့မှ မပေါက်ကြားစေရန်ဖြစ်သည်။ သူသာ အရိုးဖြူနတ်ဆိုးဂိုဏ်း၏ ရတနာခန်းမကို လောဘတက်ပြီး ဂိုဏ်းသားတစ်ယောက် နှစ်ယောက်ကိုလွတ်စေခဲ့လျှင် ဒုက္ခရောက်သွားလိမ့်မည်။

" အိုး...ရှောင်ယန် မင်းရောက်နေတာပဲ..လာ..ထိုင်"

လုရှောင်ယန် ဂိုဏ်း၏ရတနာခန်းမ သို့ရောက်လာသည်နှင့် အကြီးအကဲများက သူ့ကိုလှိုက်လှဲစွာကြိုဆိုကြသည်။ သူတို့သည် ထိုင်ခုံများထုတ်ပေးကာ ရေနွေးကြမ်းများ တည်ခင်းပေးပြီး အလွန်နွေးထွေးသည်ဟုထင်ရသည်။ ပြီးခဲ့သည့်တစ်ခေါက်လာစဉ်ကနှင့် လုံးဝတခြားစီပင်။

အကြောင်းအရင်းမှာတော့ အကာအကွယ်အခင်းအကျင်းတည်ဆောက်ရာတွင် လုရှောင်ယန်၏ ကျွမ်းကျင်မှုမှာ အားကောင်းလွန်းသောကြောင့် ဂိုဏ်းထဲတွင် အလွန် ကျော်ကြားနေ၍ဖြစ်သည်။
ရတနာခန်းမတွင် အလုပ်လုပ်သည့် အကြီးအကဲအများစုသည် မြေ ခွေးအိုကြီးများဖြစ်ကြသည်၊ သူတို့သည် အခြေအနေနှင့် အချိန်အခါအ ပေါ်မူတည်၍ မည်သို့ ပြုမူရမည်ကို သိကြလေသည်။

"ရှောင်ယန်...မင်းကြည့်ရတာ အားနေသလိုပဲ  ရတနာခန်းမကို ဘာအတွက်လာတာလဲ?"

လုရှောင်ယန်သည် အကြီးအကဲထံမှ ရေနွေးကြမ်းလက်ခံယူပြီး ရေနွေးကြမ်းတစ်ငုံ သောက်ကာ မျက်နှာအမူအရာပြောင်းလဲခြင်းမရှိပဲ ပြောလိုက်သည်။

"အဲ့တာက ဒီလိုပါ..ဂိုဏ်းချုပ်က ကျွန်တော့ကို အဆင့်မြင့်ဝိညာဉ်ကျောက်တုံး ၃၀၀,၀၀၀ ယူဖို့ပြောလိုက်တယ်။ သူပြောတာက နောက်လ လိပ်နက်ဂိုဏ်းရဲ့ အခင်းအကျင်းပညာရပ် အကြောင်းဆွေးနွေးပွဲအတွက်ပြင်ဆင်တဲ့အနေနဲ့ အခင်းအကျင်းတည်ဆောက်နည်းအကြောင်းကို သေချာ လေ့လာခိုင်းထားလို့ပါ။"

"အိုး .. သိပြီ.. ငါတို့ မင်းအတွက်ယူပေးမယ်"

ခဏအကြာတွင် အကြီးအကဲများသည် လုရှောင်ယန်အတွက် အိတ်ငယ်တစ်လုံးပြင်ပေးသည်။

လုရှောင်ယန်သည် အိတ်ကိုမကြည့်ပြီး အလေးချိန်မှာ မှားနေသည်ဟု ခံစားမိသည်။ သူ၏ စိတ်အာရုံဖြင့် ကြည့်လိုက်သော် အထဲမှာ အဆင့်မြင့်ဝိညာဉ်ကျောက်တုံး ၈၀၀,၀၀၀ ရှိနေသည်ကိုမြင်လိုက်ရသည်။

သေစမ်း..ဤပမာဏမှာ ဂိုဏ်းချုပ်ပြောသောပမာဏ၏ နှစ်ဆ ကျော်ဖြစ်သည်။

"အကြီးအကဲ ဒီပမာဏကမှားမနေဘူးလား..ဂိုဏ်းချုပ်က ကျွန်တော့ကို ၃၀၀,၀၀၀ ပဲ ပေးမယ်ပြောထားတာ ဒါပေမယ့် အကြီးအကဲတို့က ကျွန်တော့ကို ၈၀၀၀၀၀ တောင်ပေးတယ်...ဂိုဏ်းချုပ် သိသွားရင်.." သူပြော၍မပြီးသေးခင် အကြီးအကဲတစ်ယောက်က သူ၏ လက်ကိုယမ်း၍ ပြုံးလိုက်သည်။

"စိတ်မပူပါနဲ့...ပမာဏက မှန်ပါတယ်...ငါတို့ တကယ်ပဲ ရတနာခန်းမထဲက ၃၀၀,၀၀၀ပဲယူတာပါ။ ကျန်တာက ငါတို့တစ်တွေ ပေါင်းပြီး ပေးတာ အကြီးအကဲအုပ်စုထဲဝင်လို့ ဂုဏ်ပြုလက်ဆောင်လို့မှတ်လိုက်..."

လုရှောင်ယန် ငြင်းပယ်လိုက်သည်။

"ဘယ်လိုဖြစ်မှာလဲ...ကျွန်တော်ဘယ်လိုလုပ် ဒါတွေလက်ခံရမှာလဲ?"

"ကိစ္စမရှိပါဘူး..ဒါအနည်းအကျဉ်းလေးပါ..ငါတို့တတွေရဲ့ စေတနာပဲ။"

"ဒါဆို..ကျွန်တော်ယူရမှာလား...?"

"အင်း..အင်း..ယူလိုက်ပါ..မင်းမယူရင် ငါတို့တွေ စိတ်မကောင်းဖြစ်မိလိမ့်မယ်။"

"ဟုတ်ကဲ့ပါ..ဒါဆိုလဲ ကျေးဇူးတင်ပါတယ် အကြီးအကဲတို့..ကျွန်တော် အစီအရင်ကို လေ့ကျင့်ရဦးမှာမို့ မနှောင့်ယှက်တော့ပါဘူး..."

"သွားပါ..လေ့ကျင့်တာက ပိုအရေးကြီးတာပေါ့.. ရှေ့လျှောက် တစ်ခုခုလိုအပ်ပြီး ဂိုဏ်းချုပ်ကိုပြောဖို့ အဆင်မပြေရင် ငါတို့ကိုပြောလို့ရတယ်။ ကိစ္စအားလုံး ကူညီပေးနိုင်မယ်လို့ အာမမခံနိုင်ပေမယ့် ငွေနဲ့ပတ်သက်တာဆိုရင် သေချာပေါက် ကူညီမယ်"

"ကျေးဇူးတင်ပါတယ်"

ရတနာခန်းမမှထွက်လာပြီးနောက် လုရှောင်ယန် သည် ယနေ့ရာသီဥတုမှာ ထူးထူးခြားခြားနေသာနေသည်ဟုထင်ရသည်။ အာဏာရှိသည့်သူတွေ အာဏာကိုစွဲလမ်းကြခြင်းမှာ အံ့သြစရာမရှိတော့ပေ။

ထိုအရာသည် အလွန် တက်မက်စရာကောင်းသည်။

သူသည် လွန်ခဲ့သည့် တစ်လ၊နှစ်လ ခန့်လောက်က လီတောက်ယန်နှင့်အတူ ရတနာခန်းမကို သွားပြီး ဝိညာဉ်ကျောက်တုံး တောင်းခဲ့စဉ် အချိန်ကိုပြန်တွေးမိသွားသည်။ ထိုအချိန်ကဆိုလျှင် သူတို့နှစ်ယောက် ပစ်မှတ်ထားခံခဲ့ရသည်။ သူတို့တွင် ရွေးချယ်စရာ မရှိပါဘဲ ဝိညာဉ်ကျောက်များရရှိရန် တဖက်လူကို အောက်ကျို့ခဲ့ရသည်။ ထို့အပြင် သူတို့သည် တဖက်လူအား လျော်ကြေးအဖြစ် အဆင့်မြင့်ဝိညာဉ်ကျောက်တုံး ၁.၂ သန်း ပေးခဲ့ရသည်။

သို့သော် ယခု သူ ပေါ့ပေါ့ပါးပါး တောင်းဆိုလျှင်ပင် သူတို့သည် နာခံစွာ ဝိညဥ်ကျောက်တုံးများအပြင် လက်ဆောင်များပင် ပေးကြမည်ဖြစ်သည်။

ဤကမ္ဘာမြေပြို့ကျပျက်စီးမတတ် ပြောင်းလဲမှုကြောင့် လုရှောင်ယန်၏စိတ်အခြေအနေသည် မည်မျှပင်ကောင်းမွန်နေပါစေ၊ သူသည် အနည်းငယ် စိတ်ခံစားမှုပြင်းထန်နေမိသည်။

သို့သော် အပင်မြင့်လေ လေတိုက်လေဆိုသည်ကိုတော့ သူသိသေးသည်။

ဤအရာသည် အပေါ်ယံတွင် အလွန်ကောင်းပုံရသော်လည်း အာရုံစိုက်ခံရမှုများပြီး မကောင်းသော ရည်ရွယ်ချက်ရှိသူများက သူ့ကို ပစ်မှတ်ထားလျှင် တစ်နေ့တွင် နောက်ကျောခေးထိုးခံရနိုင်သည်။ ထို့ကြောင့် သူသည် အာရုံစိုက်မခံရသော ဘဝဖြင့်သာနေခြင်းဖြစ်သည်။

လုရှောင်ယန် ပြန်မရောက်မီ ကျီရှွေ့ တောင်ထိပ်သို့ လီတောက်ယန် ရောက်ရှိလာသည်။

" လောင်လု မြန်မြန်ထွက်လာဦး...။ ငါမင်းကို ဝမ်းသာစရာ သတင်းလေးတစ်ခု ပြောမလို့..."

သို့သော်လည်း ယခုအချိန်တွင် ကျီရှွေ့ တောင်ထိပ်၌ ယွင်လီကောနှင့် အခြားနှစ်ယောက်သာ ကျီရှွေ့ တောင်ထိပ်၏ စည်းမျဉ်းများကို စာကြည့်ခန်းတွင် ကူးယူနေကြသည်။

ထိုအသံကိုကြားသော် ကျီဝူရှားသည် မထိန်းနိုင်ပဲ မျက်မှောင်ကြုတ်မိသည်။

"အဲ့ဒါဘယ်သူလဲ   သူဘာလို့ ဒီလောက်တောင် အရိုအသေမရှိတာလဲ? သူက ငါတို့ဆရာရဲ့ မျိုးရိုးအမည်ကို တိုက်ရိုက်ခေါ်လိုက်တာလား?”

ထိုအခါ ယွင်လီကောက၊ "ဒီအသံကိုနားထောင်ရတာ ကျဲရှီတောင်ထိပ်က ဆရာဦးလေး လီတောက်ယန် ဖြစ်မယ်ထင်တယ်။"

ဖုန်းထျန်းယွမ်ကလဲ "အဲ့ဒါ..သူပဲ"

ကျီဝူရှားကတော့ အေးစက်စွာပြန်ပြောလေသည်။ "ဒါပေမယ့်လည်း သူက ငါတို့ဆရာကို သူ့မျိုးရိုးနာမည်နဲ့ ဒီလိုမျိုး ခေါ်လို့မရဘူး? ဘယ်လိုပဲဖြစ်ဖြစ် ဒါက ငါတို့ဆရာပဲ။ သူ့ကိုယ်သူ ဘယ်သူထင်နေတာလဲ?"

ဖုန်းထျန်းယွမ်သည် လေးနက်သောအမူအရာဖြင့် ခေါင်းယမ်းလိုက်သည်။

“ဆရာတူအစ်မ၊ မင်း သူ့ကို လျှော့တွက်လို့ မရဘူး။ ဆရာဦးလေးလီကလည်း ကျွမ်းကျင်ပညာရှင်တစ်ယောက်ပဲ။ ပြန်တွေးကြည့်တော့ ဆရာ့ရဲ့ တပည့်စဖြစ်ကာစက သူနဲ့တွေ့တယ်။ သူက ကျွန်တော့်ကို နှုတ်ဆက်လက်ဆောင်အဖြစ် အဆင့်မြင့် ဝိညာဉ်ကျောက်တုံး ၆၆၆ တုံး ပေးတယ်။ စဉ်းစားကြည့်ပါ။ သူသာ အကောင်သေးသေးလေးသာ ဖြစ်ခဲ့ရင် ငါ့ကို အများကြီး ပေးနိုင်ပါ့မလား?"

“ဟစ်. . နှုတ်ဆက်လက်ဆောင်အဖြစ် ဝိညာဉ်ကျောက်တုံးအများကြီးကို တောင် ထုတ်ပေးနိုင်တယ်။ သူက အရမ်းချမ်းသာတာမဟုတ်ဘူးလား?” ယွင်လီကော၏ မျက်လုံးများ ပြူးသွားပြီး စုတ်တံကို ချက်ချင်း ချလိုက်သည်။

“ဆရာဦးလေးလီကို ကြိုဆိုဖို့ အပြင်ထွက်ရမယ်။ ဆရာဦးလေးလီ ကို လစ်လျူရှုလို့ မရဘူး။" ထိုစကားပြောပြီး ယွင်လီကော ချက်ချင်း ပြေးထွက်သွားသည်။

နှစ်ယောက်သားသည် သူဘာတွေ တွေးနေသည်ကို မသိပဲမနေပါ။ သို့သော် ဖုန်းထျန်းယွမ်သည် နှုတ်ဆက်လက်ဆောင်ကို လက်ခံရရှိထားပြီးဖြစ်သောကြောင့် နောက်ထပ်လက်ဆောင်တစ်ခု ထပ်မံရရှိရန် မဖြစ်နိုင်ပေ။ ထို့အပြင်၊ ကျီဝူရှားသည် မိန်းကလေးတစ်ဦးဖြစ်ပြီး သူမသည် ယွင်လီကောကဲ့သို့ မျက်နှာအရေ မထူပါ။ ထို့ကြောင့် သူမကတော့ အပြင်မထွက်နေတော့ပေ။

ယွင်လီကော အပြင်သို့ရောက်လာပြီး ချက်ချင်း ဦးညွှတ်လိုက်သည်။ "လီကောက ဆရာဦးလေးလီကို နှုတ်ဆက်ပါတယ်။"

"မင်းက..." လီတောက်ယန် အံ့သြသွားသည်။ သူသည် ရုတ်တရက်ပေါ်လာသည့် ယွင်လီကောကိုကြည့်လိုက်ပြီး သူဘယ်သူလဲဆိုသည်ကို ခဏလောက်မမှတ်မိနိုင်ဖြစ်နေသည်။

"ဒီအငယ် ယွင်လီကောက ကျွန်တော့် တောင်ထိပ်ရဲ့ အကြီးဆုံးတပည့်ပါ။"

“အို၊ အခုမှ မှတ်မိတယ်။ လောင်လုက သွေးကြောတွေ အားလုံးပျက်စီးနေတဲ့ တပည့်တစ်ယောက် လက်ခံခဲ့တာကို ငါကြားမိတယ်။ အဲဒါမင်းလား?"

“ဟုတ်ပါတယ်၊ ဆရာဦးလေး။” လီတောက်ယန် ခေါင်းညိတ်လိုက်သည်။

“ကြည့်စမ်းပါဦး။ လုံးဝတက်ကြွလန်းဆန်းနေတာပဲ။ မင်းပြန်ပြီး ကျင့်ကြံနေပြီ မဟုတ်လား?"

"မှန်ပါတယ် ဆရာဦးလေးလီ "

"မင်း အခု ကျင့်ကြံနိုင်နေပြီဆိုတော့ ငါ တွန့်တိုနေမှာ မဟုတ်ဘူး။ ဒီမှာ ဒီလက်ဆောင်ကို ယူသွား။"

လီတောက်ယန်သည် စကားပြောရင်း အိတ်ကို ယွင်လီကောထံသို့ ပစ်ပေးလိုက်သည်။

ယွင်လီကောသည် သူ၏ စိတ်အာရုံကို ဖြန့်ကြည့်လိုက်ပြီး ချက်ချင်းပင် ထိတ်လန့်သွားသည်။

အဆင့်မြင့် ဝိညာဉ်ကျောက်ဖဖဖဖတုံးဖြစ်လို့နေသည်။

သူ့ ဆရာတူညီလေးပြောတာ တကယ်ကြီး မှန်နေတာပဲ။ ဆရာဦးလေးလီကလည်း ဉာဏ်ရည်ထက်မြက်သော ကျွမ်းကျင်သူတစ်ဦးဖြစ်ရမယ်။

တကယ်တမ်းတွင် လီတောက်ယန်သည် လုရှောင်ယန်က များသောအားဖြင့် တပည့်များကို လက်မခံဘဲ သူ့တွင် တပည့်တစ်ဦး၊ နှစ်ဦးသာရှိသောကြောင့် ထိုသို့ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။ လုရှောင်ယန်တွင်သာ တပည့်များစွာရှိပါက၊ တစ်ယောက်ကို အဆင့်မြင့် ဝိညာဉ်ကျောက်တုံး ဖဖဖဖ တုံးစီကို ပေးဖို့ရန် မဖြစ်နိုင်ပေ။

အခုက လုရှောင်ယန်အတွက် သက်သက်သာ လုပ်ပေးခြင်းဖြစ်သည်။

သို့သော် ယွင်လီကောသည်တော့ အကြောင်းအရင်းမှန်ကို မသိဘဲ ချက်ချင်းဆိုသလို ကျေးဇူးတင်လိုက်သည်။

"ကျေးဇူးတင်ပါတယ် ဆရာဦးလေးလီ။"

“အင်း။” လီတောက်ယန် ခေါင်းညိတ်လိုက်သည်။ "စကားမစပ်၊ မင်းရဲ့ဆရာ ဘယ်မှာလဲ......?"

***

# ***အခန်း ၁၃ အကျင့်ပုတ်တဲ့ လီတောက်ယန်***

"ဆရာဦးလေးလီ ဆရာက ပြန်မလာသေးပါဘူး။"

"ဟုတ်သားပဲ၊ မင်းရဲ့ဆရာက ဂိုဏ်းချုပ်နဲ့ စကားပြောဖို့ နောက်မှာကျန်ခဲ့တယ်။ သူ ခဏလောက် ပြန်မလာသေးတာ ဖြစ်နိုင်တယ်။ မေ့လိုက်ပါ၊ ငါ သူ့ကိုစောင့်မနေတော့ဘူး။ ငါ ဒီနေ့ စိတ်ကောင်းဝင်နေလို့ ပြိုင်ဘက် သွားရှာပြီး သိုင်းကွက်နည်းနည်းပါးပါး သွားလေ့ကျင့်လိုက်ဦးမယ်။ "

ယွင်လီကော အနည်းငယ်မျှော်လင့်နေမိသည်။ "ဆရာဦးလေးလီကို တိုက်နိုင်တဲ့ ကျွမ်းကျင်ပညာရှင်တစ်ယောက်က ကောင်းမွန်တဲ့ လေ့ကျင့်မှုတစ်ခု ရှိရမှာ မဟုတ်လား?"

လီတောက်ယန် သည် ဤစကားကိုကြားသောအခါ စိတ်သက်သာရာရသွားသည်။ “လူတစ်ယောက်ရဲ့ ကျင့်ကြံဆင့်က မြင့်လား မမြင့်လား အရေးမကြီးပါဘူး။ ငါတို့ အဓိကယှဉ်ပြိုင်ရတာက ကျင့်ကြံဆင့်မဟုတ်ဘဲ နည်းစနစ်နှင့် ခံနိုင်ရည်ပဲ။ ဒါပေမယ့် ငါမင်းကို ကြွားတာ မဟုတ်ဘူး။ ပြိုင်ဘက်က ဘယ်လောက်ပဲ အစွမ်းထက်နေပါစေ လှံတစ်ချောင်းတည်းနဲ့ သူ့ကို ကိုင်တွယ်နိုင်ပါသေးတယ်။”

“ဝိုး...ဆရာဦးလေးလီက အရမ်းတော်တာပဲ။" ယွင်လီကော မထိန်းနိုင်ဘဲ ပင့်သက်ရှိုက်မိသည်။ “ဆရာဦးလေး ကျွန်တော်လည်း လုံအသုံးပြုသူပါ။ သိုင်းကွက်နည်းနည်းပါးပါးလောက် သင်ပေးလို့ရမလား?"

"မင်းက.." လီတောက်ယန် ယွင်လီကောကို သေချာကြည့်လိုက်သည်။

“မဖြစ်နိုင်တာတော့ မဟုတ်ဘူး။ ဒါပေမယ့် ငါက ကျွမ်းကျင်သူတွေနဲ့ပဲ ယှဉ်ချတာ။ မင်းလိုလူငယ်တစ်ယောက်က အဲဒီလိုကျွမ်းကျင်သူတွေနဲ့ တိုက်ခိုက်နိုင်မှာမဟုတ်ဘူး။ မင်းသွားရင် သေချာပေါက် အခြားသူတွေရဲ့ နှိပ်စက်တာကို ခံရလိမ့်မယ်။”

ယွင်လီကော ချက်ချင်း အလေးအနက် ပြောလိုက်သည် "ဆရာဦးလေး ၊ ကျွန်တော် အခု ကျွမ်းကျင်သူတွေနဲ့ မတိုက်နိုင်သေးဘူးဆိုပေမယ့် အားနည်းတဲ့ လူ တစ်ယောက် ဒါမှမဟုတ် နှစ်ယောက်လောက်ကိုတော့ အရင်ထုတ်ရှာနိုင်လောက်မှာပါ။"

"ဟုတ်သားပဲ..." လီတောက်ယန်၏ မျက်လုံးများ ပြူးကျယ်သွားသည်။

"မဆိုးပါဘူး မဆိုးပါဘူး…ကောင်းပြီလေ၊ မင်းက လောင်လုရဲ့ တပည့်ကြီးမို့၊ ငါ သိုင်းယှဉ်ပြိုင်ဖို့သွားတိုင်း မင်းကို ခေါ်သွားပေးမယ်။"

"ကျေးဇူးတင်ပါတယ် ဆရာ ဦးလေး။"

"မင်းတို့နှစ်ယောက် ဘာတွေပြောနေကြတာလဲ?"

ယွင်လီကော လီတောက်ယန်အား စိတ်လှုပ်ရှားစွာ ပြန်ဖြေနေချိန်တွင် လုရှောင်ယန်၏ အသံက သူတို့နောက်မှနေ၍ ထွက်ပေါ်လာခဲ့ကာ မကြာခင်မှာပဲ အနားသို့ ရောက်ရှိလာသည်။

ချက်ချင်းဆိုသလို ယွင်လီကောတစ်ယောက် စိတ်လှုပ်ရှားစွာ ပြေးသွားပြီး ပြန်ဖြေလိုက်သည်။ "ဆရာ၊ ဆရာဦးလေးလီကလည်း လှံအသုံးပြုသူပဲဆိုတော့ ကျွန်တော့်ရဲ့ အမြင်တွေကျယ်လာပြီး တိုက်ခိုက်ရေး အတွေ့အကြုံတွေ တိုးလာဖို့ ကျွန်တော့်ကိုအတူ ခေါ်သွားပေးဖို့ပြောနေတာ။”

လုရှောင်ယန်၏ မျက်နှာ ချက်ချင်းမည်းမှောင်သွားကာ ယွင်လီကော၏ တင်ပါးကို ဆောင့်ကန်လိုက်တော့သည်။ “ငါ့**ကိုပဲ တိုးလိုက်။ သူသုံးတဲ့လှံက မင်းသုံးတဲ့လှံနဲ့ မတူဘူး။”

"အမ်...အဲ့ဒါ ဘာလုံမို့လို့လဲ?"

ယွင်လီကော အံ့ဩသွားလေသည်။

လုရှောင်ယန်လည်း သူ့ဖင်ကို နောက်တစ်ကြိမ် ထပ်ကန်လိုက်ပြန်ကာ၊ "ဘာလို့ မေးခွန်းတွေ အများကြီးမေးနေတာလဲ? ကျီရှွေ့ တောင်ထိပ် ရဲ့ စည်းကမ်းချက်တွေအကုန် ကူးပြီးပြီလား?"

“ပြီးခါနီးပြီ…။ ကျွန်တော် အမြန်ဆုံး ကူးနေပါတယ်။ အကြိမ်ပေါင်း ကိုးထောင်ကျော် ကူးပြီးပါပြီ။”

"ဒါဆို နောက်ထပ် အကြိမ် ၅,၀၀၀ ထပ်ကူး။"

"အာ..." ယွင်လီကောခဗျာ ကြောင်အလို့နေတာကြောင့် လုရှောင်ယန် သူ့ကို ဒေါသတကြီး စိုက်ကြည့်မိတော့သည်။

"ဘာ အာ လဲ ?  မင်းဖင်တွေယားနေသေးတာလား?"

"မဟုတ်ဘူး မဟုတ်ဘူး မဟုတ်ပါဘူး။ ကျွန်တော် အခုချက်ချင်းသွားမယ်။ စိတ်မတိုပါနဲ့ ဆရာ...။" ယွင်လီကော ခေါင်းလေးပုဝင်သွားကာ ချက်ခြင်းပင် နာနာခံခံဖြင့် စာကြည့်ခန်းသို့ ပြန်ပြေးတော့သည်။

ထို့နောက် လုရှောင်ယန်သည် လီတောက်ယန်ကို ဒေါသတကြီး စိုက်ကြည့်လိုက်သည်။ “မင်း ငါ့တပည့်ကို နောက်တစ်ခါ လမ်းလွဲရောက်အောင်လုပ်ဖို့ သတ္တိရှိရင် ငါ့ကို သူငယ်ချင်းအချင်းချင်း မညှာတာတတ်ဘူးလို့ အပြစ်မတင်နဲ့။”

လီတောက်ယန် ပခုံးအသာတွန့်ပြီး သနားစရာကောင်းအောင် ပြောလိုက်သည်။

“ဒါက ငါနဲ့ ဘာဆိုင်လို့လဲ။ သူကိုယ်တိုင်က ငါနဲ့လိုက်ချင်နေတာကို။"

"ဗရမ်းဗတာတွေ တော်လိုက်တော့။" လုရှောင်ယန် ဒေါသတကြီး ပြန်ပြောပြီး လက်နှစ်ဖက်ကို နောက်ပစ်ကာ သူ့အိမ်ထဲ ဝင်သွားလေသည်။

လီတောက်ယန် ချက်ခြင်းပဲ နောက်ကလိုက်သွားကာ " လောင်လု စိတ်မဆိုးပါနဲ့။ နောက်နေတာပါ။ သူတကယ်သွားချင်နေရင်တောင် မင်းခွင့်ပြုချက်မရပဲ ငါ သူ့ကိုခေါ်သွားဖို့ သတ္တိမရှိပါဘူး။”

“မင်းသိတာ ကောင်းပါတယ်။”

“ဟီးဟီး… ဟုတ်ပါတယ်။ ငါက ဘယ်သူမလို့ လဲ? မင်းရဲ့ဒေါသကို သေချာပေါက် ငါသိတာပေါ့။"

နှစ်ယောက်သား ဧည့်ခန်းတွင် ထိုင်ကြသည်။ မကြာခင် ကျီဝူရှားသည် ရေနွေးကြမ်းနှစ်ခွက်နှင့် လမ်းလျှောက်လာသည်။

ကျီဝူရှားကို မြင်လိုက်သည်နှင့် လီတောက်ယန် ၏မျက်လုံးများ ချက်ချင်းပြူးကျယ်သွားသည်။

သိုင်းလောကရှိ အမျိုးသမီးအများစုသည် ကျင့်ကြံခြင်းကြောင့် ဖြူစင်သော အသားအရေနှင့် လှပသော မျက်နှာများ ရှိကြသော်လည်း အလှတရား၏ အထွတ်အထိပ်တွင် ရှိသော ပင်ကိုယ်အလှများနှင့် မနှိုင်းယှဉ်နိုင်ကြသေးပေ။

ကျီဝူရှားသည် ဤအမျိုးအစားတွင် ပါဝင်ပေသည်။

သူမ၏ရုပ်ရည်၊ ခန္ဓာကိုယ် သို့မဟုတ် သူမအရှိန်အဝါပင်ဖြစ်ပါစေ၊ အားလုံးသည် ထို အာကေရှားဂိုဏ်းမှ မိန်မလှများ မယှဉ်နိုင်ကြပေ။

“လောင်လု ဒီနေ့ မင်း အာကေရှားဂိုဏ်းကို ဘာလို့ မသွားတာလဲ နောက်ဆုံးတော့ ငါ နားလည်သွားပြီ။ မင်းရဲ့ ကျီရွှေ့တောင်ထိပ်မှာ အလှလေးကိုဝှက်ထားလို့ကိုး။" ကျီဝူရှား၏ မျက်နှာ နီရဲသွားကာ လုရှောင်ယန်လည်း ဒေါသထွက်သွားတော့သည်။

“ဗရမ်းဗတာတွေ မပြောနဲ့တော့။ ဒါက ငါ့ရဲ့ ဒုတိယတပည့် ကျီဝူရှား ။"

"ဟင်"

လီတောက်ယန် လန့်သွားပြီး ကျီဝူရှားကို ဂရုတစိုက်ကြည့်သည်။ သူသည် ခဏတိတ်ဆိတ်သွားပြီးနောက် ဆက်ပြောသည် “လောင်လု မင်းငါ့ကိုပေးခဲ့တဲ့ ဝိညာဉ်ကျောက်တုံးတွေကို ပြန်ယူချင်ရင် မင်းငါ့ကိုပြောလို့ရတယ်။ ငါတို့ရဲ့ဆက်ဆံရေးမှာ ဒီလိုလုပ်စရာ မလိုဘူး။”

"ဆယ်နှစ်ရှိပြီ! ဆယ်နှစ် လုံးလုံး။ မင်း တပည့်တစ်ယောက်မှ မယူခဲ့ဘူး။ အခု ရက်အနည်းငယ်အတွင်းတွင် မင်းမှာ တပည့်သုံးယောက်တောင် ရှိလာတယ်ပေါ့။"

“အဲဒါ မင်းငါ့ကို အပြစ်ပြောလို့မရဘူးလေ။ အဆင့်မြင့် ဝိညာဉ်ကျောက်တုံး ဖဖဖဖတုံးစီ ငါ့တပည့်တွေကို ပေးဖို့ မင်းကို ငါတောင်းဆိုခဲ့တာမို့လို့လား?"

လီတောက်ယန်၏ မျက်နှာသည် မထိန်းနိုင်ဘဲ ပြင်းထန်စွာ ရှုံ့တွသွားလေတော့သည်။

ကျီဝူရှား ရှေ့မှာမို့ တမင်ပြောနေတာ သေချာတယ်။

ကျီဝူရှားက လည်းသူ့ကို စူးစူးစိုက်စိုက်စိုက်ကြည့်နေတာကို မြင်ပြီး လီတောက်ယန် အံကြိတ်ကာ နောက်ထပ်လက်ဆောင်တစ်ခု ပေးလိုက်သည် ။ "တူမလေး၊ ဒါက ငါ့ရဲ့ အသိအမှတ်ပြုမှု အမှတ်အသားလေးတစ်ခုပါ။"

“ကျေးဇူးတင်ပါတယ် ဦးလေး။” ကျီဝူရှား သူ့ကို ကျေးဇူးတင်ကြောင်းပြောပြီး အိတ်ကို လက်ခံလိုက်သည်။ ထို့နောက် ရေနွေးကြမ်းခွက်ကို ချပြီး လှည့်ထွက်သွားလေသည်။

လီတောက်ယန်သည်တော့ သူ့နှလုံးသားလေးနာကျင်နေမှုကို သက်သာလို့သက်သာငြား ရေနွေးကြမ်းခွက်ကို ကောက်ယူပြီး တစ်ကျိုက်လောက် သောက်လိုက်သည်။

"မင်း ဒီကို ဘာလာလုပ်တာလဲ?" လုရှောင်ယန် မေးသည်။

ထိုမှသာ လီတောက်ယန်တစ်ယောက် လာရင်းကိစ္စကို မှတ်မိသွားပြီး ထူးထူးခြားခြား ပြုံးလာခဲ့သည်။ " လောင်လု၊ ငါ လောင်ဟွမ်းကို ဘယ်လို နှိပ်စက်ခဲ့လဲ မင်းသိလား ?"

"မသိဘူးလေ။"

"နည်းနည်းလောက် ခန့်မှန်းကြည့်ပါဦး။"

"မခန့်မှန်းတတ်ဘူး။"

“မေ့လိုက်ပါ၊ မေ့လိုက်ပါ။ မင်းက တကယ်ပျင်းတာပဲ။ ငါမင်းကို တိုက်ရိုက်ပြောလိုက်တော့မယ်။ ငါသူ့ကို အာကေရှားဂိုဏ်းဆီ ခေါ်သွားလိုက်တာ။”

"ပြီးတော့ရော.."

"ငါ သူ့အတွက် ၉၉၈တန်ကို မှာပေးလိုက်တယ်။"

"မင်း လည်ပင်းမှာ အနမ်းမှတ်ရာနှစ်ခုကို အတင်းလုပ်သွားတဲ့ အာကေရှားဂိုဏ်းက အကြီးအကဲ ကျန်းတချွမ်ကိုဆိုလိုချင်တာလား ?"

"ဟုတ်တယ်၊ ဟုတ်တယ်၊ အဲဒါပဲ.. မင်းကိုငါတစ်ခုပြောပြမယ်။ ငါ သူ့ကို ခေါ်သွားပြီး ကျန်းတချွမ်ကို တိုက်ရိုက်ပဲမှာချပစ်လိုက်တာ။ ပြီးတော့ သူ့ကို လိုက်ပို့ပြီး နောက်လှည့်ပြီး ပြေးလာခဲ့လိုက်တယ်။ ဟီးဟီး... ငါထင်တယ်၊ အခုလောက်ဆို လောင်ဟွမ်းလဲ အရမ်းတွေကြိုးစားရလွန်းလို့ မောနေလောက်ပြီ။”

"မင်း တကယ်ရက်စက်တဲ့ကောင်ပဲ။"

လုရှောင်ယန် ပြောစရာစကားပျောက်ရှနေကာ လီတောက်ယန်မှာတော့ ဝမ်းသာပြီး အပျော်လွန်နေသည်။

“သူနဲ့ ထိုက်တန်တယ်။ သူ့ကို ဘယ်သူကများ ငါ့ကို ဒီလိုထိအနိုင်ကျင့်ဖို့ ခိုင်းလို့လဲ? ဂိုဏ်းချုပ်ရဲ့ စောစောစီးစီး လွတ်ငြိမ်းချမ်းသာခွင့်ကြောင့်သာ မဟုတ်ရင် ငါ သူ့လက်ထဲ အသတ်ခံရမှာတောင် ကြောက်တယ်။”

"ဒါက မင်းသူ့ရဲ့ ချိန်းတွေ့တာကို ဖျက်စီးမိသွားလို့ပဲလေ။"

"ဂရုမစိုက်ဘူး.. ဘာပဲဖြစ်ဖြစ် ငါလုပ်ထားပြီးသား။"

သို့သော်လည်း လီတောက်ယန် ထိုသို့ရွှင်မြူးနေချိန်တွင် ကြမ်းတမ်းသော အသံတစ်ခု ရုတ်တရက် ထွက်ပေါ်လာသည်။

"အကြီးအကဲလု အိမ်မှာရှိလား?"

ထိုအသံကိုကြားသောအခါ ပျော်ရွှင်နေသည့် လီတောက်ယန်၏အမူအရာမှာ ချက်ချင်းပြောင်းလဲသွားရတော့သည်။

"ဒီအသံက လောင်ဟွမ်းပဲ။ ဟင့်အင်း၊ သူဘာလို့ဒီလောက်မြန်မြန်ပြန်လာတာလဲ? လောင်လု မကောင်းတော့ဘူး၊ ပုန်းဖို့နေရာ အမြန်ရှာပေး။ လောလောဆယ် လောင်ဟွမ်း အရမ်းဒေါသထွက်နေမှာ။ သူငါ့ကိုတွေ့ရင် သေချာပေါက်သတ်လိမ့်မယ်!"

သို့သော် သူထလိုက်သည်နှင့်တစ်ပြိုင်နက် အကြီးအကဲဟွမ်း၏ ပုကွကွပုံရိပ်သည် ခြေလှမ်းကျယ်ကြီးများဖြင့် ရောက်ရှိလာတော့သည်။

"ဟားဟားဟား… အကြီးအကဲလု ၊ ငါ အမောတကော လာလည်တာ မင်း စိတ်မဆိုးဘူးမလား? တောက်ယန် မင်းလည်းဒီမှာဘဲ။"

လီတောက်ယန်တစ်ယောက် ဘောင်းဘီပင် စိုစွတ်စေလုနီးနီး တုန်ယင်နေတော့သည်…

***

## ***အခန်း ၁၄ ဆရာက ဒီမှာပဲ***

“အမ်၊ အကြီးအကဲဟွမ်း စကား ကောင်းကောင်း ပြောကြရအောင်လား။ တိုက်ခိုက်တာတွေ မလုပ်ပါနဲ့။ ငါ့ခန္ဓာကိုယ်သေးသေးလေးက မင်းကို ခုခံနိုင်မှာမဟုတ်ဘူး။"

လောင်ဟွမ်း မျက်မှောင်ကြုတ်သွားလေသည်။

"ဘာကိုပြောနေတာလဲ? ငါကမင်းကိုဘာလို့တိုက်ခိုက်ရမှာလဲ? ကျေးဇူးတောင် တင်ရဦးမှာကို။”

လီတောက်ယန်: ".....”

သူ၏ စိတ်ရှုပ်ထွေးသွားသောအမူအရာကိုမြင်ပြီး အကြီးအကဲဟွမ်း တဟားဟားအော်ရယ်လိုက်ကာ “တချွမ်နဲ့ ပေါင်းဆုံခွင့်ရတာ အားလုံး မင်းရဲ့ ကျေးဇူးကြောင့်ပဲ။ နောက်မှ မင်းကို ကောင်းကောင်း ကျေးဇူးတင်ရမယ်။"

လီတောက်ယန်၏ မျက်နှာသည် မထိန်းနိုင်ဘဲ အကြီးအကျယ်ရှုံ့တွလို့သွားကာ "ဟမ်?.. အကြီးအကဲဟွမ်းက ဒီရုပ်ဆိုးပြီး ယောကျ်ားဆန်တဲ့ အဘွားကြီးနဲ့ တွဲနေတာ များလား?"

လောင်ဟွမ်း၏ အမူအရာမှာ ချက်ချင်း အေးစက်သွားတော့သည်။ "ဘာအဘွားကြီးလဲ? အဲဒါ ငါ့ရဲ့ အဖိုးတန် ချစ်စရာ ၊ ဇီးချိုချဉ်လေး.. ငါတို့အိမ်ထောင်ရေးဖြစ်မြောက်အောင် မင်းလုပ်ခဲ့တဲ့ကျေးဇူးနဲ့ ဒီတစ်ခါတော့ မင်းကိုဖွေ့မယူဘူး။ အနာဂတ်မှာ သူ့အကြောင်း အဲ့လိုမျိုး မပြောနဲ့။"

လီတောက်ယန် လုံး၀ မှင်သက်နေတော့သည်။ မူလက လောင်ဟွမ်းကို ကြံစည်ချင်ခဲ့ခြင်း ဖြစ်သော်လည်း လောင်ဟွမ်းနှင့် ကျန်းတချွမ်သည် တစ်ယောက်နှင့်တစ်ယောက် သဘောကျနှစ်ခြိုက်သွားလိမ့်မည်ဟု သူ ဘယ်တုန်းကမှ မမျှော်လင့်ခဲ့မိပေ။

သူသည် လောင်ဟွမ်းကို အခန်းရဖို့ အဆင့်နိမ့် ၀ိညာဉ်ကျောက်တုံး ၉၉၈ တုံးကိုတောင် သုံးခဲ့ရသော်လည်း ယခုမူ သူ အများကြီးဆုံးရှုံးသွားသလို ခံစားလိုက်ရသည်။

လုရှောင်ယန်ကတော့ လက်နှစ်ဖက်ကိုဆုပ်လိုက်ကာ ဂုဏ်ပြုစကားဆိုသည် " အကြီးအကဲဟွမ်းမှာ ဒီလိုမျိုး ဖြစ်လာမယ်လို့

ကျွန်တော် မမျှော်လင့်ထားဘူး။ ဒီဂျူနီယာက အကြီးအကဲဟွမ်းကို ကြိုပြီးဂုဏ်ပြုပါတယ်။”

လောင်ဟွမ်းသည် သူ့လက်ကို အသာဝှေ့ယမ်းပြီး ပြုံးလိုက်ကာ ဖိတ်စာနှစ်စောင်ထုတ်ပြီး သူတို့နှစ်ယောက်ကို ပေးလိုက်သည်။

"ကျေးဇူးပါ.. ဒီနေ့ မင်္ဂလာဆောင်ဖို့ ပြင်ဆင်နေတယ် ဆိုတာကို အသိပေးဖို့ လာခဲ့တာ။ နောက် မင်္ဂလာဆောင်နေ့ကျရင် မင်းငါ့ရဲ့ လက်နက်သန့်စင်ရေးတောင်ထိပ်ကို လာပေးဖို့ မျှော်လင့်တယ်။"

"သေချာပေါက်လာပါ့မယ်။" လုရှောင်ယန် ခေါင်းညိတ်လိုက်သည်။ လီတောက်ယန်သည် ဖိတ်စာပေါ်ရှိ ရွှေချည်ကြိုးများကို ကြည့်ကာ မပြောပဲမနေနိုင်ပေ။

“ဘုရားချုပ်၊ ဒါ ရွှေအမည်းလား...အကြီးအကဲဟွမ်း၊ ရွှေအမည်းက ဈေးမနည်းဘူး။ မင်္ဂလာဆောင်ဖိတ်စာမှာ သုံးဖို့ ဒီလို အဖိုးတန်ပစ္စည်းတွေကို တကယ်ပဲသုံးခဲ့တယ်ပေါ့။ ဒါက နည်းနည်းတော့ လွန်လွန်းတယ်မဟုတ်လား?”

သူ့စကားကြောင့် အကြီးအကဲဟွမ်း ပြုံးလိုက်သည်။

“အဲဒါကို ပြောရရင် ငါ့ကို ဇနီးကောင်းတစ်ယောက် ရှာပေးတဲ့ မင်းကို ကျေးဇူးတင်ရမယ်။ တချိန်က အာကေရှားဂိုဏ်းမှာ အနှစ် ၂၀၀ လောက် ငွေကြေးများစွာ စုဆောင်းနိုင်ခဲ့တယ်လေ။ သူမက ခန်းဝင်ပစ္စည်းအဖြစ် အဆင့်မြင့် ဝိညာဉ်ကျောက်တုံး စုစုပေါင်း ၁၀၀,၀၀၀ ကနေ ၂၀၀,၀၀၀ ထိ ပေးခဲ့တယ်။”

လီတောက်ယန် အံ့သြသွားကာ သူ့မျက်နှာသည်တော့ မီးသွေးတုံးလို မည်းမှောင်သွားပြန်သည်။

“အကြီးအကဲဟွမ်းက တကယ်ကို ဉာဏ်ကောင်းတာပဲ။ အကြီးအကဲကျန်းလိုမျိုး အာကေရှားဂိုဏ်းရဲ့ အကြီးအကဲတစ်ဦးနဲ့တောင် လက်ထပ်နိုင်တယ်။"

ထိုစကားကြောင့် လောင်ဟွမ်းသည် အနည်းငယ် ဂုဏ်ဆာနေဟန်ပေါ်သွားကာ၊
"ဟုတ်တယ်။ ငါ လောင်ဟွမ်းက အနှစ် ၇၀ နေခဲ့တာ။ ငါ့ဂုဏ်သတင်းအတိုင်းပဲ ဖြစ်ရမှာပေါ့။ ငါ့ဇနီးကို နေရာတင် အပိုင်သိမ်းခဲ့တာ။ ကောင်းပြီ၊ ငါပြန်ပြီး မင်္ဂလာပွဲအတွက် ပြင်ဆင်ရဦးမယ်။ မင်းတို့နဲ့စကားမပြောနေတော့ဘူး။"

လောင်ဟွမ်း လှည့်ထွက်သွားပြီးနောက် လီတောက်ယန် တစ်ဖက်သို့ ပြန်လှည့်လာပြီး စားပွဲပေါ် မှီကာ ငိုကြွေးတော့သည်။

“ဝူး… ဝူး…. ဒါတော့ အရမ်းလွန်လွန်းတယ်။ ငါချည်းပဲ ဘာလို့ဒီလိုအနိုင်ကျင့်ခံနေရတာလဲ?”

လုရှောင်ယန် သက်ပြင်းအသာချလိုက်သည်။

“မင်း အခု လုပ်သင့်တာက ဒီမှာ ညည်းညူနေဖို့ မဟုတ်ဘူး၊ မင်းကို အကာအကွယ်ပေးဖို့ ကောင်းကင်ဘုံကိုသာ ဆုတောင်းနေသင့်တယ်။ အကြီးအကဲကျန်းသာ တစ်ချိန်က မင်းလည်ပင်းမှာ အနမ်းရာနှစ်ခုရှိခဲ့တာ သူ့မိန်းမကြောင့်ဆိုတာကို အကြီးအကဲဟွမ်း မသိပါစေနဲ့လို့ ဆုတောင်းထားတာ ပိုကောင်းမယ်။

မွန်းတည့်ချိန်တွင်၊ ကောင်းကင်နတ်ဆိုးဂိုဏ်းသားအများစုသည် အကြီးအကဲဟွမ်း၏မင်္ဂလာပွဲသို့ တက်ရောက်ရန် လက်နက်သန့်စင်ရေး တောင်ထိပ် သို့ ဖိတ်ကြားခံခဲ့ရသည်။

အကြီးအကဲကျန်း၏ အဆက်အသွယ်သည် ကျယ်ပြန့်လွန်းသောကြောင့်ဖြစ်မည် ကောင်းကင်နတ်ဆိုး ဂိုဏ်းအပြင် မြင့်မားသော ကျင့်ကြံဆင့်ရှိသူအများအပြားသည်လည်း စားပွဲခြောက်လုံးတွင်ထိုင်နေကြသည်။ အနီရောင်စာအိတ် အရေအတွက်သည် ကောင်းကင်နတ်ဆိုးဂိုဏ်းမှ လူအရေအတွက်ထက်ပင် ပိုများနေကာ စားပွဲနှစ်ခုလုံး ပြည့်နေသည်။

အရက်ကို သုံးခွက်သောက်ပြီးနောက် လုရှောင်ယန် ကျီရွှေ့ တောင်ထိပ်သို့ ပြန်သွားခဲ့သည်။

အရက်မူးနေသော လီတောက်ယန်ကိုလည်း လုရှောင်ယန်ကပဲ ကျီရွှေ့ တောင်ထိပ်သို့ ပြန်ခေါ်လာသည်။

ထို့နောက် ယွင်လီကော နှင့် အခြားသူများကိုခေါ်ကာ သူတို့နှင့်သက်ဆိုင်ရာကျင့်ကြံခြင်းနည်းစနစ်များကို တစ်ယောက်ချင်းရှင်းပြသည်။

သူကတော့ နောက်လတွင် လိပ်နက်ဂိုဏ်းကို သွားရပေမည်။ လိပ်နက်ဂိုဏ်းတွင် အနှစ်သာရခိုင်မြဲခြင်းအဆင့် ကျင့်ကြံသူများစွာက ဂိုဏ်းကို ချုပ်ကိုင်ထားသည်။

ကောင်းကင်နတ်ဆိုးဂိုဏ်းမှာဆိုလျှင် သူ၏ကျင့်ကြံဆင့်နှင့်ပတ်သက်၍ ဘယ်တုန်းကမှ မစိုးရိမ်ခဲ့ရပေ။ ပြောရရင် သူ့အဆင့်သည် အာကာပြင်ပြိုကွဲခြင်းအဋ္ဌမအဆင့်တွင် ရှိနေသည်မဟုတ်လား။ သို့သော် ဤကျင့်ကြံဆင့်သည် လိပ်နက်ဂိုဏ်း တွင် အနည်းငယ် အားနည်းသည့်ဘက်ရောက်သည်။

သူ့တပည့်တွေကို ကျင့်ကြံခြင်းနည်းစနစ်များကို ရှင်းပြခြင်းဖြင့် သူတို့ကို သဘောတရားများကို ပိုမိုနားလည်သဘောပေါက်စေရန် ကူညီပေးနိုင်သွားမည်။ ထို့နောက်တွင်တော့ သူတို့၏ ကျင့်ကြံခြင်း အရှိန်က ပိုမြန်လာလိမ့်မည်။ လုရှောင်ယန်သည် သူလိပ်နက်ဂိုဏ်းသို့ မသွားမီ သူတို့၏ ကျင့်ကြံဆင့် ပိုမြင့်လာစေဖို့ မျှော်လင့်နေခြင်းပင်။

"ဆရာ့ကို နှုတ်ဆက်ပါတယ်။" သူတို့သုံးယောက်သည် လုရှောင်ယန်၏ ရှေ့သို့ရောက်လာပြီး ညီညီညွတ်ညွတ် ဦးညွှတ်လိုက်ကြသည်။

လုရှောင်ယန် ခေါင်းညိတ်လိုက်ပြီး သူ၏လက်ကို အနည်းငယ် မြှောက်လိုက်ကာ၊ "ထိုင်ကြ။"

"ဟုတ်ကဲ့" သုံးယောက်သား တစ်ယောက်ပြီးတစ်ယောက် ထိုင်ကြသည်။

လုရှောင်ယန်က ယွင်လီကောကို အရင်ရှင်းပြသည်။ "လီကော မင်းရဲ့ ရှေးဟောင်းကေရာဇ်ကျမ်းက စပြီးမကျင့်ကြံခင် ပျက်စီးခြင်းအကြောင်းကို ဦးစားပေးထားတယ်။ မင်းရဲ့ကိုယ်ပိုင် သွေးကြောတွေအကုန်လုံး ပျက်စီးသွားပြီးပြီ။ မင်း ထပ်ပြီးမကျင့်ကြံနိုင်တော့ဘူးလို့ထင်ရပေမယ့် တကယ်တော့ ဒါဟာ သာမန်လူတစ်ယောက်ရဲ့ ချည်နှောင်မှုကနေ မင်းကို လွတ်မြောက်စေခဲ့တာပဲ။ သာမန်လူတစ်ဦးက ကျင့်ကြံဖို့ ဝိညာဉ်စွမ်းအင်တွေ လည်ပတ်ဖို့ သူတို့ရဲ့ နှလုံးသွေးကြောကို အားကိုးဖို့ လိုအပ်တယ်။ ဒါပေမယ့် မင်းက မင်းရဲ့ ဒန်ထျန်နဲ့ တိုက်ရိုက်ကျင့်ကြံနိုင်ပြီး မင်းခန္ဓာကိုယ်ကို ဝိညာဉ်စွမ်းအင်တွေ ဖြန့်ကျက်လို့ရတယ်။ မင်း အရင်က ရှိခဲ့တဲ့ အတွေးတွေကနေ ခွဲထွက်ရမယ် ပြီးတော့ မင်းရဲ့ ခန္ဓာကိုယ်တစ်ခုလုံးကနေ ကမ္ဘာပေါ်မှာရှိတဲ့ အရာအားလုံးကို စုပ်ယူနိုင်အောင် ကျင့်ကြံရမယ်။"

လုရှောင်ယန်၏စကားကိုနားထောင်ပြီးသည်နှင့် ယွင်လီကော ချက်ချင်းတင်ပျဉ်ခွေထိုင်ကာ ရှေးဟောင်းကေရာဇ်ကျမ်းကို စတင်ကျင့်ကြံသည်။

ယခင်က၊ သူသည် ဝိညာဉ်စွမ်းအင်ကို စုပ်ယူသည့်အခါ အမြဲတမ်း ချုပ်တည်းထားခဲ့သည်။ အကြောင်းကတော့ အရင်ကဆို သူ၏ နှလုံးသွေး

ကြောဖြင့် လေ့ကျင့်သောအခါ၊ အချို့သော ဝိညာဉ်စွမ်းအင် သို့မဟုတ် ဒြပ်စင်များသည် သူ၏ခန္ဓာကိုယ်ထဲသို့ စုပ်ယူရန် မသင့်တော်သောကြောင့် ဖြစ်သည်။ သူ၏ နှလုံးသွေးကြောသည် အလွန်အားနည်းပြီး တွန်းကန်သည့် တုံ့ပြန်မှု ရှိတတ်သည်။ ထို့ကြောင့် သူသည် ချီသွေ့ဖယ်ခြင်းဖြစ်မှာ ကြောက်နေခဲ့သည်။

သို့သော်၊ သူ့ဆရာသခင်၏စကားကိုကြားပြီးနောက်မှာတော့ သူ့ကိုယ်သူ ထပ်မံ မထိန်းချုပ်တော့ဘဲ စိတ်ဝိညာဉ်စွမ်းအင်အားလုံးကို စိတ်ဆန္ဒရှိသည့်အတိုင်း တိုက်ရိုက်စုပ်ယူလိုက်သည်။ သူ တရားထိုင်သည့် အနေအထားသို့ ရောက်သွားသည်ကိုမြင်သော် လုရှောင်ယန် ကျေနပ်စွာ ခေါင်းညိတ်လိုက်ပြီး ကျီဝူရှားကို စိုက်ကြည့်လိုက်သည်။

ကျီဝူရှားသည်လည်း ချက်ချင်းပင် လေးနက်သွားသည်။

“စစ်မှန်သောဇာမဏီကိုးပါးအသွင်ပြောင်းခြင်းကို အဆင့် ကိုးဆင့် ခွဲထားတယ်။ အဆင့်တစ်ခုစီတိုင်းမှာ အယူအဆတွေက သိသိသာသာ ကွဲပြားသွားလိမ့်မယ်။ ဒါပေမယ့် အဆင့်အသစ်တွေက မင်းကို ပိုမိုသန်မာစေတယ်။ ဒီကျင့်ကြံခြင်းနည်းလမ်းကို အသုံးပြုတဲ့အတွက် မင်းက ပြာပုံထဲကနေ ပြန်လည်မွေးဖွားလာတဲ့ ဇာမဏီလိုဖြစ်လိမ့်မယ်လို့ ဆိုလိုတာပဲ။ ဒါ့ကြောင့် မင်း ကျင့်ကြံခြင်းနည်းလမ်းနဲ့ အယူအဆကို ကန့်သတ်ချက်ရောက်တဲ့အထိ ကျင့်ကြံပြီးတဲ့အခါတိုင်း၊ မင်းရဲ့ အတွေးအမြင်

တွေကို အသစ်ပြောင်းလဲပြီး နောက်တစ်ဆင့်ရဲ့ ဝိသေသလက္ခဏာတွေကို ခံစားသင့်တယ်။ ပြီးသွားတဲ့ကျင့်ကြံနည်းအတိုင်း ဆက်ပြီးကျင့်ကြံမယ်ရင်တော့၊ မင်းရဲ့ကြိုးစားအားထုတ်မှုက အချည်းနှီးပဲဖြစ်လိမ့်မယ်။”

“နားလည်ပါပြီ ဆရာ။” ကျီဝူရှားသည်လည်း ချက်ချင်း တရားထိုင်လိုက်သည်။

နောက်ဆုံးအနေနှင့် ဖုန်းထျန်းယွမ်၏ အလှည့်ပင်။

"ထျန်းယွမ် မပျက်စီးနိုင်သောရွှေရောင်ကိုယ်ထည်က လူတစ်ဦးရဲ့ ကြံ့ခိုင်ခြင်းနဲ့လုပ်ဆောင်တဲ့နည်းပညာတစ်ခုလို့ထင်ရတယ်။ ဒါပေမယ့် အမှန်တော့၊ အဲ့တာက လူတစ်ဦးရဲ့ စိတ်ဝိညာဉ်နှင့် အသိစိတ်ကို ပေါင်းစပ်ထားတဲ့ ကျင့်ကြံခြင်းနည်းလမ်း တစ်ခုပဲ။ ကိုယ်ခန္ဓာရဲ့ ကြံ့ခိုင်မှုကိုပဲ အားကိုးနေတာက ထူးခြားတဲ့အောင်မြင်မှုရလာမှာ မဟုတ်ဘူး။ အဲ့ဒါဆို မင်းရဲ့ မပျက်စီးနိုင်သော ရွှေရောင်ကိုယ်ထည်က စိတ်ပိုင်းဆိုင်ရာ ခွန်အားကို ကျင့်ကြံတဲ့ ကျွမ်းကျင်သူနဲ့ တွေ့ရင် အသုံးမဝင်ဖြစ်သွားမယ်လို့ ဆိုလိုမနေဘူးလား?"

"ဟမ်... ဟုတ်သားပဲ။ ကျွန်တော်သိနေတယ်။ တောင်ပင်လယ်တတိယအဆင့်ကို ရောက်ပြီးတဲ့နောက်ပိုင်း ရှေ့ဆက်မတိုးနိုင်တော့ဘူးဖြစ်နေတာ။ အဲဒီတော့ ပြဿနာက ဒါပေါ့။”

ဖုန်းထျန်းယွမ်သည်လည်း ပြောရင်းဆိုရင်း ချက်ချင်းပင်တင်ပျဉ်ခွေထိုင်ကာ ကျင့်ကြံတော့သည်။

လုရှောင်ယန်၏ လမ်းညွှန်မှုဖြင့် သူတို့ သုံးယောက်၏ ကျင့်ကြံမှု လျင်မြန်စွာ တိုးတက်လာခဲ့သည်။ ယခင်က သူတို့၏ကျင့်ကြံခြင်းမှာ တစ်လနှစ်လကြာ ရပ်တန့်နေခဲ့သည်။ ဤအခိုက်အတန့်တွင် သူတို့သည် လျင်မြန်စွာ ဖြတ်ကျော်ပြီး သူတို့၏ ကျင့်ကြံဆင့်ကို နောက်တစ်ဆင့်တက်နိုင်လာကြသည်။

သူတို့ကျင့်ကြံဆင့်များ တိုးလာသည်နှင့်အမျှ သူတို့ သုံးဦးသည် ဝိညာဉ်စွမ်းအင်ကို ပိုမိုမြန်ဆန်စွာ စုပ်ယူလိုက်ကြသည်။ အခန်းငယ်လေးတစ်ခုလုံးသည် ဝိညာဉ်စွမ်းအင်ကို အရူးအမူး စုပ်ယူနေသည်မှာ ရေဝဲတစ်ခုဖြစ်နေသလိုပင် ထင်ရသည်။

သူတို့၏ ခန္ဓာကိုယ်အတွင်း ကျင့်ကြံဆင့်သည် မျက်စိဖြင့် မြင်သာသောနှုန်းဖြင့် အဆက်မပြတ် တိုးလာနေသည်ကို ခံစားသိရှိလိုက်ရာ လုရှောင်ယန်၏ နှုတ်ခမ်းထောင့်များသည် အနည်းငယ် ကွေးညွတ်သွားသည်။

“တကယ်တော့ ဒီလို အမြတ်ထွက်ရတဲ့ ခံစားချက်က တော်တော်လေး ကောင်းတာပဲ…..”

***

## *အခန်း ၁၅ ကျီရွှေ့ တောင်ထိပ်က မကောင်းဆိုးဝါးတွေပြည့်နေတယ်...*

တပည့်သုံးယောက်ကို သင်ကြားပေးပြီးနောက် လုရှောင်ယန်သည် ကျီရွှေ့ တောင်ထိပ်တွင် ဝိညာဉ်စွမ်းအင်အကာအရံကို ဖန်တီးလိုက်သည်။ ဤသို့ပြုလုပ်ခြင်းဖြင့် ယွင်လီကောနှင့် ကျန်တပည့်နှစ်ယောက်တို့ ဝိညာဉ်စွမ်းအင်ကို ပိုမိုမြန်ဆန်စွာစုပ်ယူနိုင်စေရန်အတွက် ဝိညာဉ်စွမ်းအင်ကို တိုးမြှင့်သွားစေသည်။

ထိုအကာအရံချပြီးနောက် လုရှောင်ယန်သည်လည်း သူ၏ အခန်းထဲကို ပြန်သွားကာ စတင်ကျင့်ကြံတော့သည်။

ယွင်လီကောနှင့်အခြားနှစ်ယောက်ပေါင်း ကျင့်ကြံနှုန်းအရှိန်သည်ပင် သူ့လောက်မမြန်ပေ။

သူတို့သုံးယောက်၏ ကျင့်ကြံမှုနှင့် သူ့ကိုယ်ပိုင် ကျင့်ကြံမှုအပါအဝင် သူ လိပ်နက် ဂိုဏ်းကိုမသွားခင် အနှစ်သာရခိုင်မြဲခြင်းအဆင့်ကို တက် ရောက်နိုင်မလားဆိုတာ သူသိချင်သည်။

"အနှစ်သာရခိုင်မြဲခြင်းအဆင့်ကလူတွေက မြေကြီး၊ ရေ၊ လေနဲ့ မီးကို ရောနှောလို့ရတယ်။ သူတို့မှာ အားသာချက်တွေ အများကြီးရှိတယ်။ သူတို့ ဘယ်လောက် အစွမ်းထက်တယ် ဆိုတာ ငါ သိချင်မိတယ်..."

လုရှောင်ယန် ထိုသို့ပြောရင်း တင်ပျဉ်ခွေထိုင်ကာ အားထုတ် ကျင့်ကြံတော့သည်။

အချိန်တွေကုန်တာမြန်သည်။ မျက်စိတစ်မှိတ်အတွင်းမှာပင် ညဉ့်နက်နေပြီဖြစ်သည်။ လီတောက်ယန်တစ်ယောက်လည်း အိပ်ချင်မူးတူးဖြင့် နိုးထလာခဲ့သည်။

သူသည် ခေါင်းကို ပြင်းပြင်းထန်ထန် ခါယမ်းလိုက်ပြီး အိပ်ချင်စိတ်ကို ဖျောက်လိုက်သည်။ ထို့နောက် ဖြည်းညှင်းစွာ ထရပ်လိုက်ပြီး အခန်းတံခါးကိုဖွင့်ကာ သူ့အကျီကို ကြယ်သီးတပ်လိုက်သည်။

ဂစ်...

လီတောက်ယန် လေချဉ်တစ်ချက်တက်ပြီး အပြင်ကို လှမ်းကြည့်လိုက်သည်။ နေရာတိုင်းတွင် မြူမှုန်များဖြင့် ဖုံးလွှမ်းလို့နေသည်။

"ဟင်...ဘာလို့ မြူတွေလဲ? ကျီရှွေ့ တောင်ထိပ်က ပတ်ဝန်းကျင်က မကောင်းပါလား။ ငါ့တောင်ထိပ်လောက် မကောင်းဘူး။"

လီတောက်ယန် ထိုသို့ ရေရွတ်ပြီး တံခါးမှ ထွက်လာသည်။ အအေးဒဏ်က သူ့ကို တိုက်ခတ်လာသော်လည်း ချမ်းအေးမှုကို မခံစားရစေရုံသာမက သူ၏ခန္ဓာကိုယ်ထဲသို့ စိမ့်ဝင်သွားပြီး လန်းဆန်းမှုကို ခံစားရစေသည်။

"အင်း..."

လီတောက်ယန် အံ့ဩသွားပြီး ရုတ်တရက် နိုးလာသည်။ သူ၏ မျက်လုံးတွေကို ပြင်းပြင်းထန်ထန် ပွတ်သပ်ပြီး ရှေ့ကို လှမ်းကြည့်သည်။

"သေစမ်း...ဒါက မြူမဟုတ်ဘူး။ ဒါက ဝိညာဉ်စွမ်းအင်ပဲ။ ဝိညာဉ်စွမ်းအင်တွေ စုစည်းမှု များလွန်းလို့ မြူခိုးတွေလို ဖြစ်လာတာ။ လောင်လုက ကျင့်ကြံဖို့ အကာအရံ လုပ်ထားတာလား။ သူ တကယ် ကြိုးစားတာပဲ။" လီတောက်ယန် သူ၏လက်ကို နောက်ပစ်ပြီး တောင်ပေါ်မှ ဆင်းလာခဲ့လိုက်သည်။

"တစ်ခါတစ်လေ လောင်လု ဘာလို့များ တစ်ချိန်လုံး ပြင်းပြင်းထန်ထန် ကျင့်ကြံနေတာလဲလို့ စဉ်းစားမိတယ်။ ငါတို့အားလုံးက သာမာန်လူတွေပါ။ ကျင့်ကြံတာကို ပေါ့ပေါ့ပါးပါး လုပ်လို့ရပါတယ်။ အရည်အချင်းမရှိရင် မင်းဘယ်လောက်ပဲ ခက်ခက်ခဲခဲ ကျင့်ကြံနေပါစေ ထိပ်တန်းအဆင့်ကို ရောက်နိုင်မှာ မဟုတ်ဘူး။"

သူထိုသို့ ပြောပြီးမကြာခင် ဖြူဖွေးနေသည့် မြူခိုးတွေထဲ လုံတစ်ချောင်းနှင့် ဂုဏ်ယူစွာ ရပ်နေသည့် သူကို တွေ့လိုက်သည်။

"အယ် အဲ့လူကို နည်းနည်းရင်းနှီးနေတယ်။ ဒါ လောင်လုရဲ့အကြီးဆုံးတပည့် ယွင်လီကော မဟုတ်လား?"

“ကျွတ်..ကျွတ် နောက်တောင်ကျနေပြီကို သူကတော့ အပြင်မှာ ကျင့်ကြံနေတုန်းပဲ။ တော်တော်လေးနက်နေတာပဲ။ လောင်လု ရဲ့တပည့်က သူနဲ့တစ်ပုံစံထဲပဲ။”

လီတောက်ယန် သက်ပြင်းတိုတိုချက အကဲဖြတ်နေသည်။

"ဒီကလေး ယွင်လီကောက သူ့သွေးကြောတွေအကုန်လုံး ပျက်စီးသွားတဲ့အထိ အရိုက်ခံခဲ့ရပုံပေါ်တယ်။ လောင်လုက သူ့ နှလုံးသွေး

ကြောတွေကို ပြုပြင်ဖို့ ကူညီခဲ့ရင်တောင် သူ့အတွက် အများကြီး တိုးတက်ဖို့ မဖြစ်နိုင်တော့ဘူး။ သူ့ရဲ့ လက်ရှိ ခန္ဓာကိုယ်နဲ့၊ စိတ်ခန္ဓာသန့်စင်ခြင်းဒုတိယ ဒါမှမဟုတ် တတိယအဆင့်ကို ဖြတ်ကျော်နိုင်ရင်ကို သူ့အတွက် မဆိုးပါဘူး။"

သူစကားပြောနေစဉ် ယွင်လီကောသည် ရုတ်တရက် မျက်လုံးပွင့်လာကာ မိုးကြိုး နှစ်စင်း ထွက်ပေါ်လာပြီး မဝေးလှသော သစ်ပင်ဆီသို့ တည့်တည့် ပစ်လွှတ်လိုက်သည်။

ထို့နောက် ချက်ခြင်းပင်၊ သူ၏လှံကို နဂါးတစ်ကောင်ကဲ့သို့ ပစ်လွှတ်လိုက်လေသည်။

နဂါးဟိန်းသံ…

ယွင်လီကောသည် အော်ဟစ်ပြီး သူ၏လက်ထဲက လှံကို ဝှေ့ယမ်းလိုက်ရာ စူးရှသောအလင်းတန်းသည် ဥက္ကာပျံကဲ့သို့ လွင့်ထွက်သွားပြီး တခဏချင်းမှာပဲ မီတာ ၂၀၀ ကျော် ကျယ်တဲ့ လှိုကြီးတစ်ခုပင် ဖြစ်သွားစေသည်။

"သေစမ်း.."

လီတောက်ယန်၏ မျက်လုံးများ ပြူးကျယ်သွားပြီး ပါးစပ် အဟောင်းသားဖြစ်သွားသည်။

ယွင်လီကော၏ တိုက်ခိုက်မှုသည် သူ့ထက်ပင် ပိုပြင်းထန်နေသည်လား?

မှားများမြင်မိတာလား?

ယွင်လီကောသည် ပျက်စီးသွားနေသောသွေးကြောများနှင့် အသုံးမဝင်သူဖြစ်သွားပြီမဟုတ်ဘူးလား? ဤမျှလောက် အစွမ်းထက်သော အစွမ်းသတ္တိနှင့် ခွန်အားကို ဘယ်လိုလုပ်များ ပိုင်ဆိုင်နေတာလဲ?

သူသည် ကောင်းကင်နတ်ဆိုးဂိုဏ်းတွင် လအနည်းငယ်သာ နေရသေးသည်။ လုံ့လဝီရိယအပြည့်ဖြင့် ကျင့်ကြံလျှင်ပင် ဤမျှတိုးတက်ဖို့ မဖြစ်နိုင်ပေ။

တစ်ခုခုတော့ မှားနေပြီ။ တစ်ခုခုတော့ အရမ်းမှားနေပြီ။

လီတောက်ယန်၏ မျက်စံအိမ်များသည် ကျဉ်းမြောင်းလာသည်။

ယွင်လီကောက သူလျှိုဖြစ်နိုင်မလား? တခြားဂိုဏ်းတွေကနေပြီး ကောင်းကင်နတ်ဆိုးဂိုဏ်းမှာ သူလျှိုအဖြစ် အထူး ဆောင်ရွက်ဖို့ စေခိုင်းခံထားရသူများ ဖြစ်နေမလား?

"မဟုတ်ဘူး၊ ငါ အမြန်ပြန်သွားပြီး လောင်လုကိုပြောရမယ်။"

သူ ကမန်းကတန်း ပြန်ပြေးသွားသည်။ သူဝေးဝေးမရောက်ခင် အကွာအဝေးတစ်ခုတွင် ပြီးပြည့်စုံသော ပုံရိပ်ကိုတွေ့လိုက်သောအခါ သူရပ်တန့်လိုက်သည်။

"အဲ့ဒါ ကျီဝူရှား လား...သူမလည်း တကယ်ကြီး ညဘက်မှာ ကျင့်ကြံနေတာလား?"

လီတောက်ယန် သိချင်စိတ်အပြည့်ဖြင့် တိတ်တဆိတ် ချဉ်းကပ်ပြီး စိုက်ကြည့်လိုက်သည်။

သိပ်မကြာလိုက်ပါဘဲ ကျီဝူရှား၏နောက်တွင် ဆယ်မီတာမြင့်သော ဇာမဏီသဏ္ဌာန်ပေါ်လာကာ တိုးညှင်းစွာအော်လိုက်သည်။

ဇာမဏီသည် ၎င်း၏အတောင်ပံများကို တဖျတ်ဖျတ် ခတ်လိုက်သောအခါ၊ ၎င်း၏ရှေ့ရှိ ဝိညာဉ်စွမ်းအင်ကြောင့် ဖြစ်ပေါ်လာသော မြူမှုန်များအားလုံးသည် ဟာရီကိန်းမုန်တိုင်းတစ်ခုကဲ့သို့ လှုပ်ခတ်သွားသည်။

"သေစမ်း.."

လီတောက်ယန် ကြောက်ရွံ့တုန်လှုပ်သွားပြန်သည်။ ယွင်လီကော၏ ကျင့်ကြံဆင့်ပင် တော်တော်လေး ပုံမှန်မဟုတ်ပေ။ အခုတော့ သူ့ထက် ပိုပုံမှန်မဟုတ်သည့် ကျီဝူရှား ပေါ်လာပြန်ပြီ။

"ငါပြေးတာ ပိုကောင်းတယ်"

လီတောက်ယန်တစ်ယောက် လုံး၀ သတိမလွတ်ဝံ့တော့ဘဲ လုရှောင်ယန်၏အိမ်သို့ ချက်ချင်း ထွက်ပြေးတော့သည်။

ထိုအချိန်တွင် ပြင်းထန်သော ပေါက်ကွဲသံနှင့်အတူ မနီးမဝေးရှိ အိမ်ငယ်လေးသည် ရွှေရောင်အလင်းတန်းကြောင့် ရုတ်တရက် ပြိုကျသွားသည်။ ချက်ချင်းပင် လီတောက်ယန်သည် ကြီးမားသည့်

ရွှေရောင်ဘီလူးကြီးတစ်ကောင် အိမ်ကနေ ထွက်လာတာကို တွေ့လိုက်ရသည်။ တစ်ဖက်သူ၏ ကျင့်ကြံဆင့်သည် သူ၏ ကျင့်ကြံဆင့်ကို အဆင့်တစ်ခုစာလုံး သာလွန်ပြီး တောင်တန်းပင်လယ်ဘုံသို့ ရောက်ရှိနေပြီဖြစ်သည်။

"သေတာပဲ"

ဆက်တိုက် ကြောက်စရာကောင်းသော တိုက်ခိုက်မှုများကြောင့် လီတောက်ယန်သည် လုံးလုံးလျားလျား ပြိုလဲသွားခဲ့သည်။ သူ အမှန်တကယ်ပင် တုန်လှုပ်သွားကာ ကြောက်ရွံ့မှုကြောင့် မေ့လဲသွားသည်။

အချိန်အတော်ကြာပြီးနောက်၊ လီတောက်ယန်သည် နားထဲတွင် အသံတစ်ခုကြားရပြီး လန့်နိုးလာသည်။

"ဆရာဦးလေးလီ အဆင်ပြေရဲ့လား?"

"သူ သေတော့မှာလား?"

“အဆင်ပြေမှာပါ။ ဆရာဦးလေးလီက သာမန်လူတစ်ယောက်မှ မဟုတ်တာ။”

လီတောက်ယန် ဖြည်းညှင်းစွာ မျက်လုံးဖွင့်ကြည့်လိုက်သော် ယွင်လီကောနှင့် အခြားနှစ်ယောက်ကို တွေ့လိုက်ရသည်။

မျက်လုံးရှစ်လုံးသည် တစ်ယောက်ကိုတစ်ယောက် ကြည့်မိကြပြီး လေထုသည် ခဏတာ တိတ်ဆိတ်သွားသည် ။

ခဏအကြာတွင် ယွင်လီကော က ပြုံးပြပြီး ပြောသည်။
"ဆရာဦးလေးလီ  အဆင်ပြေရဲ့လား?"

“ရပ်လိုက်၊ ငါ့အနားကို မလာနဲ့။ ငါနဲ့ ဝေးဝေး နေပါ။"

လီတောက်ယန်သည် ခုခံကာကွယ်သည့်ပုံစံမျိုး ပြုလုပ်နေတာကြောင့် ယွင်လီကောကို အနည်းငယ် အရှက်ရသွားစေသည်။

သူသည် နှာခေါင်းကို တို့ထိပြီး ချက်ချင်းပြောသည်။

"ဆရာဦးလေးလီ  ဘာမှားလို့လဲ? ကျွန်တော်က လီကောပါ။"

လီတောက်ယန်ကတော့ သတိအပြည့်နှင့်ပင်။

"ငါ ရှောင်ယန်ကိုတွေ့ချင်တယ် ရှောင်ယန်ကိုတွေ့ဖို့ ခေါ်သွားပေး။"

"ဒါပေမယ့် ဆရာက တံခါးပိတ်ကျင့်ကြံနေတယ်။"

“ငါ ဂရုမစိုက်ဘူး။ ရှောင်ယန်ကလွဲပြီး တခြားဘယ်သူမှ ရှေ့တိုးမလာနဲ့။ မဟုတ်ရင် မင်းတို့ကို သေတဲ့အထိ တိုက်မယ်။ ပြီးမှ နှလုံးသားမဲ့လို့ ငါ့ကို အပြစ်မတင်နဲ့။"

လီတောက်ယန် ဘာလုပ်နေသည်ကို နားမလည်ကြပဲ သုံးယောက်သား တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြသည်။

သူတို့ ထိုသို့ စိတ်ရှုပ်နေစဉ်မှာပဲ လုရှောင်ယန်၏ အသံက အနောက်ကနေ ရုတ်တရက် ထွက်ပေါ်လာသည်။

"မင်းတို့ ထွက်သွားလို့ရပြီ။"

“ဆရာ..။”

သုံးယောက်သား လှည့်၍ ဦးညွှတ်ကြသည်။ လီတောက်ယန်သည် သူတို့ သုံးယောက်ကို ဖြတ်ကျော်၍ လုရှောင်ယန် ဆီပြေးသွားကာ၊ "လောင်လု ၊ ငါမင်းကိုပြောမယ်။ မင်းရဲ့ ကျီရွှေ့ တောင်ထိပ်မှာ သူလျှို သုံးယောက် ရှိတယ်။"

လုရှောင်ယန်၏ မျက်လုံးများ အနည်းငယ် ရွှေ့လျားကာ ယွင်လီကောနှင့် အခြားနှစ်ယောက်ကို အချက်ပြလိုက်သည်။ သုံးယောက်သား ချက်ချင်းပြန်ဆုတ်သွားကြသည်။ ထို့နောက် လီတောက်ယန်က ဆက်လက်၍ ပြောသည်။

“ငါ မင်းကို ပြောပြမယ်။ မင်းရဲ့တပည့်သုံးယောက်ရဲ့ ကျင့်ကြံဆင့်တွေက သောက်ရမ်းကိုမြင့်တာ။ သူတို့ရဲ့ ကျင့်ကြံဆင့်က ငါတို့ထက်တောင် မြင့်သေးတယ်။ ဟို ယွင်လီကောရဲ့ လှံစွမ်းအားက စိတ်ဝိညာဉ်ပဥ္စမအဆင့်ထက် မနိမ့်တာ သေချာတယ်။ ကျီဝူရှားမှာလည်း  ကြီးမားလွန်းတဲ့ ဇာမဏီပုံရိပ် ရှိတယ်။ အဲ့ဒီလိုအဆင့်မျိုးရှိတဲ့ ကျင့်ကြံနည်းစနစ်ကို ငါ တစ်ခါမှ မမြင်ဖူးဘူး။"

“ကြောက်စရာအကောင်းဆုံးက မင်းရဲ့အငယ်ဆုံးတပည့် ဖုန်းထျန်းယွမ်ပဲ။ ခန့်မှန်းကြည့်ရသလောက်တင် သူ့ ကျင့်ကြံဆင့်က တောင်တန်းပင်လယ်မှာ ရှိတယ်…."

***

စာစဉ် ၃ ပြီး၏။